
www.burmeseclassic.com

# ဒရုန်ရွှေများ

# လလေ ။ တလွှလေ

နှင့်

## ဖြစ်ရပ်ဆန်းကြယ်ဝတ္ထုများ



www.burmeseclassic.com

www.burmeseclassic.com



# ဒဂုန်ရွှေမျှား

# လူလော၊ တစ္ဆေလော

နှင့်

ဖြစ် ရပ် ဆန်း ကြယ် ဝတ္ထု များ

ပထမအကြိမ်စုစည်းမှု



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၃၇၁၀၅၀၄
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၈၉၀၅၀၅

❖

**ပုံနှိပ်ခြင်း**

ပထမအကြိမ် - (၂၀၀၅၊ ဇွန်လ)
အုပ်ရေ - (၅၀၀)

❖

မျက်နှာဖုံး - ဇေယျာ
ကွန်ပျူတာစာစီ - *Quality*
အတွင်းဖလင် - *Quality*

❖

**ပုံနှိပ်သူ**

ဒေါ်စိန်စိန် (ရောင်စဉ်အော့ဖ်ဆက်) (၀၅၄၀၄)
အမှတ် (၁၆၃)၊ (၄၈) လမ်း၊ ရန်ကုန်မြို့။

❖

**ထုတ်ဝေသူ**

ဦးမြင့်ထွန်း (မြ) (၀၃၉၀၆)၊
၁၅၃၊ ၅(က)လွှာ၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖

တန်ဖိုး - ၇၀၀ - ကျပ်

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ဆန်းကြယ်သော ကလဲ့စား | ၁ |
| ၂။ | အခွင့်ကောင်းတစ်ချက် | ၂၂ |
| ၃။ | ကောက်ကျစ်သူများရသော လာဘ် | ၄၄ |
| ၄။ | တန်ပြန်အကျိုးပေး | ၅၆ |
| ၅။ | လူလော၊ တစ္ဆေလော | ၇၅ |
| ၆။ | အပြစ်မဲ့လူသတ်မှု | ၈၇ |


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ဆန်းကြယ်သော ကလှဲစား

ကိုလေးမောင်နှင့် မလေးခင်တို့မှာ ညီအစ်ကို မောင်နှမအရင်းများ ဖြစ်ကြသည်။ အစ်ကိုဖြစ်သူ မောင်လေးမောင် အသက် ၃၀ ရှိသော အချိန်တွင် မလေးခင်မှာ ၂၀ နှစ်မျှသာရှိသေး၏။

မောင်လေးမောင်သည် အရပ်ပု၍ အတန်ငယ် လက်ပြင်ကုန်း၏။ အလွန်လို၍ သေးကွေးသော လူတစ်ယောက်လည်း ဖြစ်လေသည်။ နှမဖြစ်သူ မလေးခင်မှာမူ အသားမဖြူမညိုမျှသာရှိသော်လည်း အချိုးအစားကျသော ကိုယ်လုံးကိုယ်ပေါက်ရှိပြီးလျှင် လှပသည်ဟု မဆိုနိုင်စေကာမူ ယောကျ်ားများအား ဖိတ်ခေါ်နေသကဲ့သို့ ချိုသာရွှင်ပျသော မျက်နှာမျိုးရှိသူ ဖြစ်လေသည်။

မိဘများ သေဆုံးသွားပြီးနောက် မောင်လေးမောင်မှာ စာပို့လုလင်၊ ရုံးပြာတာ၊ အခွန်တော်စာရေး၊ ရုံးစာရေး၊ တောလိုက်စာရေးမှစ၍ ဖြစ်သလို လုပ်ကိုင် စားသောက်ခဲ့ရရာ နှမဖြစ်သူ မလေးခင်မှာ ဈေးသည် ဘဝမှ ဇာတ်အဖွဲ့တစ်ဖွဲ့တွင် ယိမ်းသမဖြစ်ခဲ့၏။ သို့ရှိစဉ် အနောက်ပိုင်းမှ ဩဇာတိက္ကမနှင့် ပြည့်စုံသော ဟိုတယ်ပိုင်ရှင်တစ်ဦး၏ မထင်မရှားသိမ်းပိုက်ထားခြင်း ခံခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ယိမ်းသမအလုပ်မှာ အတော်အတန်အောက်ကျသည်ဟု ယူဆကြသော်လည်း မောင်လေးမောင်၏ စိတ်၌မူ စင်ကြယ်သော အသက်မွေးမှုတစ်ခုဖြစ်၍ သုခုမပညာလေ့လာမှုတစ်ရပ်လည်း ဖြစ်သည်ဟု ယူဆပြီးလျှင် သဘောတူညီခဲ့၏။ သို့သော် ယင်းအလုပ်မှ ပိုက်ဆံကြေးငွေပို၍ရသော ဟိုတယ် စားပွဲထိုးအလုပ်သို့ ကူးပြောင်းခဲ့ပြီးလျှင် ၎င်းမှတစ်ဖန် ဟိုတယ်ပိုင်ရှင်က အငယ်အနှောင်းအဖြစ်ဖြင့် မထင်မရှားသိမ်းပိုက်ထားသည်ဟု ကြားသိရသောအခါ မောင်လေးမောင်မှာ ဆတ်ဆတ်ခါမျှ အသည်းနာမိ၏။ သို့သော် မလေးခင်မှာ သူ့အလုပ် သူ့အကိုင်နှင့် သူ့ကိုယ်သူပိုင်သော မိန်းမကြီး ဖြစ်နေပြီဖြစ်၍ မည်သို့မျှ မတတ်နိုင်ပေ။

တစ်နေ့သ၌ မလေးခင်သည် မိမိကိုယ်ကို မိမိသတ်သေကြောင်း ကြားသိရသဖြင့် မောင်လေးမောင်မှာ ငယ်စဉ်က အဖြစ်အပျက်များ ပြန်ပြောင်း အောက်မေ့ကာ ပူပန်မိရှာ၏။ မိမိကိုယ်တိုင် ဆင်းရဲသဖြင့် ထောက်ပံ့ကြည့်ရှုခြင်း မပြုနိုင်သောကြောင့် နှမဖြစ်သူမှာ ဟိုတယ်စားပွဲထိုးဘဝသို့ ရောက်သွားရကြောင်း၊ နောက်ဆုံးတွင် ဟိုတယ်ပိုင်ရှင်၏ အငယ်အနှောင်းဖြစ်ကာ မိမိ၏ဘဝကို ယခုကဲ့သို့ သနားစဖွယ် ဇာတ်သိမ်း၍ သွားရရှာကြောင်းများကို စဉ်းစားမိသောအခါ သာ၍ပင် စိတ်မကောင်းဖြစ်မိတော့၏။ ထို့ထက်ပို၍ စိတ်မကောင်း ဖြစ်မိသောအရာမှာ မလေးခင်ထံမှ သူမသေမီ သူ၏လက်ရေးဖြင့် ပို့လိုက်သော စာတစ်စောင်နှင့် ပါဆယ်ထုပ်ကလေးပေါ်တွင် ရေးသားထားသော လက်ရေးမှာ မလေးခင်၏လက်ရေးဖြစ်ကြောင်း မောင်လေးမောင် ကောင်းစွာသိရှိလေသည်။ မလေးခင်သည် အဆိပ်ခွက်ကို မကိုင်မီ သူ၏ လက်ကလေးဖြင့် ဤစာကို နောက်ဆုံးရေးခဲ့ဟန် တူလေသည်။

မောင်လေးမောင်သည် စာကို အကြိမ်ပေါင်းများစွာ ထပ်ခါ ထပ်ခါ ဖတ်၍ကြည့်၏။ ဆွေမျိုးဉာတိဟူ၍ မရှိဘဲ မောင်နှမနှစ်ယောက်တည်းသာရှိနေသော မောင်လေးမောင်မှာ လောကကြီးတွင် ချစ်ခင်တွယ်တာရမည့်သူဟူ၍ မရှိတော့ချေ။

ဟိုတယ် စားပွဲထိုးဆိုသည်မှာ စားသောက်ဖွယ်များကို စားပွဲပေါ်သို့ သာမန်ချပေးရသော အလုပ်မဟုတ်ဘဲ ယောကျ်ားဧည့်သည်များအား ဤနေရာသို့ နောက်တစ်ကြိမ်ထပ်၍ လာချင်အောင် အမျိုးမျိုးသော နည်း



www.burmeseclassic.com

www.burmeseclassic.com



ပရိယာယ်ဖြင့် မြှူဆွယ်သွေးဆောင်ရသော အလုပ်ဖြစ်လေသည်။ ပထမ၌ အလုပ်ကို ပေါ့ပေါ့ဆဆ ထင်မှတ်မိသော်လည်း ရက်အနည်းငယ်မျှ ကြာသောအခါ စက်ဆုပ်ငြီးငွေ့လာသဖြင့် မလေးခင်သည် အလုပ်မှထွက်ရန် ဆိုင်ရှင်ထံ အခွင့်တောင်းလေရာ ထိုအခါ၌ ဟိုတယ်ပိုင်ရှင်သည် မလေးခင်အား ချော့မော့ နှုးနှပ်ကာ တစ်ချက်ခုတ်နှစ်ချက်ပြတ် သိမ်းပိုက်လိုက်ခြင်း ဖြစ်လေသည်။ ဟိုတယ်ပိုင်ရှင်မှာလည်း အခြားသူမဟုတ် မောင်လေးမောင်နှင့် ငယ်စဉ်က တစ်ရွာတည်း တစ်ကျောင်းတည်း နေခဲ့ဖူးသော 'ချက်ကြီး' ဆိုသူဖြစ်လေသည်။

ချက်ကြီးသည် အရုပ်အမောင်းမြင့်မားထွားကျိုင်း၍ အားခွန်ဗလနှင့် ပြည့်စုံ၏။ ကျောင်းနေစဉ်ကပင် သူနှင့် အားချင်းမမျှသော ကျောင်းသားကလေးများ အပေါ်တွင် အနိုင်ကျင့်တတ်၏။ မောင်လေးမောင်မှာ ငယ်စဉ်ကပင် လိုလိုကင်းကင်း သူငယ်တစ်ယောက်ဖြစ်ရာ ချက်ကြီး၏ အနိုင်ကျင့်မှု၊ မတရားညှဉ်းဆဲမှုများကို အခြားသူများထက် အခြားကျောင်းသားများထက် ပို၍ခံရသူဖြစ်၏။ တစ်ခါတွင် သရက်သီးကို ပစ်ချလိုက်သော မောင်လေးမောင်၏ ခဲတစ်လုံးသည် ချက်ကြီး၏ ဦးခေါင်းကို မတော်တဆ ထိမှန်လေရာ ချက်ကြီးသည် မောင်လေးမောင်၏မျက်နှာကို လက်သီးဖြင့် တစ်ချက် စွပ်၍ထိုးလိုက်၏။ ချက်ကြီး၏ဦးခေါင်းမှာ ဖူးရောင်ရုံမျှ ဖူးရောင်၍သွားသော်လည်း မောင်လေးမောင်၏ နှာခေါင်းမှာ အရိုးကျိုး၍ သွားပြီးလျှင် တစ်လနီးပါးမျှ ဘုန်းကြီးက ဆေးဝါးကုသပေးရလေသည်။ သို့နှင့် မောင်လေးမောင်၏ နှာခေါင်းမှာ အလယ်တွင် အတန်ငယ် နိမ့်လျက် ရှိနေလေသည်။ တစ်ကြိမ်တွင်လည်း ချက်ကြီးသည် မောင်လေးမောင်၏ လက်ဝဲဘက်လက်ကို ကျီစားသလိုနှင့် နောက်မှ လိမ်ဖူးရာ မောင်လေးမောင်မှာ အသက်ကြီးသည်အထိ ရာသီဥတုအေးသောအခါများတွင် လက်မောင်းတစ်ဖက် ကိုက်လျက်နေခဲ့လေသည်။

ကြီးပြင်းလာကြ၍ မိမိတို့အလုပ်အကိုင်နှင့် မိမိတို့ရှိနေကြသော အခါ မောင်လေးမောင်မှာ ကောင်းမွန်စွာ အသက်မွေးမြူနေထိုင်သည်နှင့် အမျှ ချက်ကြီးမှာ အနောက်ပိုင်းရှိ တရုတ်ကလပ်များသို့ လှည့်လည်ချက်စားကာ နောက်ဆုံး ဆိုးခိုး တိုက်ခိုက်ခြင်းစသော မကောင်းမှု အမျိုးမျိုးဖြင့် အသက်မွေး ဝမ်းကျောင်းရှာဖွေခဲ့လေသည်။ သို့နှင့် ၃ နှစ်ခန့်တွင်၊ တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



နှင့်တစ်ဦး တွေ့ဆုံခဲ့ခြင်း မရှိဘဲ ချက်ကြီးသည် မိမိ၏နှမ မလေးခင်နှင့် အကြောင်းပါသည်ဟူသော သတင်းကိုသော မောင်လေးမောင် ကြားရ၏။ ထို့နောက် ၆ လခန့်မျှကြာ ရှိသောအခါ ချက်ကြီးသည် မိမိ၏နှမအား စွန့်ပစ်လိုက်ပြီဟူသော သတင်းနှင့် မရေးမနှောင်းပင် မလေးခင် သတင်းကို ကြားရပြန်၏။ ထိုနေ့၌ပင် စာတိုက်မှ မလေးခင် လက်ရေးဖြင့် ရေးလိုက်သော စာတစ်စောင်ကို ပါဆယ်ထုပ်ကလေးနှင့်အတူ ရရှိခဲ့ခြင်းဖြစ်လေသည်။

စာတွင် ချက်ကြီးသည် **မိမိအား စွန့်ပစ်လိုက်ကြောင်း၊** ထိုအခါ မိမိမှာ ကမ္ဘာပေါ်တွင် အစ်ကိုရင်း **တစ်ယောက်သာ** ကြည့်ရှုစောင့်ရှောက်မည့်သူရှိသည် မှန်သော်လည်း အစ်ကိုအား မျက်နှာမပြဝံ့တော့ဘဲ မိမိ၏ဆိုးရွား ညစ်ညမ်းလှသော ဘဝကို အဆိပ်ဆေးဖြင့် အဆုံးသတ်လိုက်ရကြောင်းဖြင့် ရေးသားထား၏။

ပါဆယ်ထုပ်ကလေးမှာ ချက်ကြီးနှင့်ပေါင်းသင်းနေထိုင်ရသော ၆ လအတွင်း မိမိဘဝဖြစ်စဉ်နှင့်တကွ ချက်ကြီး၏အပေါင်းအသင်းများ၊ လူသတ်ဂိုဏ်းနှင့် ဓားပြဂိုဏ်းများတွင်ပါဝင်သော ချက်ကြီး၏အပေါင်းအသင်းများ မည်သည့်နေ့၊ မည်သည့်ရက်၊ မည်သည့်နေရာတွင် ချက်ကြီးနှင့် သူ၏တပည့်တပန်းများသည် မည်ကဲ့သို့သော ရာဇဝတ်ပြစ်မှုကို ကျူးလွန်ကြကြောင်းများကို အတိအကျ ရေးသားဖော်ပြထား၏။ ထို့အပြင် ရန်ကုန် မြို့ပေါ်၌ လျှို့ဝှက်စွာတည်ထောင်ထားသော ကလပ်များ၊ ဘိန်းနှင့် ရွှေချောင်းများ ခိုးသွင်းနေသည့် နေရာဌာနများနှင့် နာမည်ကြီးလူဆိုးများ၏ အမည်၊ နေရပ် လိပ်စာများပါရှိလေသည်။ လူဆိုးများ နာမည်စာရင်းနှင့် ပြစ်မှုကျူးလွန်သည့် နေရာများတွင် "မှတ်ဆိတ်" ဆိုသူ၏အမည်မှာ မကြာခဏ ပါရှိ၏။ ဤဒိုင်ယာရီ နေ့စဉ်မှတ်တမ်းစာအုပ်ကလေးမှာ ရဲဘက်သို့ ရောက်ရှိသွားက လွန်စွာပင် အသုံးဝင်ပေလိမ့်မည်။

မလေးခင်၏အသုဘမှာ ဆေးရုံကြီးမှ သုသာန်သို့ ပို့ဆောင်ရသဖြင့် မလေးခင် နေထိုင်ခဲ့သည့် အိမ်ကိုပင် မောင်လေးမောင် မသိရချေ။ အသုဘ၌ မောင်လေးမောင်သည် ကားတစ်စီးငှားပြီးလျှင် ရုပ်ဖျောက်၍ ပို့ဆောင်ခဲ့ရာ ချက်ကြီးအား အရိပ်အယောင်မျှမတွေ့ရချေ။ အကယ်၍တွေ့စေကာမူ မိမိနှင့် ၁၃ နှစ်တိုင်တိုင် ကွဲကွာနေခဲ့သူဖြစ်သဖြင့် မှတ်မိကောင်းမှ



www.burmeseclassic.com

www.burmeseclassic.com



မှတ်မိပေမည်။

အသုဘကိစ္စ ပြီးစီးပြီးနောက် မောင်လေးမောင်သည် မိမိအား အမြဲညွှန်ကြားပြသသြဝါဒပေးနေသူ ဆရာတော် ဦးစန္ဒိမာကျောင်းသို့ သွားရောက်လေ၏။ မောင်လေးမောင်သည် ဆရာတော်အား မိမိ၏ဘဝခရီး တစ်လျှောက်တွင် တွေ့ကြုံရသော ကြေကွဲဝမ်းနည်းဖွယ် အဖြစ်အပျက်များနှင့်တကွ မိမိ၏နမ မလေးခင် သေဆုံးရပုံအကြောင်းများကိုပါ လျှောက်ထားပြီးလျှင် မလေးခင်၏ စာနှင့်တကွ မှတ်တမ်းစာအုပ်ကလေးကိုပါ ဆရာတော်အား ပြသလေသည်။

ထိုအခါ ဆရာတော်သည် သက်ပြင်းတစ်ချက် ချလိုက်ပြီးနောက်

"အင်း ... ငါလည်း ဒီကလေးမကြောင်း သတင်းသန့်သန့်တော့ ကြားတယ်ကွယ်။ တရုတ်ဟိုတယ်ဆိုင် ရောက်နေသလိုလို၊ ပျက်စီးနေသလိုလို ကြားရတယ်။ ချက်ကြီးဆိုတဲ့ အကောင်အကြောင်းတော့ ငါအသိသားပဲ။ ဒီကောင်က ငယ်ငယ်ကလေးကတည်းက ဆိုးချင်ခိုးချင်တဲ့ ဉာဉ်ပါလာပြီး အခု အသက်အရွယ်ကြီးမှ ရန်ကုန်ရောက်လာတော့ သာဆိုးနေတာပေါ့ကွယ်။ ဒီအကောင်နဲ့အကြောင်း ပါတယ်ဆိုတာတော့ ငါမသိဘူး။ ကြားလည်းမကြားဘူး။ မင်းကလည်း ကျောင်းမရောက်တာ ၄-၅-၆ လ ရှိနေတော့၊ အခု မင်း ပြောမှ သိရတော့တာပဲ။ ဒီလိုပေါ့ကွယ် မင်းတို့ ငါတို့ ဖြစ်လာတဲ့ လူ့ဘုံဟာ ဒုက္ခကြီးပဲ မဟုတ်လား။ သူသူငါငါ ဘယ်သူမှ မကင်းနိုင်ဘူး။ တရားနဲ့သာ ဖြေပေတော့။ ပြီးတော့ ပြုပြင်လို့မရတဲ့ အတိတ်ကို အသာထားပြီး ရှေ့ကို ဘယ်လိုလှမ်းရမယ်ဆိုတာသာ စဉ်းစားပေါ့ကွယ်။ သြော် ... ဒါ့ထက် မင်း အကူအညီလိုချင်ရင် ကျော်တင့်ဆိုတဲ့ အကောင်သိတယ် မဟုတ်လား။ ဒီကောင် စုံထောက်ဘက်မှာ အမှုထမ်းနေတယ်လို့ ကြားတယ်။ ဒီအကောင် တို့ရွာသားပဲ။ ငယ်ငယ်တုန်းက မင်းတို့ အိမ်နဲ့ တစ်အိမ်ပဲခြားတယ်လေ။ မိရွှေဆင့်ရဲ့သား ကျော်တင့်လေ"

"မှန်ပါ့၊ တပည့်တော်သိပါတယ် ဘုရား"

"အေး ... အေး အကြောင်းရှိရင် သူ့ဆီသွားပေါ့ကွယ်။ မင်းကို အကြံကောင်း ဉာဏ်ကောင်းပေးနိုင်ပါလိမ့်မယ်။ ငယ်ငယ်တုန်းက ဒီအကောင် မင်းနမ မိလေးခင်ကို အင်မတန် ချစ်တယ်ကွယ်။ သူတို့ နှစ်ယောက် ကျောင်းနေဘက်ပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ့ ဘုရား"

"အေး ... အေး ... ကျော်တင့်ဆီသာသွား၊ သူက ငယ်ငယ်ကတည်းက တော်တော်ဉာဏ်ပညာထက်မြက်တဲ့ အကောင်ကွယ့်။ ဒါကြောင့် ပုလိပ်ဘက်ရောက်သွားတာ"

"ဒါပေမဲ့ ကျော်တင့်က ချက်ကြီးကို သေအောင် မသတ်နိုင်ပါဘူး ဘုရား။ ချက်ကြီးဟာ သေရမယ် ဘုရား"

"ပါဏာတိပါတာကံဆိုတာ အင်မတန်ကြီးလေးတယ်ဆိုတာ ဒကာလေးမောင်အသိပဲ"

"မှန်ပါတယ် ဘုရား ... သိပါတယ်။ တပည့်တော် ထိန်းသိမ်းခဲ့ပါတယ်။ ဒီဘဝမှာ မကျိုးမပေါက်ရအောင် သစ္စာပြုထားပါတယ်။ ဒါပေမဲ့ ချက်ကြီးဟာ သေမှဖြစ်မယ်ဘုရား"

"ဒီတော့ ဒကာလေးမောင်ဟာ ချက်ကြီးကို သတ်ဖို့စိမ်ပြီးပြီပေါ့"

မောင်လေးမောင်သည် ဆရာတော်အား တစ်စုံတစ်ရာ ပြန်၍ မလျှောက်ထားဘဲ ဦးခေါင်းကို ငုံ့ကာ "ချက်ကြီးသေရမယ်။ သေရမယ်။ ဘယ်နည်းနဲ့မဆို သေရမယ်" ဟုသာ စိတ်ထဲမှ ရေရွတ်လျက်ရှိလေသည်။

"ဒကာ လေးမောင်ဟာ ငယ်စဉ်ကတည်းကပဲ ကံငါးပါးကို ခါးဝတ်ပုဆိုးကဲ့သို့ လုံခြုံအောင်စောင့်ထိန်းခဲ့တယ်။ ဒီတော့ ပါဏာတိပါတာကံကို မောင်လေးမောင် မကျူးလွန်ဘူးဆိုတာ ကျုပ်သိတယ်"

"မှန်ပါတယ် ဘုရား"

မောင်လေးမောင်၏ စိတ်ထဲကမူ "ချက်ကြီးသေရမယ်။ ချက်ကြီးသေရမယ်" ဟု စဉ်းစားလျက်ပင် ရှိလေသည်။

*

ဆရာဘုန်းတော်ကြီးထံမှ ထွက်ခဲ့ပြီးနောက် မောင်လေးမောင်သည် လမ်းရှိ ယခင်က မိမိအလုပ်လုပ်ခဲ့ဖူးသော ဦးဘိုးအောင် ဘရားသားကုန်စုံဆိုင်သို့ သွားလေ၏။ ထိုကုန်စုံဆိုင်မှာ ဦးဘိုးအောင်၊ ဦးဘိုးသောင်နှင့် ဦးဘိုးမောင် ဆိုသူ ညီအစ်ကို ၃ ယောက် ပိုင်ဆိုင်လေသည်။

မောင်လေးမောင်က မိမိမှာ အတော်ပင် ကျပ်တည်းနေသဖြင့် ယခင်က လုပ်ခဲ့ဖူးသော စာရေးအလုပ်ကိုပြန်၍ လုပ်လိုပါကြောင်း ပြောပြရာ ဦးဘိုးအောင်မှာ ယခင်ကပင် မောင်လေးမောင်၏ ရိုးဖြောင့်ကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



သိရှိခဲ့ဖူးသည့်ပြင် လူဟောင်းတစ်ယောက်ဖြစ်သည့်အတိုင်း ချက်ချင်းပင် အလုပ်ပေးလေ၏။ လုပ်ရမည့်အလုပ်မှာ စာရေးအလုပ်သာမက ဆိုင်ပိတ်ချိန်အထိ ကူညီရောင်းချရန်နှင့် ဆိုင်ဖွင့်ဆိုင်ပိတ် အလုပ်များကို လုပ်ရန်ဖြစ်သည်။ နေထိုင်ရန် အိမ်ကိုလည်း ဆိုင်ကို မနီးမဝေးမှ ကြည့်ရှုစောင့်ရှောက်နိုင်ရန် ကုမ္ပဏီနှင့် မျက်နှာချင်းဆိုင် တိုက်တစ်တိုက် ဒုတိယထပ်ရှိ အတော်အတန် ခမ်းနားသပ်ရပ်သော အခန်းတစ်ခန်းကို ပေးလေ၏။

မောင်လေးမောင်၏ အလုပ်မှာ ဆိုင်ကို နံနက် ၈ နာရီဖွင့်ရမည်ဖြစ်၍ တံခါးသော့ကို မောင်လေးမောင်အား ပေးအပ်ထားလေသည်။ နံနက် ၁၀ နာရီတွင် ဦးဘိုးမောင် ကူညီရန်လိုက်လာ၍ နောက်မကြာမီ အလတ်ဖြစ်သူ ဦးဘိုးသောင် ရောက်လာ၏။ နောက်ဆုံး ဦးဘိုးအောင် ရောက်လာပြီးလျှင် ဆိုင်ကို ည ၁၀ နာရီ အထိဖွင့်ထားလေသည်။ မောင်လေးမောင်မှာ ညနေ ၅ နာရီခွဲတွင် အလုပ်မှ ဆင်း၍ ညစာစားသောက်ပြီးနောက် ၈ နာရီမှ ၁၀ နာရီအထိ ကူညီရပြန်လေသည်။ မောင်လေးမောင်နေသော အခန်းမှာ အိပ်ရာ၊ ခုတင်၊ စားပွဲ၊ ကုလားထိုင် မှစ၍ အိမ်ထောင်ပရိဘောဂများ အပြည့်အစုံရှိ၏။ ထမင်းကိုမူ တစ်ယောက်တည်းသမား ဖြစ်သည့်အတိုင်း အနီးရှိ ကုလားဆိုင်တစ်ဆိုင်တွင် လခပေး၍ စားသောက်လေသည်။

ဆိုင်ပိတ်သောနေ့တစ်နေ့၌ မောင်လေးမောင်သည် ငယ်စဉ်ကသူငယ်ချင်းဖြစ်သူ စုံထောက် အင်စပိတ်တော် ကိုကျော်တင့်ထံ သွားရောက်လေသည်။ ကိုကျော်တင့်သည် မောင်လေးမောင်အား ဝမ်းပန်းတသာ ဆီးကြိုနှုတ်ဆက်ပြီးနောက် နှစ်ယောက်ချင်း စကားပြောနိုင်ရန် သူ၏ အလုပ်စားပွဲနောက်ရှိ အတွင်းခန်းသို့ ခေါ်သွားလေ၏။ သူငယ်ချင်း နှစ်ယောက်တို့သည် ငယ်စဉ်က အကြောင်းများကို ပြန်ပြောင်းစားမြုံ့ပြန်ပြီးလျှင် နောက်ဆုံး မလွှဲရှောင်သာဘဲ 'ချက်ကြီး' အကြောင်းသို့ ရောက်လာခဲ့လေသည်။ မောင်ကျော်တင့်မှာ လေးခင်အား ကျောင်းနေစဉ်ကပင် ချစ်ခင်လာခဲ့သူဖြစ်သဖြင့် အလွန်ပင် စိတ်ဝင်စားလျက်ရှိတော့၏။

ကျော်။ ။ "ငါလည်း သူ့အကြောင်းကြားတယ်ကွယ့်။ အနော်ပိုင်းရောက်ပြီး ဟိုတယ်မှာ စားပွဲထိုး လုပ်နေသလိုလို နောက် လူကြိုက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နဲ့ ညားသွားသလိုလို ကြားတယ်။ ငါလည်း အနောက်ပိုင်းကို အရောက်နည်းတော့ တွေ့ပဲမတွေ့ရဘူး လေးမောင်၊ ငါနဲ့ တွေ့ရင် သူဒီလို မဖြစ်ရဘူး"

လေး။ ။ "အေးပေါ့ကွယ်။ ငါကလည်း မင်းနဲ့အတွေ့နောက်ကျတာကိုးကွယ့်။ အဲဒီ သူနဲ့ရတဲ့ အကောင်ဟာ တို့ရွာက လူမိုက်ချက်ကြီးပေါ့၊ ဒါနဲ့ ဆက်ပြောရဦးမယ်။ ချက်ကြီးဟာ ဘယ်တုန်းက ဘယ်နေရာမှာ ဘယ်လိုပြစ်မှုမျိုးတွေ ကျူးလွန်ခဲ့တယ်။ သူ့အပေါင်းအသင်းတွေက ဘယ်သူ၊ ဘိန်းနဲ့ ကုတ်ကင်းတွေ၊ ရွှေချောင်းတွေကို ဘယ်ကချလာပြီး ဘယ်သူ့ကို ရောင်းတယ် ဆိုတာတွေ ရက်စွဲနဲ့ လေးခင်က စာအုပ်ကလေးထဲမှာ မှတ်ထားတယ်ကွယ့်။ ဒိုင်ယာရီ စာအုပ်ကလေး ..."

"ဒီစာအုပ်ကလေးက ဘယ်မှာလဲ"

"ငါ့ဆီမှာ ရှိတယ်လေ။ မသေခင် သူ့လက်ရေးနဲ့ ငါ့ဆီကို လိပ်တပ်ပြီး စာတိုက်က ပို့လိုက်တယ်။

"ဟုတ်လား၊ လေးခင်က စာကောင်းကောင်း တတ်တာပဲကွယ့်၊ မှတ်တမ်းရေးထားတယ်ဆိုတာ သိပ်ဉာဏ်ပိုင်တာပဲဟေ့"

"ဒီတော့ ဒီမှတ်တမ်းစာအုပ်ကလေး ရဲဘက်ကို ရောက်သွားရင် အရေးယူနိုင်သလား"

"ဒါကတော့ ဒီလိုကိုးကွယ့်။ လူတစ်ယောက် အပြစ်ကျူးလွန်တယ်ဆိုတာ ထင်ရှားအောင် သီးသီးသန့်သန့် သက်သေအထင်အရှား ရှိရမယ်။ ထင်မြင်ချက်တို့၊ မျှော်လင့်ယုံကြည်ချက်တို့လောက်နဲ့တော့ မခိုင်လုံဘူး"

လေးမောင်သည် စိတ်ပျက်သည့်ဟန်ဖြင့် ဦးခေါင်းကို ဖြည်းညင်းစွာ ခါလိုက်၏။

လေး။ ။ "မဖြစ်သေးဘူးကွယ်။ မဖြစ်သေးဘူး။ ငါက ရဲလက်ထဲ ဒီစာအုပ်အပ်လိုက်တော့ ချက်ကြီး ဘာဖြစ်မလဲ"

"ရဲက ဒီလူတွေ အားလုံးကို စုံစမ်းမယ်။ ဒီမှတ်တမ်းထဲမှာ လိပ်စာပါတဲ့ နေရာတွေကို ဝရမ်းထုတ်ပြီး ရှာချင်ရှာမယ်။ ခိုင်လုံတဲ့ သက်သေအထောက်အထားရရင် ဖမ်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဖမ်းပြီးတော့ ဒီလူတွေ ဘာဖြစ်မလဲ"

"ဒီမှတ်တမ်းစာအုပ်ကလေးဟာ ခိုင်လုံတဲ့သက်သေခံချက်ဖြစ်ကြောင်း ရုံးတော်ကယူဆရင် ရုံးတင်ပြီး တရားစွဲမယ်"

"ဒီတော့ သူတို့ ဘယ်လောက်လောက် အပြစ်ခံရမလဲ"

"၅ နှစ် ၁၀ နှစ်ဆိုပါတော့၊ တစ်သက်တစ်ကျွန်း ဖြစ်ချင်လည်း ဖြစ်နိုင်တယ်။ ဘယ်ပြောနိုင်မလဲ"

"ဒီလောက်နဲ့ မကျေနပ်နိုင်သေးဘူး ကျော်တင့်ရာ၊ ချက်ကြီးက မင်းတို့ ငါတို့အရွယ်ပဲ ရှိသေးတယ် မဟုတ်လား။ သူထောင်က ထွက်လာရင် ဒီလိုပဲ သူ့ဘိန်းချ၊ ရွှေချောင်းခိုးသွင်း၊ မိန်းကလေးတွေ ရောင်းစား၊ သဘောမတူဘဲနဲ့ ဖျက်ဆီး၊ ဒီလိုအလုပ်မျိုးတွေ လျှောက်လုပ်နေဦးမှာပဲ။ တိုင်းပြည်မှာ ဒီလို ဆူးငြောင့်ခလုတ်ဖြစ်တဲ့ အကောင်မျိုးကို သေဒဏ်အပြစ်ပေးသင့်တယ်"

စုံထောက် မောင်ကျော်တင့်မှာ လေးမောင်၏ စကားများကြောင့် အံ့အားသင့်၍သွား၏။

"ဒီလိုလည်း မဟုတ်သေးဘူး လေးမောင်ရယ်၊ ဥပဒေကလည်း ရှိသေးတာကိုကွယ့်။ မင်းဟာ ငယ်ငယ်တုန်းက ပုရွက်ဆိတ်တစ်ကောင်တောင် မသတ်ဖူးတဲ့အကောင်၊ စိတ်သဘောထားလည်း အင်မတန် နူးညံ့တဲ့အကောင်၊ ဒါနဲ့ မင်းအခု ဒီလိုပြောတာ ငါတော့ စဉ်းစားမရပါဘူး လေးမောင်ရယ်"

"ဥပဒေ –ဥပဒေ ဘာဥပဒေလည်း ကျော်တင့်ရယ်။ ချက်ကြီးတော့ သေရမယ်။ သူသေရမယ်လို့ ငါ့စိတ်ကို ဆုံးဖြတ်ပြီးပြီ"

မောင်ကျော်တင့်က ယခင်ကထက် အံ့အားသင့်လျက် –

"နေပါဦးကွယ့်။ မင်းဟာ တရားဥပဒေကို အပထားပြီး ချက်ကြီးကို မင်းကိုယ်တိုင် ပစ်သတ်မယ်လို့ မင်း အခုပြောနေတာလား။ ချက်ကြီးက လူ့ပြည်မှာ မနေထိုက်အောင် ဆိုးရွားတဲ့ လူယုတ်မာ တစ်ယောက်ဖြစ်ပစေ၊ သူ့ကို သတ်ပစ်ရင် လူသတ်မှုဟာ ဥပဒေအရ လူသတ်မှုပဲကွယ်"

"ငါ သိပါတယ်ကွယ်။ ဒီထက်ပိုပြီး ခိုင်လုံတဲ့ သက်သေခံတွေ့ရင် မင့်ဆီငါတစ်ခေါက် လာခဲ့ပါဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ... တစ်ခုတော့ သတိထားနော် လေးမောင်၊ ချက်ကြီးနဲ့ အနောက်ပိုင်းက ကလပ်ပိုင်ရှင်တွေဟာ လူကြမ်းတွေကွယ့် နော်။ မင်းက ဒီလူစား မဟုတ်ဘူး။ ကြပ်ကြပ်သတိထား"

*

မောင်လေးမောင်သည် ၂ ညဉ့်တိုင်တိုင် ချက်ကြီးအား လိုက်လံ ရှာဖွေသော်လည်း အရိပ်အယောင်မျှ မတွေ့ရချေ။ သို့သော် တတိယညဉ့်၌ မူ ရှာဖွေရကျိုးနပ်လေသည်။

ထိုနေ့ညနေတွင် မောင်လေးမောင်သည် ထိုညဉ့်အတွက် အခွင့် ယူ၍ အလုပ်မှခပ်စောစော ဆင်းခဲ့လေ၏။ ညစာကို ကပျာကယာ စား သောက်ပြီးနောက် အနောက်ပိုင်းသို့ လာခဲ့ပြီးလျှင် သတင်းအစအနရသော ၁၈ လမ်းရှိ တရုတ်ဟိုတယ်တစ်ခုရှေ့သို့ ရောက်သောအခါ မော်တော်ကား အနက်ကလေးတစ်စီးသည် ဒါလ်ဟိုဇီဘက်မှ ဝင်လာ၍ ဟိုတယ်ဆိုင်နှင့် မနီးမဝေးတွင် ရပ်ပြီးနောက် ကားပေါ်မှ လူသုံးယောက် ဆင်းလာရာ အလယ်မှ အရပ်မြင့်မြင့် တုတ်တုတ်ခိုင်ခိုင်တစ်ယောက်၏ မျက်နှာမှာ ချက် ကြီးနှင့်တူသည်ဟု ထင်မိ၏။ အခြားသူ နှစ်ယောက်မှာ ဦးထုပ်ပျော့များကို မျက်စိများ ဖုံးလုမတတ်ဆောင်းကာ ဘောင်းဘီအနက်၊ အင်္ကျီအနက်များ ကို ဝတ်ထား၏။ မောင်လေးမောင်သည် မှောင်ရိပ်တစ်ခုမှ စောင့်ကြည့် လျက်ရှိစဉ် ထိုလူ ၃ ယောက်တို့သည် ဟိုတယ်ဆိုင်အတွင်းသို့ ဝင်သွားရာ အလယ်လူမှာ ချက်ကြီးဖြစ်ကြောင်း ဆိုင်တွင်းမှ ဓာတ်မီးရောင်ဖြင့် သိ လိုက်ရလေသည်။ ချက်ကြီးမှာ ယခင်ကထက် ဝ၍ ကိုယ်လုံးကိုယ်ပေါက် ထွားကျိုင်းလာသော်လည်း ကျီးကန်း၏ မျက်လုံးကဲ့သို့ ကျဉ်းမြောင်း၍ မငြိမ်သက်သော မျက်လုံး၊ မည်းနက်ထူထပ်၍ အပြင်သို့ပင် အမွေးများ ထွက်နေသော မျက်ခုံးများနှင့် ရက်စက်ကြမ်းကြုတ်သော ပါးစပ် အနေ အထားတို့မှာ ချက်ကြီးဖြစ်ကြောင်း ယုံမှားဖွယ်မရှိချေ။

မောင်လေးမောင်သည် နောက် နှစ်ရက်မျှ ဆက်လက်၍ ထို ဟိုတယ်သို့ အချိန်မှန်လာရောက် ကြည့်ရှုလေရာ ချက်ကြီးနှင့်အဖော် နှစ် ယောက်ပါသော ကားနက်ကလေးကို နေ့စဉ်ပင်တွေ့ရ၏။ နောက်ဆုံး နေ့၌ လေးမောင်သည် ဟိုတယ်သို့ ခပ်စောစောရောက်လာပြီးလျှင် ဟိုတယ်အတွင်းသို့ ဝင်ပြီးနောက် ဘီယာတစ်ခွက်ကို မှာ၍သောက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးတရုတ်ကလေးအား စုံစမ်းရာ ချက်ကြီးမှာ ထိုဟိုတယ်ပိုင်ရှင်နှင့် အစုစပ်ပါတနာဖြစ်ကြောင်း၊ ဟိုတယ်အပေါ်ထပ်တွင် မြန်မာနှင့်တရုတ် အမျိုးသမီး စားပွဲထိုးများ ရှိကြောင်း သိရလေသည်။ သို့နှင့် မောင်လေး မောင်သည် ဟိုတယ်ဆိုင်အမည်နှင့် တိုက်နံပါတ်ကို မှတ်သားခဲ့လေ၏။

နောက်တစ်နေ့၌ မောင်လေးမောင်သည် မိတ်ဆွေတစ်ဦးထံမှ ဓာတ်ပုံ ကင်မရာတစ်လုံးငှားပြီးလျှင် လေးခင်၏ ဒိုင်ယာရီစာအုပ်ကလေး ထဲမှ အရေးကြီးသော စာရွက်များကို ဓာတ်ပုံရိုက်ကူး၏။ ထို့နောက် ဖလင် ကော်ပြားများကို ပန်းဆိုးတန်းရှိ ဓာတ်ပုံတိုက်ကြီးတစ်တိုက်၌ ဆေး၍ ကော်ပီကူးစေ၏။

ဤသို့ အသင့်ပြင်ဆင်ပြီးသောအခါ မောင်လေးမောင်သည် ချက် ကြီးထံ အောက်ပါအတိုင်း စာတစ်စောင်ရေးလေသည်။

မိတ်ဆွေချစ် ကိုချက်ကြီး

မိတ်ဆွေကြီးသည် ကျွန်ုပ်နှင့်တကွ ကျွန်ုပ်၏နမ ဖြစ်သူ လေးခင် ကိုပါ ငယ်ပေါင်းကြီးဖော်များ ဖြစ်သည့်အတိုင်း ကောင်းကောင်းကြီး မှတ်မိပါလိမ့်မည်။ ဤစာခင်းများထံကို ရေးရသည်မှာ လေးခင်က မှတ် တမ်းစာအုပ်ကလေးတစ်အုပ် ထားခဲ့သောကြောင့် ဖြစ်ပါသည်။ မှတ်တမ်း စာအုပ်ကလေးမှာ ယခု ကျွန်ုပ်လက်သို့ ရောက်ရှိနေပါပြီ။ ယင်းမှတ်တမ်း စာအုပ်အတွင်းမှ စာမျက်နှာအချို့ကို ဓာတ်ပုံရိုက်ကူးပြီးလျှင် ဤစာနှင့်အတူ စာအိတ်ထဲတွင် ထည့်ပေးလိုက်ပါသည်။ ယင်းဓာတ်ပုံများ၌ မိတ်ဆွေကြီး ၏ နာမည်နှင့်တကွ မှတ်ဆိတ်ဆိုသူ၏ နာမည်ပါ တွေ့ရှိပါလိမ့်မည်။ ယင်းမှတ်တမ်းစာအုပ်ကလေးကို မည်ကဲ့သို့လုပ်ရမည်ဟု ကျွန်ုပ် မဆုံး ဖြတ်ရသေးပါ။ သက်ဆိုင်ရာ အာဏာပိုင်များသို့ ပေးအပ်ရန် ကျွန်ုပ်မှာ ဝတ္တရားရှိသည်ဟု ယူဆပါသည်။ သို့သော် ဤကဲ့သို့မပြုလုပ်မီ မိတ် ဆွေကြီးနှင့် တွေ့ဆုံစကားပြောလိုပါသည်။ စာအုပ်ကလေးကို ရဲဘက်သို့ မပေးအပ်မီ မိတ်ဆွေကြီးသည် ယင်းအချက်အလက်များနှင့် ပတ်သက်၍ ကျွန်ုပ်နှင့် ဆွေးနွေးလိုပါက ဤစာတွင် ဖော်ပြပါရှိသော ကျွန်ုပ်၏ အညွှန်းအတိုင်း လိုက်နာစေလိုပါသည်။ လိုက်နာသည်ဆိုရာ၌ အညွှန်းတွင် ပါရှိသည့်အတိုင်း တစ်သဝေမတိမ်း တိတိကျကျ ပြတ်ပြတ်သားသား လိုက်နာစေလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုလာမည့် တနင်္ဂနွေနေ့ ညနေ ၃ နာရီ ၁၅ မိနစ် တိတိ အချိန်တွင် အောက်တွင်ရေးသားဖော်ပြထားသော လိပ်စာတွင် ပါရှိသည့် အိမ်နှင့် မျက်နှာချင်းဆိုင်တိုက် ဒုတိယထပ် အခန်းသို့ လာစေလိုပါသည်။ လာသောအခါ တစ်ယောက်တည်း လာရပါမည်။ ကျွန်ုပ်၏ အိမ်ပြတင်းပေါက်မှ ကျွန်ုပ်စောင့်ကြည့်နေနိုင်သဖြင့် မိတ်ဆွေကြီးနှင့်အတူ အခြားသူများပါလာခဲ့သော် သူတို့အား အိမ်တွင်းသို့ ဝင်ခွင့်ပြုမည် မဟုတ်ပါ။ မိတ်ဆွေကြီးကိုလည်း ယခုလာမည့် တနင်္ဂနွေနေ့ ညနေ ၃ နာရီ ၁၅ မိနစ်တိတိအချိန်မှလွဲ၍ ဝင်ခွင့်မပြုပါ။

မိတ်ဆွေကြီးအား ထောင်၍ ဖမ်းလိမ့်မည်ဟု ထင်ကောင်းထင်ပေမည်။ ထိုအချိန်၌ ကျွန်ုပ်မှာ တစ်ယောက်တည်း ရှိနေပါမည်။ ထို့ပြင်လည်း ကျွန်ုပ်မှာ ကြံ့လို၍ ခွန်အားဗလနှင့် ပြည့်စုံသူတစ်ယောက် မဟုတ်ကြောင်း မိတ်ဆွေအသိပင် ဖြစ်ပါသည်။ ထောင်၍ဖမ်းသည်ဟု ထင်ရန်မှာလည်း ရဲဘက်သို့ သတင်းမပေးမီ မိတ်ဆွေကြီးကို ထောင်၍ဖမ်းရန် အကြောင်းမရှိပါ။

အကယ်၍ ယခုလာမည့် တနင်္ဂနွေနေ့ ညနေ ၃ နာရီ ၁၅ မိနစ် တိတိအချိန်၌ အထက်ဖော်ပြပါနေရာသို့ မိတ်ဆွေကြီး မရောက်လာခဲ့သော် ယင်းဒိုင်ယာရီစာအုပ်ကလေးမှာ ၃ နာရီခွဲအတွင်း ရဲဘက်သို့ ရောက်သွားပါတော့မည်။ ယင်းကဲ့သို့ဆိုသော် မိတ်ဆွေကြီးနှင့်အတူ ဗိုလ်မှတ်ဆိတ်၊ သူ၏အပေါင်းပါလူအားလုံးတို့မှာ ဖမ်းဆီးခြင်း၊ အပြစ်ပေးခြင်းစသော ဒုက္ခအပေါင်းနှင့် တွေ့ကြုံရတော့မည် မဟုတ်ပါလော။

လေးမောင်

ကိုလေးမောင်သည် စာရွက်ကို အသေအချာ ခေါက်ပြီးနောက် ဓာတ်ပုံများနှင့်အတူ စာအိတ်တစ်လုံး၌ ထည့်ပြီးလျှင် ချက်ကြီးထံသို့ ဟိုတယ်ဆိုင်လိပ်စာဖြင့် စာတိုက်မှထည့်လိုက်လေ၏။ ထို့နောက် သူနေသော အခန်းသော့နှင့် အိမ်ရှေ့တံခါးသော့ကို သော့တူများပြုလုပ်လေ၏။ ထိုအလုပ်များပြီးစီးသောအခါ စုံထောက် ဦးကျော်တင့်ထံသို့ သွားရောက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com


လေး။ ။ "ဒီမှာ သူငယ်ချင်း မင်းပြောတဲ့အတိုင်း မျှော်လင့်ချက်တို့၊ ထင်မြင်ယူဆချက်တို့ မဟုတ်ဘူး။ အခိုင်အလုံ သီးသန့် သက်သေခံချက် ရမယ်။ ဒီတော့ ငါပြောတဲ့အတိုင်း မင်းလုပ်ရင် နောက် တနင်္ဂနွေနေ့မှာ ချက်ကြီးကို ဖမ်းနိုင်မယ်"

ကျော်။ ။ "ကိုင်း ... ပြောပါဦးကွယ်"

မောင်လေးမောင်သည် မိမိလုပ်ခဲ့သော သော့တုများကို စုံထောက်ကိုကျော်တင့်အား ပေးအပ်လေ၏။ ထို့နောက် စက္ကူရွက်ကလေးတစ်ရွက်ပေါ်၌ လိပ်စာတစ်ခုကို ရေးပြီးလျှင် ပေးပြန်လေသည်။

လေး။ ။ "ဒီမှာကွယ့် ကျော်တင့်ရဲ့၊ ဟောဒါက တံခါးမကြီးကသော့၊ ဒီအငယ်က အခန်းသော့၊ ဒီသော့တွေနဲ့ မင်း ဖွင့်ပြီး ဝင်ရုံပဲ၊ နို့ပေမဲ့ တစ်ခုတော့ရှိတယ်။ နောက် တနင်္ဂနွေနေ့ညနေ ၃ နာရီခွဲ တိတိမှာ အဲဒီနေရာကို မင်းရောက်ရမယ်။ တစ်မိနစ်မှ နောက်မကျရဘူး။ တစ်မိနစ်လည်း မစောရဘူး။ ကြားလား သူငယ်ချင်း"

စုံထောက် ကိုကျော်တင့်သည် မောင်လေးမောင်၏ အပြုအမူကို အံ့အားသင့်လျက် ရှိလေ၏။

ကျော်။ ။ "မင်းအကြံက ဘယ်လိုလဲကွယ့်၊ မင်း ဘာလုပ်မှာလဲ၊ ချက်ကြီးက နယ်နယ်ရရအကောင် မဟုတ်ဘူးနော်။ သိပ်လည်း သန်တဲ့ကောင်၊ မင်း သတိထား လေးမောင်"

"အေးကွယ် ... ငါ သိပါတယ်"

*

ထို့နောက် မောင်လေးမောင်၏ အစီအစဉ်မှာ သေနတ်တစ်လက်ရအောင်ရှာဖွေရန် ဖြစ်လေသည်။

သူသည် ဦးဘိုးအောင် ကုန်စုံဆိုင် နောက်ဖေးဘက် အဖိုးတန်ပစ္စည်းများထားသော စတိုခန်းဘီရိုထဲတွင် တင်ထားသော ရိုင်ဖယ်တစ်လက်နှင့် လေသေနတ် နှစ်လက်ကို ပြေး၍သတိရမိ၏။ သို့နှင့် ထိုနေ့နေ့လယ်၌ ညီအစ်ကိုများထဲတွင် သဘောအကောင်းဆုံး ဖြစ်သော ဦးဘိုးအောင်ထံ ချဉ်းကပ်ပြီးလျှင် ယခုလာမည့် တနင်္ဂနွေနေ့၌ မိတ်ဆွေတစ်ဦးနှင့် ထောက်ကြံ့ဘက်သို့ အမဲလိုက်သွားလိုသဖြင့် ရိုင်ဖယ်တစ်လက်ကို ငှားရမ်းပါမည့်အကြောင်းနှင့် ပြောဆိုလေ၏။


www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဦးဘိုးအောင်က မျက်နှာထားနှင့် –

"အောင်မယ် ... မင်းက ရိုင်ဖယ်များ ပစ်မလို့လား၊ ရိုင်ဖယ်ဆိုတာ ကိုင်တတ်မှ ဖြစ်တာကွယ့်။ ပြီးတော့ မင်းမှာ လိုင်စင်လည်း ရှိတာ မဟုတ်ဘူး"

"ကျွန်တော် ပစ်တတ်ပါတယ် ဆရာ၊ သစ်တောဘက်မှာ တောလိုက် စာရေးလုပ်တုန်းက ရိုင်ဖယ်ကိုင်ဖူးပါတယ်"

"မဖြစ်ပါဘူးကွယ် ... မဖြစ်ပါဘူး။ မင်းကို ငါစိတ်မချဘူး။ ပြီးတော့ လိုင်စင်မရှိဘဲနဲ့ ကိုင်လို့ ကိစ္စများနေပါဦးမယ်"

မောင်လေးမောင်မှာ သေနတ်ရရှိရေးအတွက် အခက်ကြုံ၍နေတော့၏။ မည်သို့ပင်ဖြစ်စေ မိမိအကြံအစည်အတွက် သေနတ်တစ်လက် ရအောင် ရှာဖွေရမည်ဖြစ်၏။ တရားသော နည်းလမ်းဖြင့် မရလျှင် မတရားသော နည်းလမ်းဖြင့် ရှာဖွေရပေတော့မည်။ ဤသို့လျှင် လိမ်လည်ပြောဆို၍ မရသောအခါ ခိုး၍ယူရတော့မည် ဖြစ်၍ ကံနှစ်ပါးကို မကျူးလွန်ချင်ဘဲလျက် ကျူးလွန်ရပေတော့မည်။

သို့နှင့်သောကြာနေ့ (စာထည့်ပြီးသည့်နောက် နှစ်ရက်မျှအကြာ) တွင် မောင်လေးမောင်သည် ဆိုင်အတွင်း၌ မိမိ၏နေ့စဉ် လုပ်ရိုးလုပ်စဉ်ဖြစ်သော အလုပ်များကို လုပ်ကိုင်လျက်ရှိစဉ် ဘောင်းဘီအနက်ဝတ်၍ ဦးထုပ်အပျော့များကို ဆောင်းထားသော အသက် ၄၀ ကျော် ၅၀ ခန့်ရှိ လူကြီးနှစ်ယောက်တို့သည် ဆိုင်တွင်းသို့ဝင်လာပြီးနောက် ဆပ်ပြာတစ်တောင့်နှင့် ပေါင်မုန့်တစ်လုံး အလိုရှိကြောင်းပြောလေ၏။ ထိုလူနှစ်ယောက်အနက် တစ်ယောက်သည် မောင်လေးမောင်၏ သေးကွေးသော ကိုယ်လုံးကိုယ်ဖန်ကို အကဲခတ်သည့်ဟန်ဖြင့် ကြည့်ကာ အတန်ငယ် ဦးခေါင်းကို ညိတ်၍ ပြုံးလိုက်သေး၏။ အခြားတစ်ယောက်ကမူ ဆပ်ပြာတောင့်နှင့်ပေါင်မုန့်ကို တစ်ဝက်စီ ဓားနှင့်ခြမ်း၍ပေးရန် ပြောရာ မောင်လေးမောင်မှာ ထိုလူများ၏ ထူးဆန်းသော အခြင်းအရာကို ကြည့်ကာ ခဏကြာမျှ အံ့အားသင့်လျက် ရှိလေ၏။ ထိုသူများအား မိမိယခင်က မြင်ဖူးကြောင်း ထိုအခါမှ သတိရလာ၏။ ထိုသူနှစ်ယောက်မှာ ချက်ကြီးနှင့်အတူ ကားနက်ကလေးဖြင့် တရုတ်ဟိုတယ်သို့ လိုက်ပါလာသော သူနှစ်ယောက်နှင့် တူလေသည်။



www.burmeseclassic.com

www.burmeseclassic.com


မောင်လေးမောင်သည် ဆပ်ပြာခဲကို လှီးရန် အနီးတွင် ဓားအသင့် မရှိသဖြင့် လိုက်လံရှာဖွေမည်ပြုစဉ် လူကြီးတစ်ယောက်သည် အင်္ကျီအိတ် အတွင်းမှ အရိုးတစ်မိုက်ခန့်ရှိမောင်းချဓားကြီး တစ်ချောင်းကို ထုတ်လိုက်ပြီးလျှင် 'ဖြောင်း' ခနဲ မြည်အောင် ဖွင့်လိုက်ပြီးနောက် –

"ကဲကွယ် ရှာမနေပါနဲ့တော့ ငါ့မှာ ဓားပါ ပါတယ်။ ဟောဒီလို ဟောဒီလို လှီးရတယ်ကွ မှတ်ထား"

မောင်လေးမောင်မှာ အံ့အားသင့်ရုံမျှမက ကြောက်၍ပင်လာတော့၏။ ထိုနေရာမှာ ဦးဘိုးသောင် ထိုင်သောစားပွဲနှင့် အတန်ငယ်ဝေးသဖြင့် ဦးဘိုးသောင် မမြင်ချေ။

လူကြီး။ ။ "ဟေ့ သူငယ် မင်းနာမည်က လေးမောင်တဲ့လား"

"ဟုတ်ပါတယ် ခင်ဗျာ"

"နေပါဦး၊ အခု လာမယ့် တနင်္ဂနွေနေ့မှာ လူတစ်ယောက်နဲ့ တွေ့ဖို့ ချိန်းထားတယ် မဟုတ်လား။ ညနေ ၃ နာရီ ၁၅ မိနစ်မှာလေ၊ ဒီလူကို ကောင်းကောင်းမွန်မွန် စကားပြောလိုက်ပါကွယ်။ သူလိုချင်တာရှိရင် ပေးလိုက်ပါ။ တို့နှစ်ယောက်က အပြင်မှာ စောင့်နေမှာကွယ့်"

လူကြီးသည် မောင်းချဓားကို ပြန်၍ ပိတ်လိုက်ပြီးလျှင် အိတ်ထဲသို့ လျင်မြန်စွာ ပြန်၍ ထည့်လိုက်လေ၏။

ကြီး။ ။ "အဲဒီလူကို ကောင်းကောင်းမွန်မွန် ကြည့်ပြောနော်။ ကိုင်း … တို့ သွားမယ်"

ထို့နောက် လူကြီး နှစ်ယောက်သည် ပိုက်ဆံကို ပစ်၍ပေးခဲ့ပြီးလျှင် နောက်သို့မျှပြန်၍ လှည့်မကြည့်ဘဲ ဆိုင်ထဲမှ လျင်မြန်စွာ ထွက်သွားလေ၏။

*

တနင်္ဂနွေနေ့သို့ ရောက်သောအခါ နံနက်စာစားသောက်ပြီးသော အချိန်တွင် မောင်လေးမောင်သည် လမ်းကို ဖြတ်ကူးခဲ့ပြီးလျှင် ဆိုင်ရှေ့ တံခါးကို ဖွင့်၍ ဝင်ခဲ့ပြီးနောက် အတွင်းမှ မင်းတုန်းချလိုက်လေ၏။ အနီးပတ်ဝန်းကျင်မှ လူများမှာ ဆိုင်တံခါးဖွင့်သည်ကို မြင်ရသော်လည်း မောင်လေးမောင်မှာ ဤ ဆိုင်တွင် အလုပ်လုပ်နေသူ တစ်ယောက်ဖြစ်ကြောင်း သိသဖြင့် ဂရုမပြုကြချေ။



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးမောင်သည် အလယ်တံခါးကို ဖွင့်၍ နောက်ဖေးဆောင်သို့ ရောက်သောအခါ စတိုခန်းကို ဖွင့်ပြန်၏။ သေနတ်များ ထည့်သော ဗီရိုသော့မှာ မိမိအား ပေးထားသော သော့တွဲတွင် မပါသဖြင့် မောင်လေးမောင်သည် သော့ခလောက် ချိတ်သည့် ကွင်းဘက်မှ ပတ္တာကို ဝက်အူလှည့်တစ်ချောင်းဖြင့် ဖြုတ်ပြီးလျှင် ရိုင်ဖယ်သေနတ်ကိုယူ၍ ယမ်းတောင့်သေတ္တာထဲမှ ယမ်းတောင့်တစ်တောင့်ကို ထုတ်ယူလေသည်။ သူအလိုရှိသည်မှာလည်း တစ်တောင့်သာ ဖြစ်၏။ သေနတ်ကိုယူပြီးသောအခါ သေနတ်နေရာတွင် လေးခင်၏ ဒိုင်ယာရီ မှတ်တမ်းစာအုပ်ကလေးကို ထားခဲ့၏။ ထိုနေရာမှာ ကောင်းစွာလုံခြုံသော နေရာ ဖြစ်လေသည်။

မောင်လေးမောင်သည် သေနတ်ကို ကိုယ်တိုင် မပစ်ဖူးသော်လည်း သစ်တော ဝန်ထောက်ထံတွင် တောလိုက်စာရေး တစ်ယောက်အဖြစ်ဖြင့် အလုပ်လုပ်စဉ်က ဝန်ထောက်၏ အမဲလိုက်သေနတ်ကို မကြာခဏ ဖြုတ်ကာ တိုက်ချွတ်ပေးဖူးသဖြင့် နားလည်လေသည်။ သို့နှင့် သေနတ်ဒင်နှင့် ပြောင်းများ၊ အခြားအစိတ်အပိုင်းများကို တစ်ခုစီ ဖြုတ်ပြီးလျှင် စက္ကူအထုပ်တစ်ချပ်ဖြင့် ထုတ်လေ၏။ တစ်ဖန် ဗီရိုကို သော့ခလောက်ပြန်၍ တပ်ခဲ့ပြီးလျှင် ခြေရာ လက်ရာများကို ဖျက်ခဲ့ပြီးနောက် အထုပ်ကို ပိုက်ကာ ဆိုင်ပြင်သို့ ထွက်ခဲ့သည်။ ဆိုင်ပြင်သို့ရောက်သောအခါ တံခါးကို သော့ခတ်ပြီးလျှင် အိမ်ဘက်သို့ တစ်ဖန်ပြန်၍ ကူးခဲ့လေသည်။

အိမ်သို့ ရောက်သောအခါ အထုပ်ကိုဖြေ၍ သေနတ်ကို နေသားတကျ ပြန်၍ တပ်ပြီးသော် ပြတင်းပေါက်အနီးရှိ ထောင့်တစ်ထောင့်၌ ကန့်လန့်ကာ အကွယ်တွင် ထောင်၍ ထားလိုက်၏။ ထို့နောက် ကံငါးပါးကို လုံခြုံရန် မိမိအား တရားပြ၍ ဆုံးမသြဝါဒပေးလေ့ရှိသော ဆရာတော် ဦးစန္ဒိမာ၏ ဓာတ်ပုံလေးကို အံဆွဲတစ်ခုအတွင်းမှ ထုတ်၍ ကြည့်ရှုလျက်ရှိလေသည်။ အချိန်ကား ၁၂ နာရီ မိနစ် ၃၀ ရှိခဲ့လေပြီ။

၃ နာရီ ၁၀ မိနစ်မျှ ရှိသောအခါ မောင်လေးမောင်သည် မိမိရေ့စားပွဲပေါ်တွင် တင်ထားသော နှိုးစက်နာရီကလေးကို တစ်ချက်မျှလှမ်း၍ ကြည့်လိုက်၏။ ထို့နောက် ဆရာတော်၏ ဓာတ်ပုံကို အံဆွဲအတွင်းသို့ ပြန်၍ သွင်းလိုက်ပြီးလျှင် ပြတင်းပေါက်မှ လမ်းဘက်သို့ကြည့်လိုက်၏။ ဒီမိအိမ်နှင့် ကိုက် ၅၀ ခန့်အကွာတွင် အနက်ရောင် ကားလေးတစ်စီးသည်



www.burmeseclassic.com

www.burmeseclassic.com



ခပ်ဖြည်းဖြည်း မောင်းလာသည်ကို မြင်လိုက်ရ၏။

ကားနက်ကလေးသည် လမ်းဘေး လူရှင်းသော တစ်နေရာသို့ ဆုတ်၍ရပ်ပြီးနောက် ကားထဲမှ လူ ၃ ယောက် ဆင်းလာ၏။ တစ်ယောက်မှာ ချက်ကြီးဖြစ်၍ အခြား ၂ ယောက်မှာ ဦးထုပ်ပျော့များဆောင်းထားသော သူ၏ သက်တော်စောင့်များ ဖြစ်လေသည်။ ကားကလေးသည် ဦးဘိုးအောင် ကုမ္ပဏီ ဆင်ဝင်ရှေ့တွင် ထိုး၍ ရပ်လိုက်လေ၏။ မောင်လေးမောင်သည် ထိုအခြင်းအရာများကို ပြတင်းပေါက်ခန်းဆီး နောက်ကွယ်မှ ချောင်းမြောင်းကြည့်နေသဖြင့် ကောင်းစွာ မြင်ရသောကြောင့် တစ်ချက်ပြုံးလိုက်၏။ ချက်ကြီးသည် တစ်ယောက်တည်း မလာဝံ့သဖြင့် သူ၏သက်တော်စောင့်များ ခေါ်လာဟန်တူလေသည်။

ချက်ကြီးသည် ကားပေါ်မှ ဆင်းပြီးလျှင် သူ၏ သက်တော်စောင့်နှစ်ယောက်နှင့် တစ်စုံတစ်ရာ တီးတိုးပြောဆိုလျက်ရှိရာမှ တစ်ယောက်တည်း ကားဆီသို့သွား၍ စောင့်နေပြီးနောက် အခြားတစ်ယောက်သည် လမ်းကိုဖြတ်၍ ကူးလာလေသည်။ ထို့နောက် ချက်ကြီးသည် တိုက်ပေါ်သို့ တစ်ယောက်တည်း တက်လာသည်ကို မောင်လေးမောင် မြင်ရ၏။ သို့နှင့် မောင်လေးမောင်သည် မိမိအခန်းတံခါးကို ဖွင့်ပြီးလျှင် အတန်ငယ် ဟ၍ ထားလိုက်ပြီးနောက် ကုလားထိုင်တွင် ဣန္ဒြေမပျက်ပြန်၍ ထိုင်နေသည်။ ခန်းဆီးနောက်တွင် ဝှက်၍ ထောင်ထားသော ရိုင်ဖယ်သေနတ်မှာမူ ကောင်းစွာ လက်လှမ်း၍ မီလေသည်။

အချိန်မှာ ၃ နာရီ ၁၅ မိနစ်တိတိရှိလေပြီ။ မောင်လေးမောင်သည် အပြင်မှ တံခါးခေါက်သံကို ကြားရ၏။

"ဝင်ခဲ့လေဗျာ ကိုချက်ကြီး၊ ကျုပ်တစ်ယောက်တည်းပါဗျ"

ချက်ကြီးသည် အခန်းတွင်းသို့ ဝင်လာရာ သူ၏ကိုယ်မှာ တံခါးပေါက် ပြည့်လုမတတ်ရှိ၍ အရှပ်မှာလည်း ၅ ပေ ၈ လက်မထက် နိမ့်မည် မဟုတ်ပေ။ သူသည် ခြေလှမ်းကျဲကျဲကြီးဖြင့် မောင်လေးမောင် ထိုင်နေသော စားပွဲရှိရာသို့ လှမ်း၍ လာခဲ့လေသည်။ သူသည် တစ်စုံတစ်ရာ မပြောဆိုပဲ မောင်လေးမောင်၏ ပခုံးကို ကြမ်းတမ်းစွာကိုင်၍ မလိုက်ပြီးလျှင် အကျီအိတ်များကို လက်ဖြင့် စမ်းသပ်ရှာဖွေ၏။ ကုလားထိုင်နောက်ကို လှမ်းကြည့်ပြီးလျှင် အနီးရှိ မတ်ရပ်ဗီရိုတံခါးများကို ဖွင့်၍ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာ ခုတင်အောက်ကိုပင် ငုံ့၍ကြည့်၏။ သို့သော် မည်သူ့ကိုမျှ မတွေ့ မမြင်ရသောကြောင့် ကျေနပ်သွားဟန်ဖြင့် မောင်လေးမောင်နှင့် မျက်နှာချင်း ဆိုင် ကုလားထိုင်တစ်လုံးပေါ်သို့ ထိုင်ချလိုက်လေသည်။ ထို့နောက် မောင် လေးမောင်၏မျက်နှာကို မလေးမခံ့ကြည့်ကာ ပြုံးဖြီးဖြီး ရယ်မောလိုက် လေသည်။

"မင့်မှာ ဒိုင်ယာရီ ရှိတယ်ဆို၊ ဘယ်မှာလဲ၊ မင်းဘယ့်လောက် လိုချင်သလဲ"

"ဒီမှာ မရှိဘူး။ တစ်နေရာမှာ ဝှက်ထားတယ်။ အဲဒီနေရာက ကျုပ် တစ်ယောက်တည်း သိတာပဲ။ နို့ပေမဲ့ ဒီစာအုပ်ကလေး ရဲအရာရှိတွေ လက် ထဲ ကျုပ်မပေးနိုင်အောင် ခင်ဗျားကာကွယ်နိုင်တယ်။ ဒီမှာ ကိုချက်ကြီး၊ ခင်ဗျားနဲ့ ကျုပ်နဲ့ နားလည်မှုထားပြီး ပွင့်ပွင့်လင်းလင်း ပြောကြရအောင်ဗျာ။ ကျုပ်လက်ကို့တစ်ဖက် မသန်ဘဲ ဖြစ်နေတာဟာ ငယ်ငယ်တုန်းက ခင်ဗျား လိမ်ချိုးထားခဲ့တဲ့ ဒဏ်ပဲ။ ကျုပ် နှာခေါင်းနည်းနည်း နိမ့်နေတာလည်း ခင်ဗျား လက်သီးချက်ပဲ။ ဒါတွေတင် မကသေးဘူး။ အခုကြီးလာတော့ ကျုပ်နှမကို ယူတယ်။ ယူတာထားလိုက်ဦး"

စကားမဆုံးမီ ကြားဖြတ်၍ "တော်ပါဗျာ။ ချေးခြောက်ကို ရေမနှူး စမ်းပါနဲ့"

"ဒီမှာ ကိုချက်ကြီး၊ ခင်ဗျားလာတာ တစ်ယောက်တည်း မဟုတ် ဘူး။ သက်တော်စောင့်တွေက အောက်မှာ နေရစ်တယ်ဆိုတာ ကျုပ် သိ တယ်။ ဒါပေမဲ့ ကျုပ်ကိုလည်း ခင်ဗျားပြန်ပေးမဆွဲနိုင်ဘူး။ ဒီလောက် လူစည်ကားတဲ့ လမ်းမကြီးမှာ ကျုပ်ကို ကားနက်ကလေးဆီ ရောက်အောင် ခင်ဗျား ဆွဲမခေါ်နိုင်ဘူး"

"ကိုင်းဗျာ ... ခင်ဗျား စာအုပ်အတွက် ငွေဘယ်လောက် လိုချင် သလဲဆိုတာသာ ပြောစမ်းပါ။ နေဦး ... ခင်ဗျားကို ကျုပ် ပထမပြောစရာ ရှိသေးတယ်။ အဖိုးတော့ တန်တဲ့ စကားမဟုတ်ပါဘူး။ ခင်ဗျား နှမက သူရေးထားတဲ့စာကို ဘယ်နည်းနဲ့မှ ရဲဘက်က ယုံမှာ မဟုတ်ဘူး။ သို့သော် ကျုပ်တို့ကို မေးလား မြန်းလားနဲ့ ဒုက္ခတော့ ပေးချင်ပေးမပေါ့။ အဲဒီ ဒုက္ခကို မခံချင်လို့ ကျုပ်တို့ဆရာ မုတ်ဆိတ်က နည်းနည်းပါးပါးတော့ ပေးပါလိမ့် မယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးမောင်သည် စားပွဲပေါ်မှ စားပွဲတင်နာရီကို မသိမသာ စောင်း၍ကြည့်လိုက်၏။ အချိန်မှာ ၃ နာရီ ၂၃ မိနစ်ရှိလေပြီ။ ကိုကျော်တင့် ရောက်လာရန် ၁၅ မိနစ် အချိန်ပေးခဲ့သည်မှာ များလွန်းလှ၏။ ၁၀ မိနစ် ပေးလျှင် လုံလောက်ပေပြီ။ အချိန်ကို မိနစ်အနည်းငယ်မျှ ဆွဲရပေမည်။ သို့နှင့် သူသည် စာအုပ်ကလေးအတွက် တန်ဖိုးဖြတ်ရန် စဉ်းစားနေသကဲ့သို့ အတန်ကြာသောအခါ မောင်လေးမောင်သည် ဦးခေါင်းကို ဆတ်ခနဲ ခါလိုက်ပြီးနောက် –

"ကျုပ် ငွေမလိုချင်ဘူး ကိုချက်ကြီး။ ခင်ဗျား အပြစ်ရအောင် ကျုပ် သက်သေပြရမယ်။ သက်သေခံ လုံလောက်လို့ ခင်ဗျား ကြိုးစင်တက်ရရင် တော်ပြီ"

ချက်ကြီး၏ မျက်နှာမှာ ရဲခနဲ ဖြစ်၍သွား၏။

"အံမယ် ငါက ဘာဖြစ်လို့ ကြိုးစင်တက်ရမှာလဲ ဟင် ... ခွေးမ သား"

ချက်ကြီးသည် သူထိုင်နေသော ကုလားထိုင်ကို နောက်သို့ ဆောင့်၍ တွန်းလိုက်ပြီးလျှင် နေရာမှ ဖျတ်ခနဲ ထလိုက်၏။ မောင်လေး မောင်မှာမူ အနည်းငယ်မျှ ဣန္ဒြေမပျက်ချေ။ သို့သော် သူ၏လက်ထဲတွင် ရိုင်ဖယ်တစ်လက်သည် မျက်လှည့်ပြလိုက်သကဲ့သို့ ရုတ်တရက် ပေါ်လာ လေသည်။ မောင်လေးမောင်သည် ချက်ကြီး၏ ရင်ဝဆီသို့ တည့်တည့် ချိန်လိုက်၏။

၃ နာရီ ၂၆ မိနစ်ရှိလေပြီ။

"အနားမကပ်နဲ့ ယမ်းတောင့် ထိုးထားတယ် ... ထိုင်ပါ ... ကုလားထိုင်ပေါ်မှာ ပြန်ထိုင်"

ချက်ကြီးသည် ကုလားထိုင်ပေါ်တွင် ပြန်၍ထိုင်လိုက်၏။

"ခွေးမသား ငါ့ကို တစ်ပတ်ရိုက်တာပေါ့လေ"

"ဒီမယ် ကိုချက်ကြီး၊ ကျုပ် ခင်ဗျားကို တစ်ပတ်ရိုက်တာ မဟုတ် ပါဘူး။ ကျုပ် ကတိထားတဲ့ အတိုင်းဖြစ်စေမယ်ပေါ့။ ကျုပ်က လူတစ် ယောက်ကို သတ်ဝံ့တာ မဟုတ်ပါဘူး"

၃ နာရီ ၂၇ မိနစ်ရှိလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



မောင်လေးမောင်သည် ဖွင့်၍ထားသော ပြတင်းပေါက်မှ လမ်းဘက်သို့ မျှော်ကြည့်လိုက်၏။ ကားနက်ကလေးမှာ ဦးဘိုးအောင် ကုမ္ပဏီရှေ့ ပေါ်တီကိုအောက် အနီး၌ရပ်လျက်ရှိရာ ဦးထုပ်ပျော့နှင့် လူကြီးမှာလည်း ကားအနီး၌ပင်။ မောင်ကျော်တင့်သည် ကားအနီးမှ လမ်းကိုဖြတ်ကာ လာနေပြီ။ သို့သော် သူ၏ ခြေလှမ်းများမှာ နှေးကွေးလှသဖြင့် မောင်လေးမောင်မှာ စိတ်ထဲတွင် မချင့်မရဲဖြစ်နေ၏။ အချိန်ကို အနည်းငယ်မျှ ဆွဲရပေဦးမည်။

"ဒီမှာ ကိုချက်ကြီး၊ ကျုပ် အခုပဲ ဒီတံခါးက ထွက်သွားမယ်။ နောက်ဒိုင်ယာရီ စာအုပ်ကလေးသွားယူပြီး ရဲဘက်ကို တစ်ခါတည်း အပ်လိုက်တော့မယ်။ ဒီတော့ ခင်ဗျားကို တားဖို့ နည်းလမ်းတစ်ခုပဲ ရှိတယ်။ ကျုပ်ကို သတ်ပေတော့"

"ကောင်းပြီ"

ထိုအချိန်၌ စုံထောက်မောင်ကျော်တင့်မှာ အိမ်ရှေ့သို့ ရောက်၍ လာလေပြီ။ သူသည် အိတ်ထဲမှ စာရွက်ကလေးတစ်ရွက်ကို ထုတ်ကာ တိုက်နံပါတ်ဖြင့် တိုက်ကြည့်လျက် ရှိ၏။ ထို့နောက် အောက်ထပ် လှေကားမှ တိုက်ပေါ်သို့ တက်လာလေသည်။

မောင်လေးမောင်သည် ကုလားထိုင်မှ ထပြီးလျှင် အခန်းကိုဖြတ်ကာ တံခါးပေါက်ဆီကို သွားလေ၏။ ထိုအချိန်၌ လှေကားမှ တက်လာသော မောင်ကျော်တင့်၏ ခြေသံများကိုပင် ကြားရလေပြီ။

မောင်လေးမောင်သည် သေနတ်ကို ချက်ကြီး၏ ပေါင်ပေါ်သို့ ရုတ်တရက် ပစ်တင်ပေးလိုက်၏။

လေး။ ။ "ခလုတ်ပိတ်ထားတယ်။ ခင်ဗျားပစ်လို့ မရသေးဘူး။ အဖုကလေး ညာဘက်ကို တွန်းလိုက်၊ အဲ ... ဟုတ်ပြီ၊ ကိုင်း ... ကျုပ်သွားတော့မယ် ကိုချက်ကြီး ဒါဟာ ခင်ဗျားရဲ့ နောက်ဆုံး အခွင့်အရေးပဲ"

မောင်လေးမောင်သည် ပြောပြောဆိုဆိုနှင့် တခါးမှ လက်ကိုင်ဖုကို လှမ်း၍ကိုင်လိုက်ပြီးနောက် –

"ကိုင်း ... ပစ်လေ၊ ရဲဌာနကို ကျုပ်သွားတော့မယ်။ ကျုပ်ကို မပစ်ရင် ဒီစာအုပ်ကလေးဘယ်မှာ ရှိတယ်ဆိုတာ အခု ရဲကို သွားပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com


ချက်ကြီးသည် ရိုင်ဖယ်ကို မြှောက်၍ လေးမောင်၏ ရင်ဝသို့ ချိန်လိုက်၏။

ကိုကျော်တင့်သည် အခန်းဆီသို့ ဝရန်တာမှ လျှောက်၍လာနေပြီ၊ မောင်လေးမောင်သည် တံခါးလက်ကိုင်ကို လှည့်၍ဖွင့်ကာ ချက်ကြီးအား–

"ခင်ဗျာ့ကို နှုတ်ဆက်တာပဲ ကိုင်း ... ကျုပ်သွားမယ်"

ထိုခဏ၌ 'ဒိန်း' ခနဲ မြည်သော အသံကြီးသည် အခန်းတွင်း၌ ဆူညံသွားပြီးလျှင် တိုက်နံရံများဆီသို့ ပဲ့တင်ထပ်၍ သွားလေ၏။ မောင်လေးမောင်သည် ကြမ်းပေါ်သို့ ပုံလျက်သား လဲကျသွားလေသည်။

သူများအသက်ကို မသတ်ရက်သော မောင်လေးမောင်သည် စက္ကန့် ၆၀ မျှ အသက်ရှင်လျက်ရှိသေး၏။

ထိုအချိန်အတွင်း သူသည် တံခါးမှ ခြောက်လုံးပြူး ကိုင်၍ ဝင်လာသော စုံထောက် ကိုကျော်တင့်ကိုလည်းကောင်း၊ နောက်တစ်ချက် ထပ်၍ ပစ်ရန် ကြိုးစားသေးသော လူဆိုးချက်ကြီးအား ကိုကျော်တင့်က ဖမ်းဆီးလိုက်သည်ကိုလည်းကောင်း မြင်ရ၏။ ကိုကျော်တင့်သည် မောင်လေးမောင်၏ ရင်ဝကို လက်တစ်ဖက်ဖြင့် အသာအယာ ဖိထားပြီးလျှင် နားနားသို့ကပ်၍ –

"မင်းကို ဒီအကောင်က ပစ်လိုက်တာ ငါတပ်အပ်မြင်ရတယ်။ ဒီ့ထက်လုံလောက်တဲ့ သက်သေခံတော့မရှိဘူး။ ဒီတော့ သူတော်ကောင်းတစ်ယောက်ကို သတ်တဲ့လူဟာ လည်ပင်းမှာ ကြိုးကွင်းစွပ်ပြီး သေရမယ် မုချပဲ။ စိတ်ချ သူငယ်ချင်း ... စိတ်ချ" ဟု ပြောလိုက်၏။

မောင်လေးမောင်သည် ကိုကျော်တင့် ပြောသည်ကို နားလည်သည့်ဟန်ဖြင့် အသက်မထွက်မီ သူ၏နှုတ်ခမ်းပေါ်၌ ပြုံးယောင်ကလေးများ သန်း၍ သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခွင့်ကောင်းတစ်ချက်

သူဌေးကတော်လေး မသင်းမြိုင်သည် မိမိအိပ်ရာ ကြေးခုတင်နံဘေးရှိ စားပွဲဝိုင်းပေါ်တွင် ကနုကမာ ခုံကလေးဖြင့် တင်ထားသော နာရီဝိုင်းကလေးကို ကြည့်မိ၏။ နာရီလက်တံများသည် ၁၂ နာရီ ၁၅ မိနစ်အချိန်ကို ပြလျက်ရှိလေသည်။ ဆေးဝါးကိုသာ အားကိုးပြုလျက် အသက်ရှင်၍ နေရသော လင်လူမမာကြီးကား မိမိအိပ်ခန်း၏အောက်တည့်တည့်၌ရှိသော အခန်းတွင် ထိုအချိန်၌ ကောင်းမွန်စွာ အိပ်စက်လျက် ရှိနေပေလိမ့်မည်။ မသင်းမြိုင်၏ စိတ်ထဲတွင် လင်ဖြစ်သူ သူဌေးဦးသာဆိုင် အပေါ်တွင် ရွံရှာမုန်းတီးသော စိတ်များဖြင့် ပြည့်နှက်လျက်ရှိတော့၏။

မသင်းမြိုင်သည် အိပ်ရာမှ လူးလဲထကာ အသံမမြည်အောင် ခြေဖျားထောက်လျက် ပြတင်းပေါက်ဆီသို့ တစ်လှမ်းချင်းမျှ သွားလေ၏။ ထို့နောက် ပြတင်းပေါက်မှ အထက်အောက် အံထိုးဖြင့် တင်နိုင်ချနိုင်ပြုလုပ် ထားသည့် မှန်ဘောင်ကို အနည်းငယ်အပေါ်သို့ မ၍တင်လိုက်၏။ ဦးသာ ဆိုင်၏ အိမ်ပြတင်းပေါက်မှ မှန်တံခါးများမှာ အပြင်သို့တွန်း၍ မဖွင့်ရဘဲ၊ အထက်အောက် အလိုရှိသလို တင်၍ ချ၍ရအောင် အံထိုးဖြင့် ပြုလုပ်ထား လေသည်။ မကြာမီကပင် မသင်းမြိုင်သည် ယင်းအံထိုးများကို အသံမမြည် စေရန် ကောင်းစွာ ပြင်ဆင်ပြုလုပ်ထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ပြတင်းပေါက်မှ အံထိုးမှန်တံခါးရွက်ကို ထက်ဝက်ခန့် အပေါ်သို့ မြှင့်တင်လိုက်ရာ သို့ပြုလုပ်ရာ၌ပင် အနည်းငယ်မျှ အသံမထွက်အောင် ညင်သာစွာပြုလုပ်၏။ အဘယ့်ကြောင့်ဆိုသော ညင်သာစွာ ပြုလုပ်ခြင်းသည်သာလျှင် သူ၏အကြံအထမြောက်ရန် နည်းလမ်း ဖြစ်လေသည်။

ပြာသိုလ၏ အေးမြသော သန်းခေါင်ယံ လေသည် အပြင်မှ ထိုးဝင်လာ၍ ထူထဲသော ညဥ့်ရုံအင်္ကျီအတွင်းသို့ပင် ဖောက်ထွင်း၍ဝင်ကာ စိမ့်ခနဲ ဖြစ်သွား၏။ သို့နှင့် လက်ဝဲဘက်ဖြင့် အင်္ကျီလည်ပင်းကို တင်းကျပ်စွာ ဆုပ်ကိုင်၍ ထားလိုက်ရလေသည်။ အပြင်၌ကား ကျယ်ပြန့်သော အမှောင်ထုသည် အအေးဓာတ်ကို ကျောထောက်နောက်ခံအနေဖြင့် အားပေးနေဘိသကဲ့သို့ တည်ရှိ၏။ ထိုလေအေးသည်ကား အင်အားချည့်နဲ့သူ တစ်ယောက်၏ ဝိညာဉ်ကို 'ဖြုတ်' နိုင်လောက်အောင် တန်ခိုးသတ္တိနှင့် ပြည့်စုံသော လေအေးပင်တည်း။ မသင်းမြိုင်သည် လေအေးဒဏ်ကို မခံနိုင်သဖြင့် ပြတင်းပေါက်တံခါးရွက်ကို ပြန်၍ပိတ်လိုက်လေသည်။

● ထို့နောက် အတွင်းမှ မင်းတုပ်မထိုးဘဲ စေ့ရုံသာစေ့၍ ထားသော အခန်းတံခါးရှိရာသို့ ခြေဖျားထောက်၍ သွား၏။ (ယင်းကဲ့သို့ ပြုလုပ်ထားခြင်းမှာလည်း ကြိုတင်ပြုလုပ်ထားခြင်းဖြစ်၏။) ကိုအောင်မြတ်သည်လည်း အဘိုးကြီးကဲ့သို့ပင် အိပ်မောကျ၍နေပေလိမ့်မည်။ "ဒီလူသိသွားရင် အခက်ပဲ၊ ငါ့အကြံလည်း ဘယ်တော့မှ အောင်မှာ မဟုတ်တော့ဘူး" ဟု တစ်ကိုယ်တည်း ညည်းညူမိလေသည်။ အခန်းတံခါးကို ဖွင့်၍ အပြင်သို့ ခေါင်းပြူကာ အသံဗလံကို နားထောင်မိ၏။ တစ်အိမ်လုံးမှာ ကြွက်လျှောက်သံ၊ အိမ်မြောင်စုတ်ထိုးသံပင် မကြားရဘဲ သုသာန်တစပြင်ကဲ့သို့ တိတ်ဆိတ်လျက်ရှိ၏။

မသင်းမြိုင်၏ အတွေးအခေါ် အကြံအဆများနှင့် လှုပ်ရှားမှုများမှာ ပကတိလုပ်ရိုး လုပ်စဉ်ထက် လျင်မြန်ဖျတ်လတ် နေသကဲ့သို့ရှိ၏။ သို့ဖြစ်အောင်လည်း ယခင်ကပင် ကြိုတင်လေ့လာထားပြီး ဖြစ်လေသည်။

သတိပြုရန် အချက် နှစ်ချက်ကို စဉ်းစားမိ၏။ ပထမအချက်မှာ စကြံ၌ ပထမမြောက် ပျဉ်ချပ်မှာ လူနင်းလျှင် 'ကျွီ'ခနဲ မြည်တတ်၏။ ဒုတိယအချက်မှာ အောက်သို့ ဆင်းသော လှေကား၌ အောက်ဆုံးအဆစ်သို့ မရောက်မီ အထစ်သည် ချောင်၍နေသဖြင့် ခြေဖြင့်နင်းလျှင် အသံမြည်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုအချက်များကား ပြောပလောက်သော အချက်များ မဟုတ်ချေ။ ကိုယ်တိုင် သိရှိနားလည်ပြီး ဖြစ်လေသည်။

သူသည် အရိပ်တစ်ခုကဲ့သို့ စင်္ကြံမှ လျှောက်ကာ လှေကားမှ အောက်ထပ်သို့ ဆင်းသွားလေ၏။ မကောင်းဆိုးဝါးပင် သူ့လောက် အသံ တိတ်မည် မဟုတ်ပေ။ အလွန်မှောင်၍ နေသော်လည်း သူရောက်လာသော နေရာမှာ အဘိုးကြီး အိပ်သော အခန်းဖြစ်ကြောင်းသိရလေသည်။

မသင်းမြိုင်သည် အခန်းတံခါး လက်ကိုင်ကို စမ်းသပ်ကာ သူ ထင်သည့် အတိုင်းပင် စေ့ရုံမျှစေ့၍ထားသည်ကို တွေ့ရသဖြင့် ဝမ်းထဲက ပြုံးမိသေး၏။ တံခါးမှာ ထူထဲသော သစ်သား တံခါးဖြစ်၍ အတွင်းအပြင် နှစ်ဖက်စလုံး လှည့်၍ဖွင့်နိုင်ပိတ်နိုင်သော အော်တိုမစ်တစ်မင်းတုံး တပ်ထား သည့် တံခါးဖြစ်၍ ဖွင့်ရန် လွယ်ကူသော်လည်း 'ချက်'ခနဲ မြည်သော အသံကို စိုးရိမ်သဖြင့် ယခုကဲ့သို့ ကြိုတင်၍ သူကိုယ်တိုင်အပြင်မှ ပြန်၍ မပိတ်ဘဲ စေ့ရုံသာစေ့၍ ထားခဲ့ခြင်းဖြစ်လေသည်။

မသင်းမြိုင်သည် ထိုအသေးအဖွဲများကိုပင် ကြိုတင်စီမံထား၏။ ကိုအောင်မြင့်က တွေ့၍မေးသောအခါများတွင် လူမမာထံ လာရောက် သောအခါများတွင် လင်ပန်းက တစ်ဖက်ကိုင်ရသဖြင့် အလွယ်တကူ ဖွင့်နိုင် အောင် ပြုလုပ်ထားခြင်း ဖြစ်ကြောင်း ဖြေရန်ဖြစ်သည်။

အခန်းတွင်းသို့ ဝင်မိလျှင်ပင် အဘိုးကြီးမှာ အိပ်မောကျ၍နေ ကြောင်း ကောင်းစွာ သိရှိ၏။ စားပွဲတင် ဓာတ်မီးကလေးမှာ အသက် ၆၀ နှစ်ခန့်ရှိဖျော့တော့သော မျက်နှာရှိသည့် လူတစ်ယောက်၏ မျက်နှာ တစ်ခြမ်းပေါ်သို့ ကျရောက်လျက်ရှိသည် ဖြစ်ရာ မျက်နှာမှာ ကမ္ဗလာနီးရုပ် သာသာမျှ ရှိနေသည်ကို မြင်ရ၏။ ပါးစပ်မှာ ထက်ဝက်မျှပွင့်လျက် ၎င်းမှ တံတွေးမြှုပ်များပင် ခေါင်းအုံးပေါ်သို့ ယိုစီးနေသည်ကို ဓာတ်မီးရောင်၌ မြင်ရလေသည်။ အဘိုးကြီး အသက်ရှုပုံမှာ ခပ်ကြပ်ကြပ် ရှိနေသော်လည်း အသက်ရှူသံမှာ လူကောင်းကဲ့သို့ မှန်မှန်ရှူရှိုက်လျက်ရှိ၏။

မသင်းမြိုင်သည် ခေါင်းရင်းဘက် ကျသော မှန်ပြတင်းပေါက်ဆီ သို့ သွားကာ မှန်ဘောင်ကို တစ်ပေခန့်အပေါ်သို့ မြှင့်တင်လိုက်၏။ အပြင်မှ စုပ်၍ ဝင်လာသောလေသည် မိမိအိပ်သော အပေါ်ထပ်သို့ ဝင်လာသည့် လေထက်ပင်အေးကြောင်း သိရလေသည်။ ဦးသာဆိုင်သည် ချောင်းရာသီ



www.burmeseclassic.com

www.burmeseclassic.com



တွင် ထိုပြတင်းပေါက်ကို မည်သည့်အခါမျှ ဖွင့်ရန်ခွင့်မပြုချေ။ မသင်းမြိုင်သည် ပြတင်းပေါက်ကို ပြန်၍ မပိတ်ဘဲထားလိုက်၏။

အခြားပြုလုပ်ရန် တစ်ခုလည်း ရှိသေး၏။ ၎င်းမှာ စောင်ကို ပြင်ဆင်ခြင်း ဖြစ်လေသည်။ ဦးသာဆိုင်မှာ အအေးမမိစေရန် အိပ်ရာ ခင်းသောအခါများ၌ စောင်ကို တစ်ဖက်တစ်ချက် အဆုံးအထိ မွေ့ရာနှင့် ညှပ်ထားပေးရ၏။ သို့သော် ထိုနေ့ညဥ့် မသင်းမြိုင်သည် အကြံရှိသဖြင့် စောင်ကို လူမမာ၏ ရင်ပတ်မှ ခွာ၍ တစ်ဖက်တွင် အနည်းငယ်မျှ ထွေးလုံးရစ်ပတ်လုပ်ထားလိုက်သောအခါ လူမမာသည် တစ်ဖက်သို့ စောင်းလိုက်ရာတွင် စောင်ပါ ပါ၍သွားသည်နှင့် တူအောင် ပြုပြင်ထားလိုက်လေသည်။

တံခါးဆီသို့ ပြန်လာသောအခါ ပြတင်းပေါက်အပြင်မှ ဆီးနှင်းများ ကျနေသည်ကို မြင်ရသဖြင့် အပြင်မှ လေခပ်ပြင်းပြင်း တိုက်လိုက်က အခန်းတွင်းသို့ နှင်းပေါက်ဝင်ပြီးလျှင် ကြမ်းပြင်ပေါ်တွင် စို၍နေပေလိမ့်မည်။ ယခု ဖွင့်ထားခဲ့လျှင် တော်မှတော်ပါမည်လောဟု စဉ်းစားမိ၏။

စိုးရိမ်ခြင်း၊ ကြောင့်ကျခြင်း၊ ပူပင်သောက ရောက်ခြင်းတို့သည် မသင်းမြိုင်၏ အတွင်း သဏ္ဌာန်ကို စုပြုံတိုက်ခိုက်ကာ ပြတင်းပေါက်ဆီသို့ ပြန်၍ ဆွဲခေါ်လာပြန်၏။ "ငါပိတ်လိုက်ရကောင်းမလား" ဟု တွေးမိပြန်၏။ မဝေခွဲနိုင်အောင် ဆူပူနေသော စိတ်သည် သူ၏အကြောအခြင်များကို ဆွဲ၍ထားဘိသကဲ့သို့ ထင်ရ၏။ ထို့နောက်မှ စဉ်းစားဉာဏ်ပြန်၍ ဝင်လာလေသည်။

"သန်းခေါင်ကျော်လို့ ... လေထန်ထန်တိုက်လေရင် ငါကောအပေါ်ထပ်ကနေပြီး မသိနိုင်ဘဲ နေပါ့မလား။ သိနိုင်တာပေါ့ ... အဲဒီတော့ လုပ်ရင် ပြီးတာပဲ"

ဤသို့ တစ်ကိုယ်တည်း ရေရွတ်ပြောဆိုပြီးနောက် မသင်းမြိုင်သည် ရှုံ့ရှာမုန်းတီးလှသော လင်ယောကျ်ားကြီး၏ မျက်နှာကို နောက်ဆုံး ကြည့်ခဲ့ပြီးနောက် အခန်းထဲမှ ထွက်ခဲ့လေ၏။

နောက် သူ သတိရသောအရာမှာ နာရီကို ကြည့်ခြင်းပင် ဖြစ်လေသည်။ နာရီလက်တံမှာ ၁၂ နာရီနှင့် ၁၈ မိနစ်မျှသာ ရှိသေး၏။ ၃ မိနစ်မျှသော အချိန်အတွင်း၌ အထက်ပါကိစ္စအားလုံးကို လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပေသည်။ လှေကားကိုမည်ကဲ့သို့ တက်ခဲ့သည်။ စကြံကို မည်ကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ခဲ့သည်။ တံခါးကို မည်ကဲ့သို့ ပြန်ပိတ်ခဲ့သည် စသည်တို့ကိုပင် ကောင်းစွာ သတိမရချေ။ စိတ်ရောကိုယ်ပါ မောယိုင်ကာရှိနေ၏။

သို့သော် မောနေ၍ ကိစ္စမပြီးသေးချေ။ နံနက်လင်းအားကြီး ၄ နာရီခန့်တွင် လုပ်ရန် အလုပ်ကိစ္စများစွာရှိသေး၏။ အကယ်၍ ထိုအချိန် လွန်၍ သွားခဲ့သော် မိမိ၏အကြံအစည်အားလုံး ပျက်ပေတော့မည်။ သို့နှင့် မသင်းမြိုင်သည် မအိပ်ချင်စေရန် အိပ်ရာမှထကာ လှောင်အိမ်ထဲတွင် လမ်းသလား၍နေသော ခြင်္သေ့မတစ်ကောင်ကဲ့သို့ အခန်းထဲတွင် စကြံလျှောက်လျှက်ရှိလေ၏။

လွန်ခဲ့သော ၁၀ နှစ်ခန့်ကပင် ဤအိမ်ကြီးသို့ရောက်လာခဲ့ရာ၊ မသင်းမြိုင်သည် စကြံလျှောက်ယင်း မိမိ၏ ရှေးဟောင်းနှောင်းဖြစ်များကို စဉ်းစားလျှက်ရှိလေသည်။

*

သူဌေးဦးသာဆိုင်ထံသို့ အလုပ်သွင်းပေးသူက မသင်းမြိုင်အား "ဒီလူကြီးက တစ်မျိုးကြီးပဲဗျာ ... လူထူးလူဆန်းကြီးတစ်ယောက် ဆိုချင်ဆိုတော့ ... နို့ပေမဲ့ လူတစ်ဖက်သားကိုတော့ ရန်ရှာတတ်တဲ့လူမျိုး မဟုတ်ဘူး။ တစ်မျိုးပဲ ... ပိုက်ဆံလည်း အင်မတန် ချမ်းသာတယ်။ ဒီလူကြီးက ရှေးဟောင်းပစ္စည်းတွေကို သူနောက်ဖေးက တိုက်ထဲမှာ တစ်ခါတည်း ပြတိုက် သဘောမျိုး သူ့အစီအစဉ်နဲ့ သူ၊ သူ့ရာဇဝင်နဲ့သူ ခင်းပြထားတယ်။ ကျွန်တော် ကြားရသလောက်တော့ တပ်မတော် မော်ကွန်းတိုက်က သူ့ပစ္စည်းတွေကို ၅ သိန်းတောင် ပေးဝယ်နေတယ်ဆိုပဲ"

"ဒီလောက်ပဲ အဖိုးတန်သလားရှင်"

"တန်တာပေါ့ မသင်းမြိုင်၊ သူနေတဲ့ အိမ်ကတော့ နှစ်ထပ်အိမ်ဟောင်းကြီးပါပဲ။ အဲဒီ သူ့ပစ္စည်းတွေ ထားဖို့ နောက်ဖေးဘက်မှာ တိုက်ကလေး တစ်လုံးသပ်သပ်ဆောက်ထားတယ်။ စနေနဲ့ တနင်္ဂနွေနေ့တွေမှာ အပြင်လူကိုကြည့်ဖို့ ခွင့်ပြုတယ်ဆိုပဲ။ နိုင်ငံခြားသားတွေတောင် မကြာမကြာ လာကြည့်သတဲ့"

"သိပ်ထူးဆန်းလို့ပဲနော်"

"ထူးဆန်းလို့ရယ်လို့တော့ မဟုတ်ဘူး။ ဟိုရှေးက ရာဇဝင်အရ ပစ္စည်းတွေဆိုတော့ အဖိုးတန်တာပေါ့"

www.burmeseclassic.com


"ဒါနဲ့ ကျွန်မအလုပ်က ဘာလုပ်ရမှာလဲ ရှင်"

"အိမ်ထောင်ကို ထိန်းသိမ်းရမယ်။ ဟင်းလျာကလေး ဘာကလေး နည်းနည်းပါးပါး ပြင်ပေးရမယ်။ အဘိုးကြီးက အမယ်ကြီးကိုလည်း စိတ်ချမ်းသာအောင် ပြုစုဖို့ဆိုပါတော့ဗျာ။ အားရင်လည်း သူ့ပြတိုက်ကို နည်းနည်းပါးပါး ကြည့်ရှုပြင်ဆင်ပေးပေါ့ ဒါပါပဲ"

"အားလုံး သဗ္ဗလံနံ့ပေါင်းပဲ ဆိုပါတော့"

"ဟုတ်တယ် ... အဘိုးကြီးက စစ်စီတော့ စစ်စီတယ်။ နို့ပေမဲ့ လခတော့ ကောင်းကောင်းပေးတဲ့ လူကြီးတစ်ယောက်ဗျ။ ဘယ်နည်းနဲ့မဆို သူများပေးတဲ့ လခထက်တော့ ပိုပေးတဲ့လူ"

"ကောင်းပါပြီရှင်"

"ပြီးတော့ ... သူ့ကို စကားပြောရင် အစ်ကိုကြီးလို့ ခေါ်နော် ... သူက အစ်ကိုကြီး ခေါ်မှ ကြိုက်တာ"

"ဟုတ်ကဲ့ ခေါ်ပါ့မယ်ရှင်"

ဤကဲ့သို့ လခကောင်းခြင်းသည်ပင် မသင်းမြိုင်၏ဘဝခရီးကို တစ်မျိုးတစ်ဖုံပြောင်း၍သွားစေတော့၏။ ပေးသော လခမှာလည်း ငြင်းပယ်၍ မပစ်ရက်လောက်အောင် ဆွဲဆောင်မှုရှိလေသည်။

သို့နှင့် သူဌေးဦးသာဆိုင်သည် အလုပ်လျှောက်ထားသော မသင်းမြိုင်အား ကိုယ်တိုင်ခေါ်ယူမေးမြန်းစစ်ဆေးလေရာ၊ မေးခွန်းအချို့မှာ အလုပ်နှင့် တစ်စုံတစ်ရာ မပတ်သက်သော မသင်းမြိုင်၏မိဘဆွေမျိုး အလုပ်အကိုင် အခြေအနေ ယခုလက်ရှိ နေထိုင်ရပုံ၊ ကျောထောက်နောက်ခံမှစ၍ မသင်းမြိုင်၏ဇာစ်မြစ် မူလဘူတတို့ကိုပါ တဖြည်းဖြည်း ပေါ်၍လာအောင် တစ်နည်းအားဖြင့် လှည့်ပတ်မေးမြန်းသော မေးခွန်းများ ဖြစ်လေသည်။ မေးခွန်းများ ထုတ်နေစဉ် ဦးသာဆိုင်၏ စူးရှသော မျက်လုံးများမှာ မသင်းမြိုင်၏ စိတ်ဓာတ်အတွင်းသို့ ဖောက်ထွင်းဝင်ရောက်ကာ သိနိုင်စွမ်းရှိသကဲ့သို့ မသင်းမြိုင် ထင်မိ၏။ မဟုတ်သည်ကို ဟုတ်ပါသည်ဟု လှည့်ပတ်မပြောဘဲ မှန်သည်အတိုင်း ဟုတ်တိုင်းမှန်ရာကို အစစ်ခံရသော ကလေးငယ်ကဲ့သို့ ရှိနေ၏။

ဦးသာဆိုင်သည် မေးခွန်းများကို ဆက်လက်ထုတ်ပြန်ရာ မသင်းမြိုင်က မိမိ၏မွေးသမိခင်ကြီးမှာ နာတာရှည်ဖြစ်၍ ဆေးဖိုးဝါးခများ အလွန်


www.burmeseclassic.com

www.burmeseclassic.com


ကုန်ကျခဲ့ကြောင်း၊ သေဆုံးခါနီးတွင် ဆရာဝန်များကို ခေါ်ရ၍ အလွန်အဖိုးထိုက်တန်သော ထိုးဆေးများကို ထိုးရခြင်း၊ ဆရာဝန်ကိုသာမက သူနာပြုဆရာမများကိုပါ အခကြေးငွေများပေးခဲ့ရသည့်ပြင် အသုဘကိစ္စကိုလည်း လက်ထဲတွင် ကျန်ရှိနေသမျှ ငွေကလေးဖြင့် ခြစ်ခြစ်ခြုတ်ခြုတ် ဆောင်ရွက်လိုက်ရသဖြင့် ယခုအချိန်၌ မိမိမှာ ပိုက်ဆံကြေးငွေဟူ၍ တစ်ပြားတစ်ချပ်မျှ မကျန်ရှိတော့ကြောင်းဖြင့် အတိအလင်း ဝန်ခံရတော့သည့် အခြေအနေသို့ ရောက်ရှိခဲ့လေသည်။

ကျေနပ်လောက်သော မေးခွန်းများကို မသင်းမြိုင်ထံမှ ညှစ်ထုတ်ရရှိပြီးနောက် ဦးသာဆိုင်သည် မသင်းမြိုင်၏ မျက်လုံးအစုံကိုလည်းကောင်း၊ တောင့်တင်းသော ကိုယ်ကာယကိုလည်းကောင်း ခြုံ၍ကြည့်လိုက်၏။ သို့နှင့် မသင်းမြိုင်မှာ စိတ်ထဲ၌ မလုံသကဲ့သို့ ဖြစ်ကာ အတော်ပင် အနေရခက်၍ သွားလေသည်။

"အသက်က ဘယ်လောက်ရှိပြီ"

"၂၈ နှစ်ပါရှင်"

"အိမ်ထောင်မရှိဘူးနော်"

"ဟုတ်ကဲ့ မရှိပါဘူး အစ်ကိုကြီး"

"အသက်ကလေးကလည်း ၂၈ နှစ်၊ ရုပ်ကလေးကလည်း ဖြောင့်ဖြောင့်နဲ့ တောင့်တောင့်တင်းတင်း ဆိုတော့ ပိုးသူပန်းသူတွေ အင်မတန်များပေါ့လေ ... ဟုတ်ပြီ၊ ဟုတ်ပြီ ကျုပ်တွေးမိပြီ။ အခုအချိန်ထိ အပျိုကြီး ဖြစ်နေတယ်ဆိုတာ အမေကြီးလုပ်တဲ့လူက နှင်းဆီငုံနားလာပြီး ကပ်လာသမျှ ပျားတွေကို အတင်းမောင်းထုတ်နေလို့ ဖြစ်မှာပေါ့"

မသင်းမြိုင်မှာ ရှက်သွေးမွှန်ကာ မျက်နှာတစ်ခုလုံး နီမြန်း၍ သွားလေ၏။ သို့သော် အလုပ်မရမည်စိုးသဖြင့် တစ်စုံတစ်ရာ ပြန်၍မဖြေမိရန် ကြိုးစား၍ မျိုသိပ်ထားလိုက်ရလေသည်။

မေးခွန်းများ ပြီးဆုံးသောအခါ ဦးသာဆိုင်လည်း မသင်းမြိုင်၏ အရည်အချင်းကို မိမိသဘောကျကြောင်း၊ မသင်းမြိုင်မှာ အလုပ်အကိုင်တွင် သွက်လက်ဟန်ရှိရုံမျှမက အဝတ်အစားအနေအထိုင် အပြောအဆိုမှစ၍ သပ်သပ်ရပ်ရပ် ရှိသည်ကို မိမိပို၍နှစ်သက်ကြောင်းဖြင့် ချီးကျူးပြီးလျှင် အလုပ်ခန့်ထားလိုက်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



ဦးသာဆိုင်ကား အခြားနေရာတွင် စေးနည်းသော သူတစ်ယောက် မှန်သော်လည်း သူလိုချင်တပ်မက်သော ပစ္စည်းများကိုမူ တန်ဖိုးကို ပဓာန မထားဘဲ ဝယ်ယူတတ်၏။ ထို့ကြောင့်လည်း ပြတိုက်ကလေးတစ်ခု ဖွင့်နိုင်လောက်အောင် ရှေးဟောင်းပစ္စည်းများကို စုဆောင်းရရှိခဲ့ခြင်း ဖြစ်လေသည်။

မိမိအား အလုပ်ခန့်ထားသည့်အတွက် ကျေးဇူးတင်ပါကြောင်းဖြင့် မသင်းမြိုင်က ပြန်ပြောသောအခါ ဦးသာဆိုင်သည် –

"အစ်ကိုကြီး ခန့်ထားလိုက်တာက တခြားအကြောင်းကြောင့် မဟုတ်ဘူး မသင်းမြိုင် ... မသင်းမြိုင်ဟာ ဖျတ်လတ်သွက်လက်တယ်၊ ဣန္ဒြေရတယ်၊ သပ်သပ်ရပ်ရပ်ရှိတယ်။ ပြီးတော့ မျက်နှာကလေးကိုကြည့်ရတာ ကျက်သရေရှိတယ်။ အဲဒီအကြောင်းတွေကြောင့်ပဲ ... ပြီးတော့ တစ်ခုပြောဦးမယ်။ အစ်ကိုကြီးက လိုချင်တာရှိရင် ဘာမဆို ရအောင်ယူတယ်။ မရမရှိစေဘူး။ ဘယ်လောက် တန်ဖိုးပေးရပေးရ ဝယ်ပြီးသားပဲ။ အစ်ကိုကြီးက ပေးလည်း ပေးနိုင်တာကိုး ... ဟဲ ... ဟဲ"

ဤသို့ဖြင့် မသင်းမြိုင်သည် သူဌေးဦးသာဆိုင်ထံတွင် အလုပ်ရခဲ့ခြင်း ဖြစ်၏။ အလုပ် စပ်ဟပ်၍ ပေးသူပြောသည့်အတိုင်း အလုပ်မှာ မများလှဘဲ အားအင်စိုက်ထုတ်၍ ပင်ပန်းကြီးစွာလုပ်ရသော အလုပ်မျိုးလည်း မရှိချေ။ ဦးသာဆိုင်မှာ ပိုက်ဆံစေးနည်းသည် ဆိုသော်လည်း လူမှုကိစ္စများကို ကောင်းစွာ သိတတ်သူဖြစ်၏။ ဦးသာဆိုင်၏ ဇနီးဒေါ်ရင်မှာ အသက် ၅၅ နှစ်ခန့်ရှိပြီဖြစ်ရာ ဖော်ရွေသော မိန်းမကြီးတစ်ယောက် ဖြစ်သည့်ပြင် မသင်းမြိုင်အပေါ်၌လည်း သမီးအရင်း၊ တူမအရင်းကဲ့သို့ စောင့်ရှောက်လေသည်။ ဦးသာဆိုင်မှာ မိန်းမကြီးထက် ၅ နှစ်ခန့်ငယ်၏။

ဒေါ်ရင် အပြင်သို့ အလည်အပတ် ထွက်နေသောအခါများ၌လည်းကောင်း၊ ခရီးထွက်နေသော အခါတို့၌လည်းကောင်း ဦးသာဆိုင်သည် မသင်းမြိုင်အပေါ်တွင် ဗလက္ကာယ အမူအရာများကို မပြချေ။ သို့သော် မျက်လုံးထောင့်တစ်ဖက်တွင် အလွန်အဓိပ္ပာယ်ပါသော အမူအရာမျိုးဖြင့် ကြည့်နေတတ်၏။ ထိုအမူအရာမျိုးကို မြင်ရသောအခါများ၌ မသင်းမြိုင်သည် မိမိကိုယ်ကို ကြွက်ကလေးတစ်ကောင်ကဲ့သို့ အောက်မေ့၍



www.burmeseclassic.com

www.burmeseclassic.com



ဦးသာဆိုင်၏မျက်လုံးများကို ကြောင်၏မျက်လုံးကြီးများကဲ့သို့ ထင်မိလေသည်။

မသင်းမြိုင်သည် သူ့ဒွေးကတော်ကြီး ဒေါ်ရင်ကို ပြန်၍ သတိရမိ၏။ အသက် ၅၅ နှစ်မျှပင် ရှိပြီဖြစ်သော်လည်း ငယ်စဉ်ကလှပခဲ့သော လက္ခဏာများသည် အချို့ကိုယ်အင်္ဂါ အစိတ်အပိုင်းပေါ်တွင် ထင်ရှားစွာ ကျန်ရှိနေသေး၏။ ဦးသာဆိုင်သည် အဖိုးတန် ရှေးဟောင်း ပစ္စည်းများကို အဖိုးအမြောက်အမြားပေး၍ ဝယ်ယူစုဆောင်းသကဲ့သို့ ဒေါ်ရင်ကိုလည်း နုနယ်ပျိုမျစ်၍ လှပ ချောမောခဲ့စဉ်အခါက အဖိုးသားနားပေး၍ ဝယ်ယူခဲ့ဟန်တူ၏။

ဒေါ်ရင် သေဆုံးသွားပုံမှာလည်း အတော်ပင် ထူးဆန်းသည်ဟု ထင်မိ၏။ ညဥ့်ဦးချိန် ဆရာဝန်လာစဉ်က ဒေါ်ရင်မှာ ကောင်းမွန်ကြည်လင်စွာ ရှိနေပါလျက် ညဥ့်သန်းခေါင်ကျော်လောက်တွင် ရုတ်တရက် လေထိုး၍ သေဆုံးသွားခြင်းမှာလည်း သံသယဖြစ်ဖွယ်အကြောင်းတစ်ခုဟု အောက်မေ့မိလေသည်။ မည်သို့ပင်ဖြစ်စေ ဒေါ်ရင်သေဆုံးသွားပုံကို မိမိမှတစ်ပါး မည်သူမျှ မယုံမကြည်ဖြစ်ဟန် မတူချေ။ ပစ္စည်းဥစ္စာနှင့် ပြည့်စုံခြင်းတည်းဟူသော ဂုဏ်က လွှမ်းခြုံစိုးမိုး၍ သွားခဲ့လေသည်။

ဒေါ်ရင်ဆုံးပြီးသည့် နောက်တစ်နေ့နံနက်၌ ဦးသာဆိုင်သည် လိုအပ်သော အစီအစဉ်များကို ဆွေးနွေးရန်ဟု မသင်းမြိုင်အား သူ၏အလုပ်ခန်းသို့ ခေါ်လေသည်။ မသင်းမြိုင်အား ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်စေပြီးနောက် သူသည် စာရေးစားပွဲ၌ လက်ထောက်ကာ မသင်းမြိုင်အား ရွှန်းရွှန်းစားစား ကြည့်လျက်ရှိလေရာ ကြည့်သူ၏မျက်လုံးအစုံသည် အကြည့်ခံရသူ၏ကိုယ်ကို ထိုးဖောက်၍သွားသကဲ့သို့ မသင်းမြိုင် ထင်မိ၏။

"ဘယ့်နှယ်လဲ မသင်းမြိုင်ရဲ့၊ အစ်ကိုကြီးကတော့ မိန်းမဆုံးသွားပြီ။ မသင်းမြိုင် ဘယ်လိုများ အစီအစဉ်ရှိသလဲ ... ရှိရင်လည်း အစ်ကိုကြီးကို ပြောစမ်းပါဦး"

"ဟုတ်ကဲ့ ... ကျွန် ... ကျွန်မ သဘောက ဒီမှာ ကျွန်မ ဆက်နေလို့ မကောင်းတော့ဘူး။ ကျွန်မဆိုလိုတာက ဒီလိုပါလေ။ ကျွန်မ ဆက်ပြီးနေလို့ မတော်တော့ဘူးလို့ ထင်ပါတယ်"


www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုပါတော့ ... ကျုပ်ကလည်း လွတ်လွတ်လပ်လပ်၊ ခင်ဗျားကလည်း မိန်းမချော၊ အိမ်မှာ နှစ်ယောက်တည်း ဟုတ်လား။ ဒီဟာပြောနေတာ မဟုတ်လား။ ဟဲ ... ဟဲ ... ဟဲ ... အရပ်ကတော့ ပြောကြမှာပေါ့လေ။ လျှာမှာ အရိုးမရှိလို့သာ တော်တော့တယ်"

မသင်းမြိုင်၏ မျက်နှာမှာ နီမြန်းကာ ရှက်သွေးရောင်ဖြင့် လျှမ်းသွား၏။

"အစ်ကိုကြီးကိုတော့ စွန့်ပစ်မသွားချင်ပါဘူး။ ဒီတော့ ရနိုင်ရင် သမိုင်းက မမှုံကို အိမ်မှာခေါ်ထားပြီး အစ်ကိုကြီးကို ချက်ပြုတ်ကျွေး၊ ဝတ်ကြီးဝတ်ငယ်လည်း ပြု၊ နောက် တစ်လကိုးသီတင်းနေပြီးမှ ကျွန်မ သွားပါ့မယ်"

မျက်ခုံးတစ်ဖက်ကို ချီလိုက်လျက် ငေါ့တော့တော့လေသံဖြင့် ...

"သိပ်ကောင်းတဲ့အကြံပဲ ... ကောင်းပါတယ်။ နို့ပေမဲ့ အစ်ကိုကြီးမှာ ဒီထက်ကောင်းတဲ့ အစီအစဉ်ရှိတယ်ဗျ"

ဦးသာဆိုင်သည် စားပွဲမှထလာကာ မသင်းမြိုင် ထိုင်နေသော ကုလားထိုင်နောက်မှီပေါ်သို့ လက်တင်ကာ မသင်းမြိုင်၏ ပခုံးသားကလေး များကိုပင် ဆုပ်ကိုင်လိုက်လေသည်။

"အစ်ကိုကြီး အစီအစဉ်က ဘာလဲ ပြောပါဦး"

"မသင်းမြိုင် ဒီမှာ အမြဲနေသွားရမယ်။ အစ်ကိုကြီးကို လက်ထပ်ရမယ်လေ"

မသင်းမြိုင်၏ပါးစပ်မှာ တစ်ဆို့၍သွားသကဲ့သို့ ရုတ်တရက် စကားပြော၍မရချေ။ သို့သော် အသံထွက်သည်နှင့် တစ်ပြိုင်နက် -

"ဒီဟာက ... ဒီဟာကတော့ အစ်ကိုကြီး အရင်ကတည်းက ကြံစည်ထားတာပဲ။ အစ်မကြီးအလောင်းဟာ မြေမကျသေးဘူး အိမ်ပေါ်မှာ ရှိသေးတယ်"

"ဩော် ... မရင် ... မရင် ... သေရှာပြီပေါ့ကွယ်။ ကောင်းရာသုဂတိ လားပါစေဗျာ"

"အစ်မကြီးဟာ အင်မတန် သဘောကောင်းတယ်။ ကျွန်မအပေါ်မှာ သမီးအရင်းလိုပဲ။ သေမင်းက အစ်ကိုကြီးခေါ်ဖို့ ကောင်းတာ၊ မခေါ်ဘဲ အစ်မကြီးကိုမှ ရွေးခေါ်တာ ကျွန်မ အံ့သြမိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သေမင်းဟုတ်စ ... ဘာသေမင်းလဲ ... အစ်ကိုကြီးတော့ မယုံဘူး မသင်းမြိုင်"

"အစ်ကိုကြီးဟာ သရဲသဘက်ကြီးပဲ"

"ဆိုပါတော့ သရဲသဘက် ... သူလိုချင်တာ ဘယ်နည်းနဲ့မဆို ရအောင်လုပ်တတ်တဲ့ သရဲသဘက်မျိုး ..."

"အဲဒါက အစ်ကိုကြီးနည်းကိုး၊ ကျွန်မမှာလည်း ကျွန်မ နည်းရှိတာပေါ့။ ကျွန်မ ပစ္စည်းတွေကို ယူပြီး ကျွန်မ အခုပဲ သွားမယ်"

မသင်းမြိုင်သည် ကုလားထိုင်မှ ထမည်ပြုရာ ဦးသာဆိုင်က သူ၏ လက်ချောင်းများကို မသင်းမြိုင်၏ ပခုံးအိအိကလေးများပေါ်သို့ ခပ်နာနာကလေး ဖိလိုက်လေသည်။

"ကျုပ်က သရဲသဘက်ပဲ ထားပါဦး ... မင်းကတော့ အင်မတန် ခေါင်းမာပြီး ချစ်စရာကောင်းတဲ့ ငန်းမလေး ... နို့ပေမဲ့ ပြောလိုက်ပါပေရဲ့။ အစ်ကိုကြီးဟာ ဘယ်လိုပစ္စည်းမျိုးကိုပဲ လိုချင်လိုချင် ရအောင် တစ်နည်းနည်းနဲ့ တရားသည်ဖြစ်စေ၊ မတရားသည်ဖြစ်စေ ရအောင်ယူမှာပဲ။ ရအောင်လုပ်တတ်တယ်။ မင်းကို အစ်ကိုကြီး လိုချင်တယ်။ မင်းကို မရ ရအောင် ယူမယ်"

"အစ်မကြီး ငယ်ငယ်တုန်းက ကြွေရုပ်ကလေးလှလို့ ပြတိုက်ထဲမှာ သေတ္တာနဲ့ထားဖို့ ယူလိုက်ရတယ်လို့ တစ်ခါက အစ်ကိုကြီး ပြောဖူးသလို ကျွန်မကိုလည်း ဒီအတိုင်း သဘောထားတာပေါ့။ မရဘူး အစ်ကိုကြီး ... ကျွန်မကိုတော့ ဘယ်နည်းနဲ့မှ မရဘူး"

"ရပါတယ် စိတ်သာချပါ မင်း ကျုပ် မယားဖြစ်ရမယ်။ မင်း ကျုပ် လက်တွင်းက ဘယ်နည်းနဲ့မှ မလွတ်နိုင်ဘူး"

"အို ကြည့်သေးတာပေါ့"

ဦးသာဆိုင်သည် ဖိထားသော လက်ကို လွှတ်ပေးလိုက်၏။ မသင်းမြိုင်ကား ကုလားထိုင်ပေါ်မှ ထကာ အခန်းတွင်းမှ လျင်မြန်စွာ ထွက်သွားလေသည်။ အထုပ်အပိုး ပြင်ဆင်ရန် မသင်းမြိုင်၌ ပစ္စည်းမြောက်မြားစွာ မရှိရှာချေ။ ရှိသမျှ အဝတ်အစားကလေးများကို လက်ဆွဲသားရေအိတ်ထဲသို့ ကပျာကယာ ထိုးသွင်းပြီးလျှင် လက်ဆွဲသားရေအိတ်ကို လှိုင်ကာ အောက်ထပ်သို့ ဆင်းခဲ့လေ၏။ လှေကားရင်းသို့ ရောက်သောအခါ သား



www.burmeseclassic.com

www.burmeseclassic.com



ရေအိတ်ကို ခေတ္တချ ထား၍ အငှားမော်တော်ကား တစ်စီးခေါ်ရန် တယ်လီ ဖုန်းထားသော အခန်းထဲ သို့ ဝင်သွားလေသည်။

အခန်းထဲမှ ပြန်ထွက်လာသောအခါ လှေကားရင်းတွင် ခါး ထောက်၍ ရပ်နေသော ဦးသာဆိုင်နှင့် မျက်နှာချင်းဆိုင်လျက် ရှိလေသည်။

"ဘူတာရုံကို ကျုပ် ကားနဲ့ လိုက်ပို့ရဦးမလား"

မသင်းမြိုင်က စကားပြန်၍ မပြောဘဲ အခြားဖက်သို့ မျက်နှာ လှည့်လိုက်၏။

ဦးသာဆိုင်က ခါးထောက်လျက် – "သနားစရာ ကောင်းလိုက် လေကွယ်။ မင်းဟာ သက်သက် အချိန်ဖြုန်းနေတယ်၊ မင်း ပြန်လာရမှာပဲ"

ထိုနေ့ညနေ ၄ နာရီ သာသာခန့်၌ ပဲခူးမြို့ ဘူတာရုံအထွက် ပေါက်အနီးတွင် ခရီးသည်များ စုပြုံထွက်လာသည့်အထဲ၌ လက်ဆွဲသား ရေအိတ်တစ်လုံးကို ကိုင်ထွက်လာသော မသင်းမြိုင် ပါလာလေသည်။

မြင်းရထားပေါ်သို့ တက်မည်ပြုသောအခါ မိမိအနီးသို့ ချဉ်းကပ် လာသော လူနှစ်ယောက်ကို တွေ့မြင်ရ၏။ ၎င်းတို့အနက် တစ်ယောက်က

"ရန်ကုန်က မသင်းမြိုင်ဆိုတာ မှတ်တယ်"

"ဟုတ်ပါတယ်ရှင်။ ကျွန်မ နာမည် မသင်းမြိုင်တဲ့"

"သူဌေး ဦးသာဆိုင်မှာ အလုပ် လုပ်တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ကျုပ်တို့က ရဲအရာရှိတွေပဲ။ ဒီလိုဗျာ သူဌေး ဦးသာဆိုင်က သူ့ပြတိုက်က အင်မတန် အဖိုးထိုက်ပြီး ငွေနဲ့ဝယ်လို့ မရနိုင်တဲ့ ပစ္စည်းတစ်ခု ပျောက်သွားတယ်လို့ ဆိုင်ရာ ရဲဌာနမှာ တိုင်တယ်။ ဒီပစ္စည်းကိုလည်း သူ့အိမ်က အလုပ်ထွက်သွားတဲ့ စာရေးမ မသင်းမြိုင် တိတ်တဆိတ် ယူများ သွားသလားလို့ သံသယဖြစ်တဲ့အကြောင်းပါတယ်။ ဒီတိုင်ချက် ကြေးနန်း အရ ကျုပ်တို့က မေးမြန်းရတာပါပဲ"

"ဘာပစ္စည်းများတဲ့လဲရှင်"

"မင်းတုန်းဘုရင်ကြီး အမြဲသုံးတော်မူတဲ့ ငွေနှာဘူးဆို ထင်ပါရဲ့။ နှာဘူးမှာ ပတ္တမြား ၄ လုံး၊ မြ ၄ လုံး စီထားသတဲ့"

"ကြံကြံဖန်ဖန်ရှင် ... ကျွန်မ စိတ်ဆိုးပြီး ထွက်လာတာ သူ့ပစ္စည်း ကိုများ ယူခဲ့ရဦးမှာလား။ ရှာပါရှင် ရှာပါ။ သဘောရှိရှာကြ"



www.burmeseclassic.com

www.burmeseclassic.com



မသင်းမြိုင်အား ဘုတာရုံအနီးရှိ လူကြီးလူကောင်းတစ်ဦး အိမ်သို့ ခေါ်သွားပြီးလျှင် လက်ဆွဲသားရေအိတ်ကို ဦးစွာ ရှာဖွေလေရာ လုံချည်အခေါက်ကြားထဲတွင် ညှပ်၍ထားသော ပလပ်စတစ်ဘူးကလေးတစ်ခုကို တွေ့ရသဖြင့် မသင်းမြိုင်မှာ မျက်လုံးများ ပြူးလျက်ရှိ၏။ ဘူးအတွင်း၌ကား ၁ လက်မခွဲခန့် အလျားရှိသော ငွေနှာဘူးကို တွေ့ရပြီးလျှင် အထက်ပိုင်းတွင် ပတ္တမြား ၄ လုံးနှင့် ၎င်းအောက်ပိုင်းတွင် မြ ၄ လုံးဖြင့်လည်းကောင်း စီခြယ်၍ထားသည်ကို တွေ့မြင်ကြရလေသည်။

"ကျွန်မ ဘာမှ မသိဘူး။ ကျွန်မ တယ်လီဖုန်းပြောနေတဲ့အခိုက်မှာ ကျွန်မ သားရေအိတ်ကိုဖွင့်ပြီး အတိုးကြီး သက်သက်ထည့်ထားတာ။ မဟုတ်ပါဘူးရှင်၊ ကျွန်မ ဘယ်နည်းနဲ့မှ သူ့ပစ္စည်းကို ယူမလာပါဘူး"

ရဲအရာရှိ။ ။"ဒီဟာကတော့ ခင်ဗျား သက်သေပြပြီး ရုံးကျမှရှင်းပေါ့။ အခု ခင်ဗျားကို ဖမ်းရလိမ့်မယ်"

ဤသို့ဖြင့် မသင်းမြိုင်မှာ ခိုးမှုဖြင့် အဖမ်းခံရပြီးလျှင် ရဲအရာရှိများသည် မသင်းမြိုင်အား ရန်ကုန်သို့ ခေါ်ဆောင်လာကြ၏။ အမှုကို ရုံးသို့တင်၍ စစ်ဆေးသောအခါ မသင်းမြိုင်သည် ဝတ်လုံတစ်ဦးကို ငှား၍ ထုချေလေသည်။ သို့သော် ခိုးရာပါပစ္စည်းတစ်ခုကို တရားခံ၏ သားရေအိတ်ထဲမှ တွေ့ရှိပြီးလျှင် လက်ပူးလက်ကြပ်ရရှိသောကိစ္စ၌ ဥပဒေကို လွဲဖယ်၍ မရချေ။ တရားခံမှာ မိန်းမသားဖြစ်၍ ရိုးသားဖြောင့်မတ်သူတစ်ယောက် ဖြစ်ပါသည်ဟူသော အထောက်အထားသည်ပင် မကယ်နိုင်တော့ချေ။ မသင်းမြိုင် ငှားရမ်းသော ဝတ်လုံကိုယ်တိုင်ပင် မသင်းမြိုင်အပေါ်၌ သံသယဖြစ်မိ၏။ နောက်ဆုံး၌ မသင်းမြိုင်မှာ ထောင်ဒဏ် ၁ နှစ်အပြစ်ပေးခြင်းကို ခံရရှာလေသည်။

၉ လခန့်မျှကြာသောအခါ မသင်းမြိုင်သည် ထောင်ထဲတွင် အကျင့်စာရိတ္တ ကောင်းမွန်ခြင်း အလုပ်ကို သေသပ်ပိရိစွာ လုပ်ကိုင်တတ်ခြင်းတို့ကြောင့် လွတ်မြောက်ခဲ့၏။

မသင်းမြိုင်မှာ ငွေလည်း မရှိ၊ ဆွေမျိုးဉာတိမရှိ၊ မိတ်ကောင်းဆွေကောင်းပင် မရှိရှာချေ။ စုဆောင်းမိသမျှ ငွေနှင့် လက်ဝတ်လက်စားကလေးများမှာ အမှုဖြစ်ရာတွင် ကုန်ခဲ့လေပြီ။ ကိုယ်လက်နွမ်းရိကာ စိတ်ဓာတ်လည်း ကျဆင်းလျက်ရှိ၏။ သို့သော် ဝမ်းထဲ၌ အခဲမကြေနိုင်သော အရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုရှိ၏။ ယင်းသည်ကား မိမိအပေါ်တွင် မတရားကြံစည်ခဲ့သူအား လက်စားချေလိုသော စိတ်ပင်ဖြစ်လေသည်။ ထိုမတရားမှုကြီးကား မည်သည့်နည်းနှင့်မျှ ခွင့်လွှတ်နိုင်သော ကိစ္စမဟုတ်ချေ။ ထိုလက်စားချေလို စိတ်မှာ အလျှံပြောင်ပြောင်တောက်လျက် ရှိသော မီးကဲ့သို့ အထဲကို လောင်မြိုက်လျက်ရှိ၏။

ထောင်ဗူးဝမှ ထွက်လျှင် ထွက်ခြင်း ပထမ မြင်ရသောအရာမှာ သူဌေးဦးသာဆိုင်၏ 'ဇောက်ဟော' ကားကြီးပင်ဖြစ်၏။ ကားနံဘေး၌ကား ဦးသာဆိုင်သည် မတ်တတ်ရပ်လျက်ရှိ၏။ မသင်းမြိုင်သည် ကြက်သေသေကာ ကျောက်ရုပ်ကဲ့သို့ မလှုပ်ရှားနိုင်ဘဲ ထောင်နံရံကို မှီကာ ရပ်၍နေလိုက်ရ၏။

ဦးသာဆိုင်သည် မသင်းမြိုင်ထံသို့ လာရောက်ကာ တွဲယူလိုက်လေသည်။

"ဘယ့်နှယ်လဲ မသင်းမြိုင်။ အစ်ကိုကြီး သင်လိုက်တဲ့ သင်ခန်းစာကလေးတစ်ခုတော့ရသွားပြီ မဟုတ်လား။ ဒီလိုပဲကွယ့် မင်းတစ်ယောက်သာ မဟုတ်ဘူး။ အစ်ကိုကြီးကို ဆန့်ကျင်ဘက်လုပ်တဲ့ လူမှန်သမျှတော့ နည်းနည်းပါးပါး ကျောင်းမှန်းကန်မှန်း သိအောင် ပြလိုက်ရတာပဲ ... ကိုင်း ... ကားပေါ်တက် ... မမိုက်ပါနဲ့ ကလေးမရယ်"

ကားတံခါးကို ဖွင့်ပေးပြီးနောက် မသင်းမြိုင်အား နောက်မှ မသိမသာ တွန်းပို့လိုက်၏။

အားအင်ချည့်နဲ့စွာဖြင့် –

"အခု ဘယ်ကို မောင်းမှာလဲ"

"တရားရုံးကိုလေ၊ အခု ၁၁ နာရီရှိသေးတယ်၊အချိန်တော်ပဲ။ဟိုရောက်တော့ ဘာမှ ဇီဇာမကျယ်ဘဲ တရားသူကြီးရှေ့ လက်ထပ်လိုက်ရုံပဲ"

"မဖြစ်ဘူး အစ်ကိုကြီး ... မဖြစ်ဘူး။ သင်းမြိုင်ဟာ ထောင်ထွက်တစ်ယောက်၊ ပြီးတော့ အစ်ကိုကြီးကို မုန်းနေတဲ့ မိန်းမတစ်ယောက်ကို အစ်ကိုကြီး လက်ထပ်ယူမလား။ ကျွန်မ လွှတ်ရာသွားပါရစေ"

"မင်းက မုန်းပေမဲ့ အစ်ကိုကြီးကမှ မမုန်းဘဲ။ ပြီးတော့ မင်းဟာ ထောင်ထွက်တစ်ယောက်။ မင်းကို ဘယ်သူက အလုပ်ပေးဦးမှာလဲ ကိုင်း ... ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com


မသင်းမြိုင်မှာ အဖက်ဖက်တွင် အားကိုးရာမဲ့ ဖြစ်ရကား မျက်စိကို မှိတ်လိုက်ရရှာ၏။ ဦးသာဆိုင် ပြောသောစကားများကို မပယ်ရှားနိုင်အောင် ရှိတော့၏။

ဤသို့ဖြင့် ဦးသာဆိုင်သည် မသင်းမြိုင်အား တရားရုံးသို့ ခေါ်ကာ လက်ထပ်လိုက်၏။

တစ်ပတ်ခန့်မျှ ကြာသောအခါ မသင်းမြိုင်မှာ ကောင်းစွာ ကျန်းမာဝဖြိုး၍ လာပြီးလျှင် ယခင်ကကဲ့သို့ပင် ကျန်းမာဝဖြိုး၍ လာတော့၏။ သို့သော် ရုပ်ကပင် ဆောင်လျက်ရှိသော်လည်း ဝမ်းထဲ၌ကား အခဲမကြေနိုင်သော မီးတောက်ကလေးသည် တငွေ့ငွေ့လောင်လျက်ပင်ရှိနေသေး၏။

ဤသို့ဖြင့် ပျော်မွေ့ချမ်းသာခြင်း မရှိသော နေ့ရက်များသည် တရွေ့ရွေ့ ကုန်လွန်၍လာခဲ့၏။ မိမိကိုယ်ကို မိမိ တစ်နေ့ထက်တစ်နေ့ ရွံရှာမုန်းတီး၍လာ၏။ ယင်းကဲ့သို့ မုန်းတီးလာသည်နှင့်အမျှ ဦးသာဆိုင် အပေါ်တွင် အခဲမကြေနိုင်သော စိတ်ဓာတ်ကလေးသည်လည်း တဖြည်းဖြည်း ရင့်သန်ထွားကျိုင်း၍လာခဲ့လေသည်။

မသင်းမြိုင်မှာ သူဌေးကတော်ဖြစ်လာပြီ ဖြစ်သဖြင့် အချိန်များစွာ ရခဲ့၏။ သို့အားလပ်ချိန်များစွာ ရရှိခဲ့သည့်အတိုင်းလည်း ထိုအားလပ်ချိန်များတွင် စာများကိုဖတ်ရှုခြင်းဖြင့် အချိန်ကုန်ခဲ့လေသည်။

တစ်နေ့၌ မသင်းမြိုင်သည် စာရေးဆရာ 'ကျော်ထင်ဇေယျာသူ' ဆိုသူ စာရေးဆရာရေးသော 'လူသတ်ခြင်းနှင့် သတ်သူ၏ရည်ရွယ်ချက်များ' စာအုပ်တစ်အုပ်ကို ဖတ်ရှုလျက်ရှိရာ အလွန်စိတ်ဝင်စားလာသဖြင့် တစ်ခါတည်း အဆုံးဖတ်လိုက်၏။

ယင်းစာအုပ်မှာ ရုံးသို့တင်၍ အပြစ်ပေးခဲ့သော အကယ်ဖြစ်ပျက်ခဲ့သည့် လူသတ်မှုများအကြောင်းကို ရုံးမှတ်တမ်းများမှ ကောက်နုတ်ရေးသားထားရာ လူသတ်သမားသည် သေသူအပေါ်တွင် ကြီးမားသော ရန်ငြိုးကြောင့် သတ်ဖြတ်ရခြင်းကများကြောင်း တွေ့ရလေသည်။ ထိုအမှုမျိုးများ၌ အသတ်ခံရသူသည် သေသူအား လူမွေးမပေါက်အောင် မတရားဖိနှိပ်ချုပ်ချယ်ခြင်း၊ အသည်းနှလုံးကို ထိခိုက်စေလောက်အောင် ယုတ်မာသော စိတ်ညစ်သော အပြုအမူမျိုးကိုပြုခြင်း၊ လူစဉ် မမီလောက်အောင် မတရားပြုမူခြင်းစသော အချက်များသည် ပေါ်လွင်ထင်ရှားလျက် ရှိ၏။ ယင်းအချက်


www.burmeseclassic.com

www.burmeseclassic.com



များသည်ပင် မသင်းမြိုင်၏ အနာဟောင်းကို ထိုးဆွပေးသကဲ့သို့ရှိလေရာ သူ၏ဘဝကိုလည်း တစ်မျိုးတစ်ဖုံပြောင်းလဲသွားစေရန် ဖန်တီးလိုက်ခြင်း ဖြစ်လေသည်။ အချို့အမှုများ၌ လူယုတ်မာကြီးများသည် သူတို့၏ 'အမဲ' များကို ညှဉ်းပန်းနှိပ်စက်ဖိနှိပ်ချုပ်ချယ်ရုံမျှနှင့်ပင် အားမရသေးဘဲ နောက်ဆုံး၌ အစတုံးဖျောက်ဖျက်ပစ်တတ်ပေသေးရာ မိမိ၏ကိစ္စ၌မူ လူယုတ်မာကြီး၏ လက်ချက်ဦးမည်ကို မခံဘဲ မိမိကပင် စတင်၍ ပြစ်မှုကျူးလွန်ရတော့မည်ဟု စိတ်ကို ပိုင်းဖြတ်ပြီး ဖြစ်လေသည်။ လွတ်လပ်သော ကမ္ဘာအတွင်းသို့ ခုန်ဆင်းလိုလျှင် ယောကျ်ားကြီးအား အစတုံးဖျောက်ဖျက်ပစ်ရန်မှတစ်ပါး တခြားနည်းလမ်းမရှိချေ။

လူတစ်ယောက်၏အသက်ကို သတ်ရန်လွယ်ကူသည်ထားဘိဦး၊ ပိပိရိရိ ဆောင်ရွက်ရန် ကိစ္စကား မလွယ်ကူချေ။ အခါအခွင့်ကလည်း ရှိပေသေးသည်။

သို့နှင့် စိတ်မချမ်းသာသော ရက်တို့ကို တစ်နေ့ပြီး တစ်နေ့ ကုန်လွန်စေပြီးနောက် တစ်နေ့နေ့တွင် အခါခွင့်ကြုံလိမ့်မည်ဟူသော ရည်ရွယ်ချက်ဖြင့် စောင့်ဆိုင်းနေခဲ့၏။

မိမိချစ်ခင်နှစ်သက်ခြင်း မရှိသော သူနှင့်ပေါင်းသင်းနေထိုင်ရမည်ဖြစ်၍ ဤမျှလောက် စိတ်မချမ်းသာသောဘဝကို ရင်ဆိုင်ရပါမည်လောဟု အောက်မေ့မိ၏။ သို့ဖြစ်ရကား မည်သည့်နည်းနှင့်မဆို အခွင့်ကောင်းရခိုက် အချိန်ကလေးကို လက်မလွှတ်စေဘဲ စွန့်စွန့်စားစား ကြံစည်တော့မည်ဟု စိတ်ကို ပိုင်းဖြတ်လိုက်၏။

သို့သော် တစ်ခု သတိပြုရပေမည်။ အိမ်တွင် မိမိတို့ နှစ်ယောက်သာ မဟုတ်၊ ပြတိုက်မှူးကိုအောင်မြတ်ကလည်း ရှိနေသေးသည်။ မိမိကိုယ်တိုင် လူမမာကို ပြုစုစောင့်ရှောက်နေရသဖြင့် ပြတိုက်ပင် ပြန်၍မကြည့်နိုင်ခဲ့သည်မှာ အချိန်အတော်ကြာပြီဖြစ်၍ ထိုအတွင်း ဦးအောင်မြတ်ကပင် ပြတိုက်ကို စောင့်ရှောက်၍ နေရ၏။ ကိုအောင်မြတ်မှာ ဦးသာဆိုင်ဘက်မှ သိအစ်ကိုဝမ်းကွဲ တော်စပ်သူဖြစ်ရာ အလုပ်ခန့်ထားစဉ်က 'ခတ်သိလူယုံ' အဖြစ်ဖြင့် ခန့်ထားခဲ့ခြင်း ဖြစ်လေသည်။

ဦးအောင်မြတ်သည်ကား ၄၀ ကျော်ခန့်သာ ရှိသေး၍ ပါပေသမား အနုပညာသည် တစ်ယောက်ဖြစ်၏။ ကျောက်စာနှင့် ရှေးဟောင်း



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်း ရှာဖွေရေးဘက်၌ ကျွမ်းကျင်လိမ္မာသူတစ်ယောက် ဖြစ်ပြီးလျှင် စကားနည်း၍ ဣန္ဒြေကြီးသူတစ်ယောက်လည်း ဖြစ်လေသည်။

မသင်းမြိုင်သည် မိမိထက် အသက်အနည်းငယ်ကြီး၍ ပညာတတ်သော သူတစ်ယောက်အား မိမိ၏ အတွေးအခေါ်များကို ပြောပြရန်လည်းကောင်း၊ အကြောင်းကိစ္စရှိက တိုင်ပင်ရန်လည်းကောင်း၊ အဖော်အလျှော်တစ်ယောက်ရှိလျှင် ကောင်းလေစွဟု စိတ်ကူးမိ၏။ သို့နှင့် ဦးအောင်မြတ်အား ချဉ်းကပ်၍ကြည့်ဖူး၏။ သို့သော် ဦးအောင်မြတ်မှာ ဦးသာဆိုင်ကဲ့သို့ပင် ရင့်ကျက်သော ဣန္ဒြေရှိ၍ မိမိအား အရေးမစိုက်သကဲ့သို့ နေတတ်သောကြောင့် လက်လျှော့ခဲ့ရလေသည်။

ထူးဆန်းပုံတစ်ခုမှာ ဦးအောင်မြတ်သည် မိမိအား အရေးမစိုက်သကဲ့သို့ နေတတ်သော်လည်း အမှတ်မထင် နေသည့်အခါများ၌ ဦးအောင်မြတ်သည် မိမိအား ခိုးကြောင်ခိုးဝှက် ကြည့်နေသည်ကို တစ်ခါတစ်ရံ တွေ့ဖူးသဖြင့် ဦးအောင်မြတ်၏ မရိုးသော စိတ်သဘောကိုလည်း အတော်အသင့် ရိပ်မိပြီ ဖြစ်လေသည်။ သို့သော် သက်တူရွယ်တူ မဟုတ်သော လူကြီးတစ်ယောက်ကို လင်ယောက်ျားအဖြစ် ယူရန် စိတ်ကူး၍မရချေ။

တစ်နေ့တွင် ဦးအောင်မြတ်က ဦးသာဆိုင်၏ရောဂါအကြောင်းနှင့် ပတ်သက်၍ သူဌေးကတော် မသင်းမြိုင်အား စကားစမြည်ဆိုလျက်ရှိရာမှ ပစ္စည်းဥစ္စာအကြောင်းဘက်သို့ စကားဦး လှည့်ပြီးလျှင် သူဌေးဦးသာဆိုင်မှာ မည်မျှလောက် ပစ္စည်းဥစ္စာချမ်းသာကြောင်း တီးခေါက်ကြည့်၏။ သို့သော် မသင်းမြိုင်ထံမှ တိကျသော အဖြေကို မရချေ။ အဘယ်ကြောင့်ဆိုသော် ဦးသာဆိုင်သည် အလုပ်နှင့် ပတ်သက်၍သားမယားအား တိုင်ပင်သူ မဟုတ်သဖြင့် မသင်းမြိုင် ကိုယ်တိုင်ပင် မသိချေ။

ဤမျှလောက် ပါးနပ်လိမ္မာ၍ ဦးသာဆိုင်နှင့်ပင် စိတ်သဘောချင်း ခပ်ဆင်ဆင် ရှိနေသော ဦးအောင်မြတ်အား မည်သည့်နည်းနှင့်မျှ အားကိုးအားထားမပြုနိုင်ချေ။

*

မသင်းမြိုင်သည် မိမိရှေးဟောင်းနှောင်းဖြစ်များကို အလွမ်းပါ အတိုင်း စမြုံ့ပြန်ကာ စဉ်းစားနေသည်နှင့်အမျှ အိပ်ရာနံဘေးရှိ စားပွဲတင် နာရီ လက်တံသည် မျက်နှာပြင်စက်ဝိုင်းကို ၄ ပတ်မျှလှည့်၍ လာခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအတွင်း မသင်းမြိုင်သည် နာရီကို အကြိမ်ပေါင်း ၁၀၀ ခန့်ပင် ကြည့်မိသည် ထင်၏။ အချိန်ကား ၄ နာရီထိုးရန် ၅ မိနစ်မျှသာ လိုတော့၏။

သို့နှင့် သူသည် ပြတင်းပေါက်ရှိရာသို့ ဒုတိယအကြိမ် သွားရောက်ပြီးလျှင် တံခါးရွက်ကို အသံမကြားအောင် အပေါ်သို့ မြှင့်တင်လိုက်လေသည်။ မသင်းမြိုင်သည် ပြတင်းပေါက်အပြင်သို့ ကိုယ်ကို နွဲ့၍ကြည့်၏။ နှင်းများမှာ ယခင်ကထက် ကျလျက်လေအေးကလေးသည်လည်း ညဦးယံကထက်ပင် စိမ့်၍အေးလာသကဲ့သို့ ထင်ရပေသည်။ အောက်ထပ်မှ ကားအသံဟူ၍ တစ်စုံတစ်ရာ မကြားရချေ။ ပတ်ဝန်းကျင်တစ်ခုလုံးသည် ဆိတ်ငြိမ်လျက်ရှိ၏။

သို့ရှိစဉ် အိမ်ရှေ့ဘက်ရှိ တရုတ်စကားပင်မှ သစ်ကိုင်းတစ်ကိုင်း ကျိုးကျသကဲ့သို့ 'ချွမ်'ခနဲ အသံတစ်သံကို ကြားရသဖြင့် ထိတ်လန့်ကာ အိပ်ခန်းအတွင်းဘက်သို့ လာခဲ့လေသည်။

အိမ်အောက်ထပ်၌ တစ်စုံတစ်ယောက် ရောက်နေပြီလော၊ လင်းအားကြီးကို အခွင့်ကောင်းယူ၍ ကျက်စားလေ့ရှိသော လူဆိုးများပင် အောက်ထပ်သို့ ရောက်နေပြီလော၊ မသင်းမြိုင်သည် ရင်ထဲတွင် ဒိတ်ခနဲ ဖြစ်၍သွားကာ ယခင်ကထက် နားစွင့်၍ ထောင်မိ၏။ သို့သော် ကြားရသော အသံမှာ မိမိရင်ထဲမှ ရင်ခုန်သံသာ ဖြစ်လေသည်။

သို့ဆိတ်ငြိမ်လျက်ရှိနေသည့် အတွင်းမှ မာကြောသော အရာတစ်ခုကို လက်သဲဖြင့် ခြစ်နေသကဲ့သို့ တဂျစ်ဂျစ် မြည်သော အသံကလေးတစ်ခုကို ကြားရပြန်၏။

ထိုအသံကို ကြားရသောအခါမှ မသင်းမြိုင်မှာ အတော်အတန် အကြောက်ပြေ၍ သွားလေသည်။ အဘယ့်ကြောင့်ဆိုသော် ဦးသာဆိုင်၏ အခန်းပြတင်းပေါက်ဝ နံဘေးတွင် ခိုများကို အစာကျွေးရန် ၁ တောင်ပတ်လည်ခန့်ရှိ ပျဉ်ချပ်တစ်ချပ် ရိုက်ထား၏။ နံနက်ဝေလီဝေလင်း၌ ခိုကလေးများသည် ဦးသာဆိုင်၏ စားကြွင်းစားကျန်များကို လာရောက်စားတတ်ရာ၊ မိမိကြားရသော အသံမှာ ခိုကလေးတစ်ကောင်၏ ကုတ်ခြစ်သံဖြစ်တန်ရာ၏ဟု အောက်မေ့မိသောကြောင့် ဖြစ်လေသည်။

ထို့နောက် အရေးကြီးသော ပြုလုပ်ဖွယ်ကိစ္စသို့ ရောက်လာ၏။ ယင်းကိစ္စမှာ ဦးသာဆိုင်အခန်းမှ ပြတင်းပေါက်ကို ပြန်၍ပိတ်ရန် ဖြစ်လေ



www.burmeseclassic.com

www.burmeseclassic.com


သည်။ အလုပ်မှာ အလွန် လွယ်ကူသော အလုပ်ဖြစ်၍ အောက်ထပ် ခြေသံမကြားအောင် ဆင်းပြီးလျှင် ဦးသာဆိုင်အခန်းတွင်းမှနေ၍ အံထိုးတံခါးရွက်ကို အောက်သို့ချလိုက်ရန်သာ ဖြစ်၏။ သို့သော် မသင်းမြိုင်ကား ဤအလုပ်ကိုပင် မလုပ်ရဲသကဲ့သို့ ရှိ၏။ အောက်ထပ်ရှိ အခန်းထဲတွင် မည်ကဲ့သို့ မိမိတွေ့မြင်ရမည်ကို စဉ်းစားကာ မသင်းမြိုင်သည် နောက်တွန့်လျက်ရှိ၏။ အကယ်၍ တွေ့မြင်ခဲ့သော် မိမိစိတ်ခိုင်မည် မဟုတ်ချေ။

အခြားနည်းလမ်းတစ်လမ်းက ပို၍ကောင်း၏။ အပေါ်ထပ်မှနေ၍ အောက်ထပ်ရှိ ပြတင်းပေါက်တံခါးများကို ဖွင့်နိုင်ပိတ်နိုင်ရန် အဖျားတွင် ချိတ်တပ်ထားသည့် ၅ တောင်ခန့်ရှိသော ဝါးလုံးတစ်လုံးသည် အခန်းထောင့်တွင် အသင့်ရှိနေ၏။ ထိုဝါးလုံးကို မသင်းမြိုင်၏ အခွေးထည်များလှန်းရန်လည်း အသုံးပြု၏။ ထိုဝါးလုံးဖြင့် မသင်းမြိုင်သည် အိမ်တွင် ဦးအောင်မြတ် မရှိသောအချိန်များ၌ အောက်ထပ်မှ ပြတင်းပေါက်တံခါးရွက်များကို မိမိအခန်းမှ နေ၍ ဖွင့်ခြင်းပိတ်ခြင်းများ ပြုလုပ်နိုင်ရန် အကြိမ်ကြိမ် စမ်းသပ်ခဲ့ဖူးလေသည်။

BURMESE CLASSIC

သို့နှင့် မသင်းမြိုင်သည် အချိန်မကုန်စေရဘဲ ထိုဝါးလုံးဖြင့် အောက်ထပ်ရှိ ဦးသာဆိုင်အခန်းမှ အံထိုးတံခါးရွက်ကို တဖြည်းဖြည်း အောက်သို့ တွန်းချကာ ပိတ်လိုက်တော့၏။ ထို့နောက် မိမိအခန်းမှ ပြတင်းပေါက်ကို ပြန်၍ ပိတ်လိုက်ပြီးလျှင် အိပ်ရာပေါ်သို့ ကိုယ်ကိုလှဲချကာ စိတ်ပန်းကိုယ်ပန်း ရှိလှသည်နှင့်တစ်ခါတည်း အိပ်ပျော်သွားလေ၏။

အပြင်မှ မိမိအခန်းတံခါးကို ခေါက်သံကြားသဖြင့် အိပ်ရာမှ လန့်နိုးသောအခါ ၇ နာရီနှင့် ၁၀ မိနစ်မျှ ရှိနေလေပြီ။ တံခါးကို သွား၍ဖွင့်သောအခါ ဦးအောင်မြတ်နှင့် ရင်ဆိုင်လျက်ရှိလေသည်။

"အလို ... ဦးအောင်မြတ် ... အလန့်တကြား ... ဘာလဲ ရှင်"

"အောက်ထပ်များ ဆင်းကြည့်ပါဦး မင်းကတော်"

မသင်းမြိုင်ကား သူ၏အကြံ အထမြောက်ပြီဖြစ်ကြောင်း သိလေပြီ။ သို့နှင့် အသံကို နဂိုအသံဖြစ်အောင် ထိန်းနိုင်သမျှ ထိန်းလျက် –

"ဘာဖြစ်လို့လဲရှင်"

"အောက်ထပ်သာ ဆင်းခဲ့ပါ မင်းကတော် ... မြင်ရပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ခဏလေး ... ကျွန်မ ကုတ်အင်္ကျီကလေး ဝတ်လိုက်ပါရစေဦး"

ဦးအောင်မြတ်သည် လှေကားမှ အပြေးကလေး ဆင်းသွားပြီဖြစ်၍ ခြေသံများပျောက်သွားသောအခါ မသင်းမြိုင်မှာ သတိလစ်၍ မသွားစေရန် မိမိကိုယ်မိမိ အတော်ပင် ထိန်းသိမ်းလိုက်ရ၏။ နဖူးမှ ခြေဖျားတိုင် တဆတ်ဆတ်တုန်လျက် ရှိလေသည်။ သို့နှင့် အတော်ပင် အားတင်းလိုက်သောအခါမှ ငြိမ်သက်၍သွားလေသည်။ အောက်ထပ်တွင် မိမိတွေ့မြင်ရမည့် ရှုမြင်ခင်းကိုလည်း ယခုကပင် စိတ်ထဲတွင် မြင်ယောင်ကာ မည်သို့မည်ပုံ ပြောရမည်ကို စိတ်ကူးလျက် ရှိလေသည်။

သားမွေးကုတ်အင်္ကျီကို ကပျာကယာ စွပ်ပြီးနောက် မသင်းမြိုင်သည် အောက်ထပ်သို့ လျင်မြန်ဖျတ်လတ်စွာ ဆင်းသွားလေ၏။ အခန်းတွင်းသို့ ဝင်မိလျှင် ဝင်မိခြင်း ဦးသာဆိုင်၏ပါးစပ်များမှာ ဟောင်းလောင်းဖြစ်လျက် မျက်လုံးများ မှိတ်၍နေပြီးလျှင် ကိုယ်သည်လည်း ဆန့်ဆန့်ကြီးဖြစ်နေရကား တစ်ခါတည်း ကိစ္စချောနေပြီဖြစ်ကြောင်း တွေ့ရှိရလေသည်။

"အစ်ကိုကြီး ... အစ်ကိုကြီး ... ဆုံးရှာပါပြီကော လား"

"ဟုတ်တယ်။ အစ်ကိုကြီး ဆုံးရှာပြီ"

"အမယ်လေး သေခါနီး နီးနီးကပ်ကပ်မှ မပြုစုရလေခြင်း အစ်ကိုကြီးရယ်။ ညတုန်းက အကောင်းကြီးပဲ ဦးအောင်မြတ်ရဲ့။ ဖြစ်မှဖြစ်ရလေ အစ်ကိုကြီးရယ်။ အအေးလည်း မမိတန်ကောင်းပါဘူး။ ပြတင်းပေါက်လည်း ပိတ်ထားတာပဲ"

"ကျုပ်တော့ ဒီလို မထင်ဘူး"

"အလို ... ဘာဖြစ်လို့လဲရှင် ... ရှင်က ဘာဖြစ်လို့ ဒီလိုပြောနိုင်ရတာလဲ"

"သက်သေရှိတယ်ဗျ"

"သက်သေ ဟုတ်စ ... ဘာသက်သေလဲ"

"နို့ပေမဲ့ သက်သေက စကားမပြောတတ်လို့ တော်ပါသေးရဲ့"

"ဘယ်သူလဲ ... ဘယ်မှာလဲ"

"ဟိုမှာလေ ... ခင်ဗျားနောက်မှာ ကြည့်လိုက်စမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



မသင်းမြိုင်သည် နောက်သို့ ပြန်၍ကြည့်လိုက်၏။ အဝတ်ထည့်သော မှန်ဗီရိုပေါ်၌ကား ပြူးကျယ်သော မျက်လုံးများဖြင့် မိမိအား စိုက်ကြည့်နေသည့် 'ဖြူကြီး' ကို တွေ့ရလေသည်။ ဖြူကြီးသည် မသင်းမြိုင်ကို ကြည့်ကာ 'ညောင်' ခနဲ မြည်လိုက်လေသည်။

'အမယ်လေး' ဟုတစ်ချက်သာ အော်နိုင်ပြီးလျှင် မသင်းမြိုင်သည် ပြတင်းပေါက်ရှိရာသို့ ထွက်ပြေးရာ ဦးအောင်မြတ်က လက်နှစ်ဖက်ဖြင့် ဆီး၍ တားလိုက်သဖြင့် မပြေးနိုင်တော့ချေ။ မသင်းမြိုင်၏ ကိုယ်သည်လည်း တဆတ်ဆတ် တုန်လျက်ရှိလေသည်။

ထို့နောက် အားယူလျက် –

"ဘာဖြစ်လို့ ဒီအကောင်ကြီး အခန်းထဲရောက်နေပါလိမ့်။ မီးဖိုတံခါးများ ဖွင့်ထားလို့လား မပြောတတ်ဘူး"

"ဘယ်လို ရောက်နေတယ်ဆိုတာ အထင်ရှားကြီးပဲ မသင်းမြိုင် ... ဒီမှာ ကြည့်ပါလား"

ဦးအောင်မြတ်သည် ပြတင်းပေါက် ရှိရာသို့ မသင်းမြိုင်အား ခေါ်သွားပြီးလျှင် ပြတင်းပေါက်ဘောင်ကို နင်း၍ဆင်းလာသော ခြောင်ခြေရာများကို ပြလေ၏။ ဖြူကြီးသည် နှင်းတောထဲမှ ဖြတ်သန်းကာ အံ့ထိုးပြတင်းပေါက်ကို မသင်းမြိုင် မပိတ်မီကလေးတွင် ဝင်လာခြင်းဖြစ်လေသည်။ ကြမ်းပေါ်သို့ နင်း၍ထားသော ခြေရာများပင် ကောင်းစွာ မခြောက်သေးဘဲ ရှိနေသည်ကို တွေ့ရ၏။

ခိုကလေးများ အစာစားနေသည် ထင်မှတ်ခဲ့သော တံဂျစ်ဂျစ်မြည်သော အသံများကား ပြတင်းပေါက်ဘောင်ကို ကုတ်ခြစ်၍တက်လာသော ဖြူကြီး၏ ကုတ်ခြစ်သံများ ဖြစ်လေသည်။

ဦးအောင်မြတ်က ပြောင်ဖြီးဖြီးမျက်နှာဖြင့် "ကိုင်း ... မသင်းမြိုင် အမှုကတော့ ထင်ရှားနေပြီ ... ဘယ်သူမှ မသိသိ ကျုပ် သိတယ်။ ဒီတော့ စက်တိုင်ကိုပဲ တက်မလား ကျုပ်ကိုပဲ ယူမလား။ ရွေးပေတော့ ... တစ်မိနစ် အချိန်ပေးမယ်"

မသင်းမြိုင်၏ဦးခေါင်းမှာ ချာချာလည်၍ သွားသကဲ့သို့ ထင်မှတ်လိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



"စက်တိုင်တော့ မတတ်ပါရစေနဲ့ရှင် …။ ဦးအောင်မြတ်ကိုပဲ ယူပါတော့မယ်"

*

မှတ်ချက် … မသင်းမြိုင်၏ဘဝခရီးမှာ ဤနေရာတွင် ပြီးဆုံးလေသည်။ မည်သို့ပင်ဖြစ်စေ၊ မသင်းမြိုင်သည် ဦးသာဆိုင်၏ ပစ္စည်းများကို အားလုံး ပိုင်ဆိုင်ရပြီးနောက် ဦးအောင်မြတ်နှင့် ပေါင်းသင်းလေသည်။ သူတို့၏ဘဝ အဆင်ပြေမပြေကိုမူ ယခုရေးသော ဝတ္ထုနှင့် တစ်စုံတစ်ရာ သက်ဆိုင်ခြင်း မရှိသဖြင့် ဖော်ပြခြင်း မပြုတော့ပေ။ မသင်းမြိုင်မှာ ပွက်ပွက်ဆူနေသော ဒယ်အိုးကြီးထဲမှ ပူသည်ထင်၍ မီးဖိုထဲသို့ ခုန်ဆင်းသော ငါးကဲ့သို့ ရှိနေမည်လောဟုလည်း စာဖတ်သူများ တွေးထင်ရန် ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# ကောက်ကျစ်သူများ ရသော လာဘ်

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ သုံးလေးနှစ်ခန့်က ကျွန်ုပ်သည် ဗန်းမော်မြို့တွင် ယစ်မျိုး အင်စပိတ်တော်အဖြစ်ဖြင့် အမှုထမ်းခဲ့ရသူ တစ်ဦး ဖြစ်ပါသည်။

ထိုအခါက အင်္ဂလိပ်အစိုးရ လက်အောက် အမှုထမ်းရခြင်းသည် ယခုခေတ်ကဲ့သို့ တော်လျှင်တော်သည့်အလျောက် ချီးမြှင့်ခြင်းမခံရဘဲ မည်မျှပင် သက်စွန့်ကြိုးပမ်း အမှုထမ်းသော်လည်း အထက်လူကြီးများ၏ စိတ်နှင့် အခန့်မသင့်သောအခါ တစ်ခါတစ်ရံ ကြိမ်းမောင်းခြင်းကိုပင် ခံရတတ်လေသည်။ အချိန်မှာ ၁၉၃၇ ခုနှစ်ကဖြစ်၍ ကျွန်ုပ်သည် ယစ်မျိုးအင်စပိတ်တော် တစ်ယောက်ဖြစ်ခဲ့၏။ ကသာမြို့တွင် ဘိန်းအမြောက်အမြား ဖမ်းဆီးရရှိမှုတစ်ခု၌ တရားခံများမှာ သက်သေမလုံလောက်သဖြင့် ကံအားလျော်စွာ လွတ်မြောက်သွားလေရာ၊ ထိုအမှုနှင့် ပတ်သက်၍ ယစ်မျိုးမင်းကြီးက ကျွန်ုပ်အား ထုချေလွှာ တောင်းခဲ့၏။ ကျွန်ုပ်မှာ နဂိုကပင် မခံချင်တတ်သော စိတ်ရှိသည့်အလျောက် ချက်ချင်း အလုပ်မှထွက်မည်ဟု စိတ်၌ အောက်မေ့မိခဲ့၏။ သို့သော် မည်သည့်အလုပ်ကိစ္စမျိုးမဆို မဆင်မခြင် အဆောလျင်စွာ ပြုလုပ်က မှားယွင်းတတ်ကြောင်းသိသဖြင့် ဤအကြောင်းကို အချို့မိတ်ဆွေများနှင့် တိုင်ပင်ရာ နောက်ဆုံး၌ အခွင့် (၄)လယူရန် အကြံပေးကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com


ဤသို့ဖြင့် ခွင့် (၄) လယူ၍ ရရှိခဲ့ပြီးနောက် ကျွန်ုပ်သည် အားလပ်သော အချိန်များကို မည်သည့်နည်းနှင့် ဖြုန်းရပါမည်နည်းဟု အကြံအမျိုးမျိုး ထုတ်ခဲ့ရာ ရွှေလီချောင်းဖျားတွင်ရှိသော နမ်းခမ်းမြို့၏အရှေ့မြောက် မိုင် ၃၀ ခန့်ဝေးသော နေရာတစ်ခုတွင် ရွှေထွက်သော ကျောက်များထွက်ကြောင်း၊ ထိုနေရာမှာ လူသူအရောက်အပေါက် အလွန်နည်းပါး၍ မည်သူမျှလည်း သွားရောက်ခြင်း မရှိသေးကြောင်း ယုံကြည်လောက်သော မိတ်ဆွေတစ်ယောက်ထံမှ သတင်းကြားသိရသဖြင့် ဤကဲ့သို့ မရောက်ဖူးသော အရပ်ဒေသများကို စွန့်စားသွားရောက်ရန် နဂို ဝါသနာပါရင်းစွဲရှိသည့်အတိုင်း ထိုနေရာသို့ သွားရောက်ရန် စိတ်ကို ပိုင်းဖြတ်လိုက်၏။ ဤကိစ္စ၌ ပထမ အရေးကြီးဆုံးအချက်မှာ မိမိနှင့်အတူ သွားရောက်မည့် မိတ်ဆွေအဖော် ဖြစ်လေသည်။

လူတို့တွင် ခရီးသွားလာရာ၌ မိမိနှင့်သွားဖော်လာဖက် အဖော်မှာ အရေးအကြီးဆုံးဖြစ်ပြီးလျှင် အကယ်၍ ဒုက္ခများနှင့် မလွဲမကင်းသာ ပက်ပင်းပါ တွေ့ကြရသောအခါ မိမိနှင့် လိုက်ပါသူ အဖော်သာလျှင် မှီခိုအားထားရာ ဖြစ်ပေသည်။ လူသူမရောက်မပေါက်သော ကန္တာရခရီးတောကြီးမြက်မည်းအတွင်း သတ္တုများ သွားရောက်ရှာဖွေရန်ကိစ္စမှာ လိုအပ်သော ကိရိယာ တန်ဆာပလာများ၊ စားရေးရိက္ခာများ၊ အဝတ်အထည်များပါ အပြည့်အစုံ ယူဆောင်သွားရမည်ဖြစ်၍ တစ်ယောက်တည်း မသွားနိုင်ဘဲ အမှန်ပင် အဖော်တစ်ယောက် လိုအပ်လှပေသည်။ သို့ဖြစ်၍ ကျွန်ုပ်မှာ မိမိနှင့်အတူ ကောင်းဖော်ဆိုးဖက် မိတ်ဆွေကောင်း တစ်ယောက်ဖြစ်စေ၊ တတ်နိုင်က တပည့်ဖြစ်စေ၊ ပထမဦးစွာ ရှာဖွေရွေးချယ်ရမည်ဖြစ်ရာ၊ ကျွန်ုပ်တို့ရုံးတွင် နှစ်နှစ်ကျော်မျှ ပြာတာအလုပ်ဖြင့် နေခဲ့သော ကျွန်ုပ်က အလုပ်သွင်းပေးခဲ့သူ မောင်တေလု ဆိုသူအား နောက်ဆုံး ရွေးချယ်ခဲ့လေသည်။

ကျွန်ုပ်သည် မန္တလေးမြို့၌နေစဉ် ထိုမောင်တေလုဆိုသူနှင့် တွေ့သဖြင့် ၎င်းမှာ အလုပ်အကိုင် မရှိကြောင်း ကျွန်ုပ်လက်အောက်တွင် အမှုထမ်းလိုကြောင်း၊ အကြိမ်ကြိမ်ပြောဆိုခဲ့ရာ၊ ၎င်းမှာ ရိုးသားဖြောင့်မတ်ဟန်လက္ခဏာရှိသည့်ပြင် စကားအလွန်နည်းပါးခြင်း၊ မည်သည့် ကိစ္စမျိုးမဆို ရဲရဲဝံ့ဝံ့ ပြုလုပ်တတ်ခြင်းတို့ကြောင့် ကျွန်ုပ်က အလုပ်ပေးခဲ့ခြင်းဖြစ်၏။ ၎င်း၏အမည်မှာ မောင်တေလုဖြစ်၍ နာမည်ဆန်းသလောက် သူ၏ပုံပန်း



www.burmeseclassic.com

www.burmeseclassic.com



သတ္တုာန်မှာလည်း ဆန်းပြား၏။ ၎င်း၏ခါးတွင် အဖုကြီးရှိ၍ အလွန် ခါးကုန်းသော သူတစ်ယောက်ဖြစ်သည့်ပြင် အသက်မှာ ၄၀ ကျော်မျှ ရှိပြီဖြစ်သော်လည်း အရပ်မှာ (၅) ပေထက် မကျော်လွန်ချေ။ သေးငယ်သော မျက်နှာရှိ၍ ကျီးကန်းနှင့်တူသော မျက်စိလည်း ရှိ၏။ အလွန်ပင် စကားနည်းသူ တစ်ယောက်ဖြစ်သော်လည်း ခိုင်းစေသည့်အခါများတွင် မညည်းမညူ ငြူစူခြင်းမရှိဘဲ အလုပ်ကို ရိုသေစွာ လုပ်တတ်လေသည်။ သူနှင့်သိသူအပေါင်းတို့က သူ့အား နာမည်ကိုခေါ်လေ့မရှိဘဲ 'ခါးကုန်းကြီး' ဟု ခေါ်ဝေါ်လေ့ရှိ၏။

အကြောင်းတိုက်ဆိုင်ပုံမှာ ထိုအခါက ခါးကုန်းကြီးသည် အခွင့် (၂) လယူထားပြီးဖြစ်၍ နောက်ထပ် လစာမဲ့ခွင့် (၂) လယူရန် ကျွန်ုပ်က တိုက်တွန်းရ၏။ ရွှေသတ္တုများကို ထိုအရပ်တွင် တွေ့နိုင်ကြောင်း ကျွန်ုပ်ကိုယ်တိုင် ယုံကြည်ခဲ့သဖြင့်၊ ဤအကြောင်းများကို ခါးကုန်းကြီးအား ပြောပြရာ ၎င်းမှာ ပထမ၌ များစွာ စိတ်မပါလှသော်လည်း ကျွန်ုပ်သာ အကယ်၍ အဖိုးတန်ကျောက်များတွေ့ရှိက ကျွန်ုပ် ကျေးဇူးခံစားရသမျှ ထက်ဝက်ကို ၎င်းအားပေးမည့်ပြင် လစာငွေကိုလည်း ယခုရရှိသော လခအတိုင်း ကျွန်ုပ်က ပေးမည်ဖြစ်ကြောင်း၊ အလုပ်မှာ ပင်ပန်းကြီးစွာ လုပ်ရမည် မဟုတ်ဘဲ၊ တောလယ်သွားသလောက်သာ ပင်ပန်းကြောင်းပြောရာ နောက်ဆုံး၌ ခါးကုန်းကြီးသည် ကျွန်ုပ်နှင့်အတူ လိုက်ပါရန် သဘောတူလေသည်။

ထိုအခါ ကျွန်ုပ်သည် သတ္တုများ ရှာဖွေရာတွင် အသုံးဝင်မည်ဖြစ်သော ကီရိယာတန်ဆာပလာများ၊ လိုင်စင်နှင့် ကိုင်ဆောင်သော ကျွန်ုပ်၏ နှစ်လုံးပြူးသေနတ်တစ်လက်နှင့် ယမ်းတောင့်များ၊ အလုပ်ဝတ္တရားအရ ကိုင်ဆောင်ရသည့် ကျွန်ုပ်၏ ခြောက်လုံးပြူးသေနတ်တစ်လက်နှင့် ယမ်းတောင့်များ၊ လူနှစ်ယောက်အတွက် တစ်လစာမျှသော စားရေရိက္ခာများ၊ ဆေးဝါးများ၊ အဝတ်အထည်များ စသည်တို့ကို ဝယ်ယူပြီးသော် မောင်တေလုနှင့်အတူ နမ်းခမ်းမြို့သို့ ထွက်ခဲ့ကြလေ၏။

ထိုမြို့ကလေးမှာ တရုတ်ပြည်နယ်စပ်နှင့် နီးကပ်စွာ တည်ရှိသဖြင့် ထိုအခါက မြန်မာကုန်သည်များ၊ တရုတ်နှင့် ရှမ်းကုန်သည်များတို့သည် ထိုမြို့၌ တွေ့ဆုံကြပြီးလျှင် အရောင်းအဝယ် ပြုတတ်ကြသည်ဖြစ်၍ ရောင်း



www.burmeseclassic.com

www.burmeseclassic.com


ဝယ်ဖောက်ကားမှုတွင် အတော်အတန် စည်ကားထင်ရှားသော မြို့ကလေး တစ်မြို့ ဖြစ်လေသည်။

ကျွန်ုပ်မှာ ထိုမြို့တွင် အသိအကျွမ်းမရှိသဖြင့် ထမင်းဆိုင်ကလေး တစ်ဆိုင်တွင် တည်းခိုကာ ရှေ့သွားရမည့် ခရီးစဉ်ကို စီစဉ်ရတော့၏။ ထမင်းဆိုင်ကလေးတွင် ၂ ညဉ့်မျှတည်းခိုပြီးနောက် ရွှေလီမြစ်ညာသို့ ဆန် တက်ရန် လှေငယ်တစ်စင်းကို ဆိုင်ရှင်၏ အကူအညီဖြင့် ငှားရမ်းရရှိခဲ့လေ သည်။ ကျွန်ုပ်သွားရောက်လိုသောနေရာမှာ မြို့နှင့် ၈ မိုင်ခန့်မျှသာဝေး သော နေရာဖြစ်၍ ကျွန်ုပ်တို့အား ထိုနေရာအထိ လိုက်လံပို့သရမည်ဖြစ်၏။

ဤကဲ့သို့ လှေငယ်တစ်စင်းကို ငှားရမ်းရရှိပြီးနောက် ကျွန်ုပ် လည်း လိုအပ်သော စားရေရိက္ခာများကို အနည်းငယ်မျှ ထပ်မံဝယ်ယူပြီး သော် တစ်နေ့သော နံနက်ဝေလီဝေလင်းအချိန်တွင် မြစ်ညာသို့ ဆန်တက် ကြလေ၏။ ကျွန်ုပ်သည် မိမိသွားရောက်ရမည့်နေရာကို မြေပုံ အကြမ်း တစ်ခု ရေးဆွဲယူခဲ့ရာ ၄–၅ မိုင်ခန့် ဆန်တက်မိသောအခါ ရွှေလီမြစ်သည် တဖြည်းဖြည်း ကျဉ်းမြောင်း၍ လာပြီးလျှင် ရေစီးလည်း အလွန်သန်ခဲ့ပြီဖြစ် ၍ ခဲယဉ်းစွာ ဆန်တက်ကြရလေ၏။ နောက်တစ်နေ့၌မူ ပထမနေ့ကထက် ပင် ဒုက္ခရောက်ကြရ၏။ ထိုနေရာ၌ကား ရွှေလီမြစ်သည် ချောင်းငယ် ကလေးမျှသာ ရှိတော့သည်ဖြစ်၍ ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်း လာခဲ့ရာ ရေစီးသည်လည်း အလွန်မြင့်သော ကုန်းမြေများ၊ တောင်ကြားများ မှ စီးဆင်းလာရသည်ဖြစ်၍ ယခင်ကထက် နှစ်ဆမျှပို၍ သန်လေသည်။ ထိုအခါ ကျွန်ုပ်တို့သည် လှေကိုလှော်ခတ်၍ မသွားနိုင်တော့ဘဲ ကမ်းပေါ် မှနေ၍ ကြိုးများဖြင့် တစ်လှည့်စီဆွဲ၍ သွားကြရကုန်၏။ ဤကဲ့သို့ ဆက် လက်၍ ၂ မိုင်ခန့်မျှ ခက်ခဲစွာ သွားကြပြန်သော် ကျွန်ုပ်၏မြေပုံအရ အနီးဆုံး သောလမ်းမှာ ထိုနေရာမှ ဆင်း၍ အရှေ့ဘက်သို့ ၂ မိုင်ခန့်မျှ ဆက်သွားပြီး နောက် ထိုမှ မြောက်စူးစူးသို့သွားရန် ဖြစ်လေသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ သည် ထိုနေရာ၌ပင် လှေကိုထားခဲ့ကြပြီးနောက် ယူငင်ရန် ရှိသော ဝန်စည် စလယ်အနည်းငယ်ကို နှစ်ယောက် ဝေငှ၍ ထမ်းပြီးလျှင် ထွက်ခဲ့ကြလေ ၏။ ခရီးအတန်ငယ် သွားမိလတ်သော် ရှမ်းရွာကလေးတစ်ရွာသို့ ရောက် ခဲ့ကြ၍ ထိုရွာကလေး၌ ကျွန်ုပ်တို့ စီးရန် မြင်း ၂ ကောင်နှင့် ဝန်တင်မြင်း သားတစ်ကောင်ကို ဝယ်ကြပြီးနောက် ကျွန်ုပ်တို့လည်း ရွာမှ မြောက်စူးစူး



www.burmeseclassic.com

www.burmeseclassic.com


သို့ ထွက်ခဲ့ကြလေသည်။

အလွန်နက်သော တောများကို ဖြတ်သန်းကာ တစ်နေ့ ခရီးမျှ သွားမိသော် သစ်ပင်များသည် တဖြည်းဖြည်း ပါး၍လာပြီးနောက် သဲထူထပ်သော နေရာတစ်ခုသို့ ရောက်လာကြ၏။ ထိုနေရာမှ မြောက်ဘက်သို့ မျှော်ကြည့်သောအခါ သဲဖြင့် ပြည့်သော ကန္တာရခရီးလမ်းသည် မျက်စိတစ်ဆုံးမျှ တည်ရှိလေ၏။ သို့ဖြစ်၍ ကျွန်ုပ်တို့သည် တောစပ်တွင် တွေ့ရှိသော ချောင်းငယ်တစ်ခုမှ ရေများကို ကိုယ်စီကိုယ်ငှ အားရအောင် သောက်သုံးပြီးလျှင် ရေဘူးများထဲ၌လည်း အပြည့်ထည့်ကြ၏။ အချိန်မှာ နွေဦးပေါက်ဖြစ်သဖြင့် ခရီးသည်များအား ညှာတာခြင်း မရှိသောနေမင်းသည် ကျွန်ုပ်တို့၏ ဦးခေါင်းများပေါ်သို့ ပူပြင်းသောအရှိန်ကို အစွမ်းကုန်လွှတ်လျက်ရှိလေ၏။ မြင်းများမှာ ထိုအရပ်ဒေသများတွင် သဲများကို ဖြတ်၍သွားဖူးဟန်လက္ခဏာ ရှိ၍ မြေမာပေါ်၌ သွားရဘိသကဲ့သို့ရှိသော်လည်း များစွာခရီးမတွင်လှချေ။ ပူပြင်းသော သဲများမှထွက်သော အခိုးငွေ့များသည် ကျွန်ုပ်တို့ မျက်စိများကို ရိုက်သဖြင့် မျက်ရည်များ ကျကုန်၏။ ကျွန်ုပ်တို့သာလျှင်မဟုတ် မြင်းများသည်ပင် ထိုနည်းတူ ခံစားကြရကုန်၏။ ဒုတိယနေ့၌ တစ်ခါမျှ မညည်းညူသော ကျွန်ုပ်၏တပည့် မောင်တေလုပင်လျှင် မျက်နှာမကောင်းဘဲ ပြန်ချင်သော အမူအရာကိုပြလျက် "ပြန်ကြပါစို့ ဆရာရယ်" ဟု ညည်းတွားလေရာ ကျွန်ုပ်က အကျိုးအကြောင်း ပြောပြီးလျှင် အားပေးစကားပြောရလေသည်။

တတိယမြောက်နေ့၌ကား သဲများသည် တဖြည်းဖြည်းပါး၍ လာပြီးနောက် မြေသည် တဖြည်းဖြည်းမာ၍လာပြီးလျှင် ကျွန်ုပ်တို့နှင့် မနီးမဝေးတွင် တောင်ပူစာကလေးများကဲ့သို့ မနိမ့်မမြင့်ရှိနေသော တောင်ကလေးများကို စီတန်းလျက် တွေ့မြင်ကြရ၏။ ထိုတောင်ပူစာကလေးများမှာ မြောက်ဘက်ရှိ တောင်တန်းကြီးမှ ထိုးထွက်လျက်ရှိသော တောင်နှာမောင်းနှင့် ဆက်သွယ်လျက်ရှိ၏။ ထိုနေရာသည်ကား ကျွန်ုပ်တို့၏ မြေပုံအညွှန်းတွင်ပါသည့်အတိုင်း ရွှေထွက်သောကျောက်များရှိရာ အရပ်ဖြစ်ကြောင်း သိရသည်နှင့် များစွာ ဝမ်းမြောက်မိ၏။ ဤအကြောင်းကို တပည့်မောင်တေလုအား ပြောပြသောအခါ ဝမ်းမြောက်မည် ဝေးစွ။ ကျွန်ုပ်က


www.burmeseclassic.com

www.burmeseclassic.com



နှစ်ခါသုံးခါထပ်၍ ပြောသောအခါမှသာ ဦးခေါင်းကို ညိတ်ဖော်ရလေသည်။ ထိုတောင်ပူစာကလေးများရှိရာမှ အရှေ့ဘက်သို့ တစ်ဖန်မျှော်၍ ကြည့်ပြန်သော်၊ ခရီး ၂ မိုင်ခန့်ဝေးသောနေရာ အရှေ့ဖူးဖူး၌ စိမ်းလဲ့သော တောအုပ်တစ်ခုကိုမြင်ရသည်နှင့် ကျွန်ုပ်တို့သည် ထိုတောအုပ်သို့ ရောက်အောင် မြင်းများကို နှင်ကြလေ၏။ ကျွန်ုပ်၏အကြံမှာ ထိုတောအုပ်၌ အေးချမ်းသာယာသော အရိပ်အာဝါသများကို ခိုလှုံပြီးလျှင် ရွှေထွက်သော ကျောက်များရှိရာ တောင်ပူစာများသို့ ပြန်၍ ရှာဖွေရန် ဖြစ်လေသည်။

ဤကဲ့သို့စီစဉ်သည့်အတိုင်း ကျွန်ုပ်တို့သည် တောအုပ်တွင် စခန်းချပြီးနောက် ညနေခင်းသို့ ရောက်လတ်သော် နေအေးသည်နှင့်တစ်ပြိုင်နက် ကျွန်ုပ်တစ်ယောက်တည်း တောင်ပူစာများမှာ သစ်ပင်များ မပေါက်ဘဲ သဲနှင့်ကျောက်ရောစပ်လျက် ရှိသည်ဖြစ်၍ ကျွန်ုပ်လည်း အကြီးဆုံးသော တောင်ပူစာတစ်ခုကို ရွေးချယ်ပြီးလျှင် တောင်ခြေ၏ ပတ်လည်တွင် အနှံ့အပြားလိုက်လံ ရှာဖွေလျက် ရှိလေ၏။ နေဝင်ခဲ့ပြီဖြစ်သော်လည်း လရောင်အောက်တွင် ကျွန်ုပ်သည် မနေမနား ကြိုးစားလျက် ရဲတင်းတစ်လက်ဖြင့် ကျောက်များ တူးဖော်ခွဲစိတ်ကာ ရှာဖွေလျက်ရှိသည်ဖြစ်ရာ ၂ နာရီခန့်မျှကြာလတ်သော် ကျောက်တုံးတစ်လုံးကို ရဲတင်းဖြင့် ဖွဲ့လိုက်ရာ ရွှေသတ္တုအမြောက်အမြားပါသော ကျောက်တုံး အပုံကလေးတစ်ခုကို ရရှိလေသည်။ ထိုအခါ ကျွန်ုပ်၏ ဝမ်းမြောက်ခြင်းမှာ စာဖြင့်ရေး၍ မပြနိုင်အောင်ပင် ဖြစ်ခဲ့သည်မှန်ပါ၏။ ရွှေများကို တစ်သက်ပတ်လုံး သုံးစွဲ၍ မကုန်နိုင်လောက်အောင် ရရှိပါက ယခုလက်ရှိ အစိုးရအမှုထမ်း အလုပ်ကို ချက်ချင်းစွန့်ပစ်တော့မည်ဟု အောက်မေ့မိ၏။ သို့ဖြစ်၍ ကျွန်ုပ်လည်း ရနိုင်သမျှသော ရွှေကျောက်ခဲကလေးများကို စုဆောင်းပြီးလျှင် လွယ်အိတ်တွင် ထည့်၍ ထိုည၌အဖို့တွင် တော်လောက်ပေပြီဟု သဘောရရှိသည့်အတိုင်း စခန်းချရာ တောအုပ်သို့ ပြန်ခဲ့လေ၏။ ကျွန်ုပ်၏တပည့်မောင်တေလုမှာ ထိုအချိန်၌ စားဖွယ်သောက်ဖွယ်များကို ပြင်ဆင်ပြီးလျှင် ကျွန်ုပ်အား စိတ်အားထက်သန်စွာ မျှော်နေလိမ့်မည်ဟု အောက်မေ့မိသော်လည်း ကျွန်ုပ်၏ မျှော်လင့်ခြင်းများမှာ အချည်းအနှီးဖြစ်ခဲ့လေ၏။ အဘယ့်ကြောင့်ဆိုသော် 'ခါးတွန်းကြီး' မှာ ရွက်ထည်တဲ၏ အပြင်ဘက်၌ အစန့်သား အိပ်လျက် ကျွန်ုပ်ရောက်သောအခါ ဟောက်သံကိုပင် ကြားရ၏။ သို့သော် ကျွန်ုပ်မှာ စိတ်

www.burmeseclassic.com



မဆိုနိုင်ချေ။ ကျွန်ုပ်တွေ့ ရှိခဲ့သော အရာများကို ၎င်းအား ပြလို၏။ အကျိုး အကြောင်းကို ပြောပြလို၏။ သို့နှင့် ကျွန်ုပ်လည်း "ခါးကုန်းရဲ့ ထပါဦး ကွယ့်၊ ရွှေတွေ တွေ့လာတယ်ကွယ်" ဟုဆိုသည်ဖြင့် ကိုယ်ကိုလှုပ်၍ နှိုးသော အခါ ခါးကုန်းမှာ မထချင် ထချင် အနိုင်နိုင် ထပြီးသော် ကျွန်ုပ်ပြသော ရွှေခဲများကို တမှိတ်တုတ်တုတ် တောက်လျက်ရှိသော ဖယောင်းတိုင်မီးတွင် ကြည့်လေ၏။

'ခါးကုန်း'မှာ ပထမ၌ လိုချင်မျက်စိ မရှိဘိသကဲ့သို့သော မျက်နှာ ဖြင့် ကျွန်ုပ် ယူခဲ့သည့် ရွှေများမည်မျှ အဖိုးတန်ကြောင်း မေးမြန်းလေရာ ကျွန်ုပ်က ငွေငါးထောင်ဖိုးခန့် ထိုက်တန်ကြောင်း၊ နောက်တစ်နေ့တွင် ၂ ယောက်သွား၍ ရှာဖွေမည်ဆိုက ယခုထက်နှစ်ဆ ရနိုင်မည်ထင်ကြောင်း ပြောလေသည်။ ထို အခါ ခါးကုန်း၏မျက်နှာမှာ တစ်မျိုးတစ်ဖုံ ပြောင်းလဲ၍ သွားသည်ဟု ကျွန်ုပ် ထင်မိ၏။ သို့သော် ကျွန်ုပ်မှာ ၎င်း၏မျက်နှာကို များစွာ အမှုမထားဘဲ ဘီစကွတ်မုန့် အနည်းငယ်နှင့် အမဲသေတ္တာတစ်လုံး ကို မြိန်ရှက်စွာ စားသောက်ပြီးနောက် အိပ်ရာသို့ဝင်လေ၏။ ခါးကုန်းမှာ ကျွန်ုပ် အိပ်သောအခါများတွင် အိပ်ဖန်စောင့်ရစမြဲဖြစ်၏။ ကျွန်ုပ်လည်း ထိုနေ့တွင် ယခင်နေ့များကထက် မောပန်းခဲ့သည်ဖြစ်၍ ခေါင်းအုံးပေါ်တွင် ခေါင်းချလိုက်သည်နှင့် တစ်ပြိုင်နက် အိပ်ပျော်သွားလေ၏။

မည်မျှလောက် ကြာအောင် အိပ်ပျော်သွားသည်မသိရချေ။ ကျွန်ုပ် ၏ ကိုယ်ပေါ်သို့ အလွန်လေးလံသော အရာဝတ္ထုကြီးတစ်ခု ဖိနှိပ်လျက် အိပ်ရာမှ လန့်နိုးလေရာ ကျွန်ုပ်မှာ မိမိတစ်သက်တွင် ဤမျှလောက် ထိတ် လန့်အံ့သြခြင်း မဖြစ်ခဲ့ဖူးပေ။ မျက်လုံးများကို ဖွင့်ကြည့်လိုက်ရာ ခါးကုန်း ကြီးသည် ကျွန်ုပ်၏ ကိုယ်ပေါ်သို့ ခွစီးလျက် ကျွန်ုပ်၏ နားထင်အနီးသို့ လည်း အေးစက်စက်ရှိလှသော ကျွန်ုပ်၏ခြောက်လုံးပြူး သေနတ်ပြောင်း တံဖြင့် တေ့၍ထားသည်ကို တွေ့ရလေသည်။

"ငြိမ်ငြိမ်နေ ဆရာ၊ အော်မယ် လှုပ်မယ်များတော့ မကြံနဲ့၊ အော်ပေ မဲ့လည်း ဘယ်သူမှ ကြားမယ် မဟုတ်ဘူး။ သည်တစ်ခါ ဆရာနဲ့ ကျုပ်နဲ့ နောက်ဆုံးတွေ့ခြင်းပဲ"

"မင်း တကယ်ပြောတာလား ခါးကုန်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့ဆီက ပစ္စည်းတွေယူပြီး ပြေးဖို့ အသင့်ပြင်ပြီးပြီ။ ဘာမှ ပြောစရာ မလိုတော့ဘူး"

ထို့နောက် ကျွန်ုပ်မှာ တောင်းပန်သော်လည်း အကျိုးရှိတော့မည် မဟုတ်ကြောင်း သိသည်နှင့် အံ့ကြိတ်လျက်ရှိနေလေရာ ခါးကုန်းလည်း အသင့်ယူခဲ့သော ကြိုးတစ်ချောင်းဖြင့် ကျွန်ုပ်၏လက်နှင့် ခြေများကို ကျင်လည်စွာ တုပ်နှောင်ပြီးနောက် ကျွန်ုပ်၏ အိတ်ထဲတွင် ပါသော ငွေ ၂၀၀ ကျော်၊ ရွှေနာရီတစ်လုံးနှင့် လက်စွပ်ကိုယူပြီးလျှင် တဲပြင်ဘက်သို့ လျင်မြန်စွာ ထွက်သွားလေ၏။

တစ်ခဏမျှ ကြာလတ်သော် မြင်းထားရာနေရာဆီမှ သေနတ်သံ တစ်ချက်ကြားရသည်နှင့် ကျွန်ုပ်အတွက် ကျန်ရှိမည့် မြင်းတစ်ကောင်ကို ကျွန်ုပ် မလိုက်နိုင်စေရန် အဆုံးစီရင်ခဲ့သည်ဟု တွေးထင်ရ၏။ ကျွန်ုပ် ထင်သည့်အတိုင်း မှန်ကန်ကြောင်းကိုလည်း နောင်အခါတွေ့ရှိရလေသည်။ ခါးကုန်းကြီးသည် ကျွန်ုပ်၏ခြေထောက်များကို တင်းကြပ်စွာ တုပ်နှောင်ထားခဲ့သည်ဖြစ်၍ ကျွန်ုပ်မှာ မလှုပ်မယှက်နိုင်အောင်ပင် ရှိနေခဲ့ရာ 'အဖော်မပါဘဲ ခရီးမသွားသင့်' ဟူသော စကားပုံသည်ပင် မှားခဲ့ချေပြီလောဟု အောက်မေ့မိ၏။

ထို့နောက် ကျွန်ုပ်သည် သစ္စာမရှိသော ခါးကုန်း၏အကြောင်းကို အမျိုးမျိုးစဉ်းစား၍ နေမိ၏။ ကျွန်ုပ်က အလုပ်သွင်းပေးခဲ့ဖူးသည်ကိုလည်းကောင်း၊ ၎င်းငွေကြေးပြတ်လပ်သည့်အခါများတွင် ကျွန်ုပ်က ထောက်ပံ့ဖူးသည့် အကြောင်းများကိုလည်းကောင်း၊ တစ်ကြိမ်တွင် အထက်အရာရှိ တစ်ဦးက အလုပ်ထုတ်ပစ်မည်ပြုရာ ကျွန်ုပ်က ၎င်းအား အာမခံ၍ ထောက်ခံပြောဆိုသောကြောင့် အလုပ်ထုတ်ပစ်ခြင်း မခံရသည့်အကြောင်းများကိုလည်းကောင်း စဉ်းစားမိ၏။ သို့သော် ဤကဲ့သို့ စဉ်းစားနေက အချိန်သာလျှင် ကုန်တော့မည်။ လူတို့မည်သည် ဆင်းရဲဒုက္ခနှင့် အကျဉ်းအကြပ်တွေ့ကြုံက အသက်သေသည်အထိ လုံ့လကို မလျှော့ဘဲ ကြိုးစားမှသာ ထိုအကျဉ်းအကြပ်မှ လွတ်မြောက်နိုင်ပေမည်။ သို့ဖြစ်၍ အချိန်ကုန်ခံ၍ မဖြစ်တော့ပြီဟု ကျွန်ုပ် အောက်မေ့မိပြန်၏။

အချိန်မှာ လမွန်းတည့်ချိန်လောက် ရှိပြီဖြစ်၍ သစ်ခက်များ မိုးထားသော ကျွန်ုပ်တို့ တဲအပြင်မှ ကြည်လင်အေးမြသော လရောင်ကို မြင်ရ



www.burmeseclassic.com

www.burmeseclassic.com



လေရာ ကျွန်ုပ်လည်း မှောင်မိုက်သော သစ်ခက်များအောက်တွင် နေရခြင်းထက် ထိန်လင်းသော လရောင်အောက်၌ နေရခြင်းကပို၍ စိတ်သက်သာရာ ရလိမ့်မည်ဟု ထင်သည့်အတိုင်း တဲအပြင်သို့ ကိုယ်ကို တဖြည်းဖြည်းလိမ့်၍ ထွက်လာခဲ့၏။

တဲအပြင်သို့ ရောက်သောအခါ လမင်းသည် မွန်းတည့်ပြီဖြစ်၍ လောကဓာတ်တစ်ခုလုံးသည် နေ့အခါကဲ့သို့ ကောင်းစွာ မြင်နိုင်သည်ကို တွေ့ရ၏။ တဖြူးဖြူးတိုက်ခတ်လျက်ရှိသော လေသည် ကျွန်ုပ်၏အင်အားများကို တိုးတက်စေဘိသကဲ့သို့ ရှိတော့၏။ ကျွန်ုပ်လည်း ပထမဦးစွာ လက်မှ ကြိုးကို တဖြည်းဖြည်းဖြေရန် အားထုတ်လျက်ရှိရာ နာရီဝက်ခန့်မျှကြာသော်လည်း ခါးကုန်း၏လက်ရာမှာ မူလအတိုင်းပင် ရှိနေသည်ကို တွေ့၏။ နွေအခါလည်းဖြစ်ပြန် ခွန်အားများကိုလည်း တတ်နိုင်သမျှ အသုံးပြုရပြန်ဖြစ်သောကြောင့် ဆီးကင်းခန့်မျှသော ချွေးပေါက်တို့သည် ကျွန်ုပ်၏ နဖူးမှယိုစီးလျက်ရှိလေ၏။ ထိုနေ့ညနေခင်းက ဟင်းများ နွှေးရန် ခါးကုန်းကြီးသည် ထင်းများကို ပေါက်ခွဲသဖြင့် ကျွန်ုပ်လည်း ထိုအကြောင်းကို သတိရပြီးလျှင် မီးဖိုအနီးသို့ ကိုယ်ကို တဖြည်းဖြည်းလိမ့်၍ သွားပြန်ရာ မီးဖိုအနီးတွင် ပုဆိန်တစ်လက်ကို ကံအားလျော်စွာ တွေ့မြင်ရသဖြင့် ကျွန်ုပ်မှာ လွတ်မြောက်ရပေတော့မည်ဟု အတိုင်းမသိ ဝမ်းသာမိ၏။ ထို့နောက် ကျွန်ုပ်လည်း ပုဆိန်ရိုးကို ပါးစပ်ဖြင့် ကိုက်၍ နှသားတကျ ဖြစ်အောင်ပြုပြင်ပြီးသော် လက်မှကြိုးကို ပထမဦးစွာ ဖြတ်လေရာ နာရီဝက်ခန့်မျှကြာသောအခါ ကြိုးများပြတ်သွားလေ၏။ ကျွန်ုပ်၏ အဝတ်အစားများမှာလည်း ချွေးများဖြင့် ရွှဲရွှဲစိုလျက်ရှိကုန်၏။

ကျွန်ုပ်လည်း အနှောင်အဖွဲ့မှ လွတ်ပြီဖြစ်၍ မြင်းများ ထားရာနေရာသို့ သွားရောက်ကြည့်ရှုသောအခါ ကျွန်ုပ်ထင်မြင်သည့်အတိုင်း ကျွန်ုပ်၏ မြင်းမှာ သေနေပြီးလျှင် ဝန်တင်သော လားကလေးလည်း မရှိတော့ချေ။ ထို့ပြင် ရောဘူးနှင့်တကွ ရွှေခဲကလေးများ ထည့်ထားသော လွယ်အိတ်သည်လည်း ပျောက်ဆုံးလျက်ရှိသည်ကို တွေ့ရလေ၏။ သစ္စာမရှိသော ကျွန်ုပ်၏အဖော်သည် ကျွန်ုပ်၏ရှိစုမဲ့စု ပစ္စည်းအားလုံးကိုယူ၍ ထွက်ပြေးချေပြီ။ ပထမ၌ ၎င်းအပေါ်တွင် လက်စားချေလိုသော စိတ်များပြင်းထန်လျက်ရှိ၏။ ထို့နောက် ကျွန်ုပ်လည်း တရားနှင့်ဖြေခြင်လျက်



www.burmeseclassic.com

www.burmeseclassic.com



ဤလူ့ပြည်တွင် ဆင်းရဲခြင်းနှင့် ချမ်းသာခြင်းတို့သည် တစ်လှည့်စီလာ၍ လူများအား တိုက်ခိုက်တတ်ခြင်းသည် သဘာဝဓမ္မတည်းဟူသော ဖြစ်တတ်ပျက်တတ်သည့် သဘောတရားမျှသာဖြစ်ကြောင်းဖြင့် မိမိစိတ်ကို ဖြေရလေ၏။ သို့သော် ရတ်တရက် ဖြေ၍ကား မရချေ။ မည်ကဲ့သို့ ပြုလုပ်ရမည်ကို စဉ်းစားလျက်ရှိရာ ဤနေရာတွင် အချိန်ကုန်ခံ၍နေရန်လည်း မသင့်လျော်၊ လူနေအိမ်ခြေရှိသော အနီးဆုံးရွာတစ်ရွာသို့ အမြန်ဆုံး သွားရန်သာရှိတော့သဖြင့် ကျွန်ုပ်လည်း ပခုံးပေါ်တွင် လွယ်နိုင်သော ပစ္စည်းများကိုသာ ယူခဲ့ပြီးလျှင် ထိုနေရာမှ ထွက်ခဲ့လေ၏။

ခါးကုန်းကြီးသွားရာ လမ်းစကို ကျွန်ုပ်သည် ခြေရာခံ၍လိုက်ခဲ့ရာ မြင်းခွာရာများသည် တောင်ပူစာများရှိရာဘက်သို့ မသွားဘဲ အနောက်ဘက်သို့ သွားကြောင်းတွေ့ရသဖြင့် ထိုလမ်းအတိုင်း လိုက်လေ၏။ ခရီးသုံးမိုင်လောက် ရောက်ရှိပြီးနောက် ကျွန်ုပ်မှာ အတော်ပင် မောပန်းလျက်ရှိရာ တစ်ခါတစ်ရံ ခြေများကိုပင် မသယ်ချင်လောက်အောင် ရှိတော့၏။ သို့သော် ဤမျှလောက် ယုံကြည်စိတ်ချခဲ့သော တပည့်တစ်ယောက်က ကျွန်ုပ်အပေါ်တွင် ယခုကဲ့သို့ လက်တစ်လုံးခြားမျှ လှည့်ဖြား၍ သွားသည်ကို အခံရခက်လှသဖြင့် ကျွန်ုပ်လည်း အားသွန်ကြိုးပမ်း၍ သွားလေ၏။ ခရီးသွား၍ မောပန်းလေလေ၊ ခါးကုန်းအပေါ်၌ လက်စားချေချင်စိတ်များ ပြင်းထန်၍ လာလေလေ ဖြစ်တော့၏။ အလွန်မောပန်းသောအခါများတွင် တစ်ထောက်တစ်နားမျှ နားနေ၍ မုန့်ကြွပ် အနည်းငယ်ကို ကပျာကယာ ဝါးပြီးလျှင် ရေတစ်ကျိုက်နှစ်ကျိုက်ဖြင့် ကျိုက်ချလိုက်ရ၏။ ဝင်လုဆဲဖြစ်သော လတစ်ခြမ်းပဲ့ကလေးသည် လွင်တီးခေါင်ကန္တာရပေါ်သို့ မှုန်မွှားသော အရောင်အဝါဖြင့် သာလျက်ရှိရာ ကျွန်ုပ်လည်း မြင်းခွာရာများကို မျက်ခြည်မပြတ်ဘဲ တရွေ့ရွေ့ရှေ့သို့ သွားလျက်ရှိလေ၏။

လမွန်းတည့်ချိန် ကျော်လွန်၍ ၂ နာရီကျော်ကျော်မျှသွားမိသော အခါ ကျွန်ုပ်မှာ ခြေကုန်လက်ပန်းကျလာပြီဖြစ်၍ ရှေ့သို့ ဆက်လက်မသွားနိုင်တော့ဘဲ ရောက်ရာနေရာ၌ပင်ထိုင်ချလိုက်မိ၏။ ထို့နောက် ကျောက်တုံးတစ်တုံးကို ခေါင်းအုံးကာ တစ်ခါတည်း အိပ်ပျော်သွားလေတော့၏။

မည်မျှလောက်အိပ်ပျော်သွားသည်ကား မသိရချေ။ ကျွန်ုပ်မှာ နောက်မှ ခါးကုန်းကြီးက လိုက်သဖြင့် သဲကန္တာရတစ်ခုထဲတွင် ခြေကို



www.burmeseclassic.com

www.burmeseclassic.com



အနိုင်နိုင် သယ်၍ ထွက်ပြေးရသည်ဟု အိပ်မက်မက်ရာမှ ရုတ်တရက် လန့်နိုးသဖြင့် တောင်မြောက်လေးပါးကို ကြည့်ရှုမိပြီးလျှင် ထိုအခါမှ ကောင်းစွာ သတိရလာတော့၏။ ကျွန်ုပ်၏နာရီမှာ ခါးကုန်းကြီးယူသွားပြီ ဖြစ်၍ အချိန်ကို အတိအကျ မသိရသော်လည်း အရှေ့ဘက်ကောင်းကင်မှာ အောက်ခြေတွင် နီရဲ၍ အလင်းရောင်များ ပြေးလာပြီကို မြင်ရသဖြင့် နေ့ အရုဏ်တက်ချိန်သို့ ရောက်လာပြီဖြစ်ကြောင်း သိရလေသည်။

တဖြည်းဖြည်း လင်း၍လာပြီဖြစ်၍ မြင်းခြေရာများနှင့် နောက်မှ လားကလေး၏ ခြေရာများကို ယခင်ကထက် ကွဲကွဲပြားပြား မြင်ရတော့ ၏။ ရှေ့သို့ ၄ ဖာလုံခန့်မျှ သွားမိသောအခါ ခြေရာများသည် အနောက် ဘက်သို့ သွားလျက်ရှိရာမှ ရုတ်တရက် ကွေ့ပြီးလျှင် တောင်စူးစူးသို့ သွား ပြန်သဖြင့် ကျွန်ုပ်လည်း ထိုလမ်းအတိုင်း လိုက်ရပြန်လေ၏။ ထိုနေရာမှာ နမ်းခမ်းဘက်သို့သွားသော ဖြတ်လမ်းတစ်ခု ဖြစ်ကောင်းဖြစ်ပေမည်။ မြေ မှာလည်း အဝါနုရောင်မှ အပြာရောင်သို့ တဖြည်းဖြည်း ပြောင်းလဲလာသည် ကို သတိပြုမိ၏။ ကျွန်ုပ် ရှေ့လက်ဝဲဘက်ဆီ၌ အတော်အတန် စိမ်းလန်းစို ပြေစွာ ပေါက်နေသည့် တောအုပ်ကလေးကဲ့သို့ သစ်ပင်အုပ်စုတစ်စုကို မြင်ရလေရာ ခြေရာများသည် ထိုတောအုပ်ဆီသို့ ရှေ့ရှုသွားနေသဖြင့် ကျွန်ုပ်လည်း ထိုခြေရာများ သွားသည့်အတိုင်း တရွေ့ရွေ့သွားလျက် ရှိလေ ၏။ သို့သော် တောအုပ်ကလေးသို့ ရောက်ရန်ကား ကျွန်ုပ်ရှေ့ တစ်မိုင်ခန့်မျှ ဝေးသေး၏။

ထိုအချိန်၌ နေသည် အတော်မြင့်လာပြီဖြစ်ရာ ခရီးသွားရသည်မှာ လည်း ယခင်ကထက် မောပန်း၍လာတော့၏။ သို့သော် စိတ်အားထက် သန်လှသည်ဖြစ်၍ တရှိန်းရှိန်း တောက်ပလျက် ရှိသော နေပူကျဲကျဲတွင် အပြာနုရောင် သဲများပေါ်၌ ကျွန်ုပ်သည် လိပ်တစ်ကောင်၏သွားခြင်းဖြင့် တရွေ့ရွေ့ သွားလျက်ရှိလေသည်။

တစ်မိုင်မျှ ခရီးမှာ လတ်ဆတ်လန်းဆန်းစွာ ရှိနေသော လူတစ် ယောက်အတွက် ၁၅ မိနစ်၊ မိနစ် ၂၀ မျှသွားလျှင် ရောက်နိုင်သော်လည်း ကျွန်ုပ်မှာ ထိုသစ်ပင်အုပ်ကလေးရှိရာ တောစပ်သို့ တစ်နာရီခန့်ကြာမှ ရောက်ရှိလာတော့၏။ ရေဘူးတွင် ရေကုန်၍သွားပြီဖြစ်၍ ရေငတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com


သည့်မှာလည်း ပြောစရာမရှိချေ။ ကျွန်ုပ်၏လည်ချောင်းများမှာ သံပူချောင်းဖြင့် လျှိုထားဘိသကဲ့သို့ ရှိနေ၏။

ကျွန်ုပ်သည် နေရိပ်ရှိရာ စိမ်းလန်းသော ချုံပုတ်ကလေးတစ်ခု၏ အကွယ်တွင် မြေပေါ်သို့ ထိုင်ချလိုက်၏။ မြင်းခွာရာများမှာ ကျွန်ုပ်ထိုင်နေသော နေရာရှေ့ မနီးမဝေးမှ သစ်ပင်အုပ်အလယ်ဆီသို့ ရှေ့ရှုသွားလျက်ရှိသဖြင့် ကျွန်ုပ်လည်း တစ်ခဏမျှ အမောအပန်းဖြေပြီးလျှင် ထိုခြေရာများနောက်သို့ ဆက်လက်လိုက်သွားလေ၏။ ထိုနေရာ၌ မြေသည် အပြာနုရောင်နှင့် ရွှံ့စေးများ ရောစပ်ထားသကဲ့သို့ ခပ်မှိုင်းမှိုင်းဖြစ်၍လာပြီးလျှင် အချို့နေရာ၌ စွတ်စိုထိုင်းမှိုင်းသည့် အရိပ်လက္ခဏာနှင့်တကွ အချို့နေရာများတွင် ရွှံ့ဗွက်နွံအိုင်ကလေးများကိုပင် မကြာခဏ တွေ့မြင်ရလေသည်။

ထိုအခါ ပတ်ဝန်းကျင်နှင့်တကွ သစ်ပင်များ၏ အရိပ်အာဝါသကြောင့် နေ၏အပူဒဏ်ကို များစွာမခံရတော့ဘဲ အတန်ငယ်သက်သာ၍လာသကဲ့သို့ ထင်ရ၏။ ထိုအခါ ကျွန်ုပ်သည် 'အိုအေစစ်' ခေါ် စွန်ပလွံပင်နှင့် ရေတွင်းများကို မြင်သော ခရီးသွား ကုလားအုတ်တစ်ကောင်ကဲ့သို့ ခြေလှမ်းများသည်လည်း မောပန်းသည်ကို သတိမရနိုင်တော့ဘဲ ကျဲသည်ထက်ကျဲ၍ လာခဲ့လေ၏။ ရှေ့သို့ ကိုက်သုံးလေးဆယ်ခန့် ဆက်လက်သွားမိသောအခါ အချို့နေရာ၌ ရေစရေနများကိုပင် တွေ့ရသဖြင့် ထိုတောအုပ်ကလေးတွင် ချောင်းငယ်သော်လည်းကောင်း၊ ရေအိုင်သော်လည်းကောင်း ရှိထန်ရာ၏ဟု အောက်မေ့၏။ ရှေ့သို့ အတန်ငယ် ဆက်လက်သွားမိပြန်သောအခါ အချို့နေရာတွင် ရွှံ့နှင့်တူသော မြေများမှာ အတော်ပင်ပျော့သဖြင့် မြင်းနှင့်လားကလေးတို့၏ ခွာရာများသည် နက်ရှိုင်းစွာ ထင်လျက်ရှိ၏။ 'ခါးကုန်း' သည် ထိုတောအုပ်ကလေးတွင်းရှိ ရေရှိရာ ရေအိုင် သို့မဟုတ် ချောင်းငယ်ဆီသို့သွားကြောင်း ပို၍ ထင်ရှားလာ၏။ ရှေ့ မနီးမဝေး၌ အတော်အတန်ကြီးသော သစ်ပင်မြင့်မြင့်များကိုလည်း မြင်ရလေရာ တောအုပ်ကလေးမှာ အတော်ပင် စိုပြေသာယာသော နေရာဖြစ်ကြောင်း တွေ့ရှိရလေသည်။

ရှေ့သို့ ကိုက် ၁၀၀ ခန့်မျှ ဆက်လက်သွားမိသောအခါ မြေသည် ယခင်ကထက် ပျော့၍လာသည်ဟု ထင်ရပြီးလျှင် ကျွန်ုပ် လျှောက်လာသော နေရာ၏ ဝဲယာတစ်ဘက်တစ်ချက်တွင် ရေအိုးငယ်ခန့် အိုးစရည်းခန့်ရှိ ဗွက်အိုင်များကို မြင်ရ၏။ အပေါ်ယံရေမှာ ရွှံ့နှစ်နှင့် ပြာမှုန်းကို ရော


www.burmeseclassic.com

www.burmeseclassic.com



စပ် ဖော်ထားဘိသကဲ့သို့ ရှိနေ၏။ ရွှေဘိုနယ်အထက်ပိုင်းများတွင် ရွှံ့နွံအိုင်ကဲ့သို့ နဂါးကျစ်တွင်းများ ရှိကြောင်း၊ ဤနေရာဒေသတစ်ဝိုက်၌လည်း အလားတူ နဂါးကျစ်တွင်းများရှိကြောင်း ယခင်က ကြားဖူးသဖြင့် ကျွန်ုပ်လည်း ဤအကြောင်းများကို ပြန်၍ သတိရပြီးလျှင် တောတောင်ရေမြေအနေအထားကို ကြည့်ရှုရခြင်းအားဖြင့် ကျွန်ုပ်မြင်ရသော နွံဗွက်များမှာလည်း ထိုတွင်းများပင် ဖြစ်တန်ရာသည်ဟု ကျွန်ုပ် တွေးမိ၏။ **နဂါးကျစ်တွင်းများထဲသို့ အမှတ်မဲ့ ဆင်းမိသောအခါ ရွှံ့နှင့် နုံးများသည် အောက်သို့နက်ရှိုင်းစွာ ရောက်သည့်အထိ ဆွဲငင်စုတ် ယူသွားတတ်သဖြင့် လူကိုမဆိုထားဘိဦး တိရစ္ဆာန်များပင် လွတ်မြောက်အောင် မတတ်နိုင်ကြောင်းဖြင့်ကျွန်ုပ် ကြားဖူး၏။** သို့နှင့် ကျွန်ုပ်လည်း ထို ဗွက်အိုင်များကို သတိဖြင့်တတ်နိုင်သမျှ ရှောင်ရှားသွားရ၏။

ကျွန်ုပ် လျှောက်လာခဲ့သော ကုန်းကြောကလေးတစ်လျှောက်မှာ သဲမြေများဖြစ်သော်လည်း အတန်ငယ်မြေမာပြီးလျှင် လက်ယာဘက်၌မူ ဗွက်အိုင်များကိုတွေ့မြင်ရ၏။ ရှေ့သို့ပေ ၁၀၀ ခန့်သွားမိသောအခါ အတန်ငယ် မြေပျော့၍လာပြီးလျှင် မြင်းနှင့်လား ခြေရာများကို ဆက်လက် တွေ့ရပြန်သဖြင့် 'ခါးကုန်း'သည် ထိုလမ်းမှ ဖြတ်သန်းသွားကြောင်း ပိုမို ထင်ရှားလာ၏။ ထိုနေရာမှ ရှေ့သို့ ခြေလှမ်း ၁၀ လှမ်း ၁၅ လှမ်းခန့်မျှ သွားမိသောအခါ ကုန်းကြောကလေးကို ဆက်၍တွေ့ရပြန်ရာ မြေမာသဖြင့် မြင်းခွာရာများ တစ်ဖန် ပျောက်သွားပြန်လေ၏။ သို့ရှိစဉ် ကျွန်ုပ်၏ ရှေ့ မနီးမဝေးမှ မြင်းဟီသံတစ်သံ ကြားလိုက်ရသဖြင့် ကျွန်ုပ်လည်း အံ့အားသင့်၍သွားမိ၏။ ထိုနေရာမျိုးတွင် အခြားခရီးသည်များ ရှိနိုင်မည် မဟုတ်ဘဲ ခါးကုန်း၏ မြင်းပင် ဖြစ်တန်ရာ၏။ ခါးကုန်းသည် ကျွန်ုပ်လိုက်လာသည်ကို သိသဖြင့် ကျွန်ုပ်အား တိုက်ခိုက်ရန် ပုန်းအောင်းနေခြင်းပင် ဖြစ်လေသလော။ ကျွန်ုပ်တွင် ထင်းခွဲသည့် ရဲတင်းတစ်လက်သာ လက်နက်အဖြစ်ဖြင့် ပါရှိ၏။ သို့နှင့် ကျွန်ုပ်လည်း အကယ်၍တိုက်ခိုက်က ခုခံနိုင်ရန် ရဲတင်းကို အသင့်ကိုင်ဆောင်ကာ တစ်လှမ်းချင်း ရှေ့သို့တိုး၍ သွားလေ၏။ ထိုနေရာ၌ မြေမာကုန်းကြောကလေးသည် ကွေ့၍သွားသဖြင့် ထိုအကွေ့ကလေးကို လွန်မိသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်ရှေ့ ခြေလှမ်း ၁၀၀ ခန့် အကွာတွင် ထွာဆိုင်ခန့်ရှိ သစ်ပင်တစ်ပင်တွင် ချည်နှောင်ထားသည့် မြင်းနှင့်လားကလေး



www.burmeseclassic.com

www.burmeseclassic.com



ကို မြင်လိုက်ရ၏။ မြင်းသည် ကျွန်ပ်လာသည်ကို သိသည့်လက္ခဏာဖြင့် ကျယ်လောင်စွာ တစ်ချက် မြည်ဟီးလိုက်ရာ လားကလေးမှာလည်း ကျွန်ုပ်အားဆီးကြိုနှုတ်ဆက်သကဲ့သို့ တစ်ကြိမ်နှစ်ကြိမ်မျှ ခုန်ပေါက် မြည်ဟီးလိုက်၏။ ခါးကုန်းကိုကား အရိပ်အယောင်မျှ မတွေ့မမြင်ရချေ။

ကျွန်ပ်သည် မြင်းနှင့် လားကလေးရှိရာသို့ ခပ်သုတ်သုတ်လျှောက်လာခဲ့၏။ အနီးသို့ရောက်သောအခါ မြင်းနှင့်လားကလေးအား တွဲ၍ သစ်ပင်၌ ချည်ထားသည်ကို တွေ့ရ၏။ မြင်း၏ ဝမ်းပတ်ကြိုး၌လည်း ကျွန်ုပ်၏ နှစ်လုံးပြူးသေနတ်ကို ချည်ထားရာ ၆ လုံးပြူးသေနတ်ကလေးမှာမူ သူ၏ကိုယ်တွင် ပါ၍သွားဟန်တူ၏။ ရွှေစကလေးများ ထည့်ထားသော လွယ်အိတ်ကလေးမှာလည်း သူ၏အထုပ်များနှင့်အတူ ရှိနေ၏။ ပတ်ဝန်းကျင်မှာ ချုံပုတ်များမရှိဘဲ လက်မောင်းခန့်၊ ထွာဆိုင်ခန့် သစ်ပင်များသာရှိ၏။ ပုန်းအောင်းရန် နေရာ ဟူ၍ကား မတွေ့ရချေ။ သို့သော် –

ကျွန်ပ်သည် ကုန်းကြောကလေး၏ လက်ဝဲဘက်သို့ လှမ်း၍ ကြည့်လိုက်ရာ အိမ်တစ်ခန်းစာသာသာခန့်မျှ ကျယ်ဝန်းသော ဗွက်အိုင်ကြီးကို တွေ့ရ၏။ ထိုဗွက်အိုင်၏ အလယ်မှ တစ်တောင်သာသာခန့်မျှ ရှိသော လူ၏ လက်တစ်ဖက်သည် အပေါ်သို့ ထွက်လျက်ရှိသည်ကို အံ့ဩစွာ တွေ့မြင်ရလေ၏။ စေ့စေ့စပ်စပ် ကြည့်လိုက်သည်ပင် တုတ်ခိုင်လှသော လက်မောင်းကြီးကိုလည်းကောင်း၊ လက်မောင်းရင်း၌ ဆေးနီဖြင့် ထိုးထားသည့် မိန်းမရုပ်ကိုလည်းကောင်း မြင်ရသဖြင့် 'ခါးကုန်း'၏ လက်ယာဘက်လက်ကြီးဖြစ်ကြောင်း သိရ၏။ ထိုအခါမှ ကျွန်ုပ်လည်း အဖြစ်အပျက်မှန်ကို ကောင်းစွာ သိရှိနားလည်လာတော့၏။

ခါးကုန်းသည် နမ်းခမ်းဘက်သို့ ဤတောအုပ်မှ ဖြတ်၍အသွားတွင် ရေအလွန်ငတ်သဖြင့် မြင်းနှင့် လားကလေးကို သစ်ပင်၌ ချည်နှောင်ပြီးလျှင် နဂါးကျစ်ဗွက်အိုင်ကြီးအတွင်းသို့ ရေသောက်ရန် ဆင်းသက်ခဲ့ခြင်းဖြစ်ရမည်။ ဗွက်အိုင်မှရေများမှာ အနားတွင် နောက်ကျိလျက်ရှိသော်လည်း အလယ်၌မူ ကြည်လင်လျက်ရှိသဖြင့် ရေကြည်ကို သောက်လိုသဖြင့် ဗွက်အိုင်၏အလယ်သို့ ရောက်အောင် ဆင်းသက်ခဲ့ဟန်တူ၏။ ထိုအခါ နဂါးကျစ်တွင်းအလယ်သို့ ရောက်လာ၍ သဲနုံးများအတွင်းသို့ ကျွံကာ အောက်သို့ တဖြည်းဖြည်း နစ်မြုပ်သွားဟန်တူ၏။



www.burmeseclassic.com

www.burmeseclassic.com



ခါးကုန်း၏လက်မှာ အတန်ငယ်လှုပ်ရှားလျက်ရှိနေသေး၏။ ကျွန်ုပ် ဆယ်နိုင်ပါဦးမည်လော။ ယခင်က ၎င်းအပေါ်တွင် လက်စားချေလိုစိတ်များ ပြင်းထန်လျက်ရှိခဲ့သည် မှန်သော်လည်း ယခုကဲ့သို့ စိတ်နှလုံးမချမ်းမြေ့ဖွယ်၊ ရင်နာဖွယ် အဖြစ်အပျက်များကို မြင်ရသောအခါ ကျွန်ုပ်မှာ ယူကျုံးမရ ဝမ်းနည်းမိ၏။ ရန်သူပင်ဖြစ်လင့်ကစား ဤကဲ့သို့ ဒုက္ခမျိုးနှင့်တွေ့ကြုံနေသည်ကို ကျွန်ုပ် မကြည့်ရက်နိုင်ချေ။

ခါးကုန်းသည် ကျွန်ုပ်၏မြင်းမှ ကြိုးခွေကို ဖြုတ်ယူသွားသဖြင့် ကျွန်ုပ်လည်း သူ၏အထုပ်တွင် တွဲချည်ထားသော ကြိုးခွေကို ကပျာကယာဖြုတ်ယူပြီးလျှင် သူ၏လက်ကိုမိအောင် ကွင်းဖြင့်ပစ်၍ စွပ်ပြီးနောက် တအားကုန် ဆွဲယူလေ၏။ သို့သော် အချည်းနှီးပင်။ သဲနုံးများအောက်သို့ တဖြည်းဖြည်း နစ်မြုပ်လျက်ရှိသော သူ၏ခန္ဓာကိုယ်ကြီးကို မည်သည့်နည်းနှင့်မျှ ကျွန်ုပ် ဆွဲယူခြင်းငှာ မတတ်နိုင်ပေ။ ရွှံ့ရည်များပေါ်သို့ တစ်တောင်ခန့် ပေါ်လျက်ရှိသော လက်သည် အောက်သို့ တစ်လက်မထက် တစ်လက်မ တရွေ့ရွေ့ ကျဆင်းလျက် ရှိလေရာ၊ ကျွန်ုပ်လည်း တစ်ဖက်သောကြိုးစကို မြင်းချည်ထားသော သစ်ပင်၌သာ ချည်ထားလိုက်ရတော့၏။ မြင်းပေါ်သို့ ကျွန်ုပ်တက်မိသောအခါ ခါးကုန်း၏လက်မှာ လက်ချောင်းကလေးများသာ ကျွန်ုပ်အား နောက်ဆုံး နှုတ်ဆက်သည့်အနေဖြင့် ကျစ်ရစ်ပြီးနောက် ကျွန်ုပ် ထွက်လာသောအခါ၌ကား သဲနုံးများအောက်တွင် တစ်ခါတည်း ပျောက်ကွယ်၍ သွားတော့၏။

နမ်းခမ်းသို့ရောက်သောအခါ ကျွန်ုပ်လည်း ရဲဌာနသို့ ကျွန်ုပ်၏ အဖြစ်အပျက်များနှင့်တကွ ခါးကုန်း၏အကြောင်းကို သွားရောက်တိုင်ကြားလေ၏။ နောက်တစ်နေ့၌ပင် ရဲမှူးတစ်ယောက်နှင့် ရဲသားနှစ်ယောက်တို့သည် ထိုနေရာသို့ မြင်းများဖြင့် သွားရောက်ကြည့်ရှုရာ ကျွန်ုပ်က လမ်းပြအဖြစ် လိုက်ပါသွားရ၏။

ခါးကုန်းနစ်မြုပ်သွားသော နဂါးပွက်အိုင် သို့မဟုတ် နဂါးကျစ်တွင်းသို့ရောက်သောအခါ သစ်ပင်ရင်းတွင် ပြတ်ထွက်လျက်ရှိသော ကြိုးစကိုသာ ကျွန်ုပ်တို့ တွေ့ရတော့၏။ ရဲမှူးသည် ကျွန်ုပ်ပြောသည့်အတိုင်း မှန်ကြောင်း ယုံကြည်သည်ဟု မှတ်ချက်ရေးသားပြီးလျှင် အမှုကို ပိတ်လိုက်လေသည်။

www.burmeseclassic.com

# တန်ပြန်အကျိုးပေး

'ငယ်ပေါင်း' မဟုတ်သော အိမ်ထောင်တို့မည်သည် အပရိက အားဖြင့် ပတ်ဝန်းကျင် အပေါင်းအဖော်တို့ မျက်စိတွင် သင့်မြတ်သည် ထင်မှတ်ရသော်လည်း၊ အတွင်းသဘော၌မူ နှစ်ဖက်စလုံးတွင် အပြစ်အနာ အဆာများ ရှိတတ်ကြလေသည်။ ပိုက်ဆံကြေးငွေနှင့် ပြည့်စုံသော ယောကျ်ားက မိမိထက် အသက်ငယ်သော မိန်းမချောတစ်ယောက်ကို ယူသည့်အခါ "ဒီကောင်မက ပိုက်ဆံမက်လို့ ငါ့ကိုကြိုက်တာကွ" ဟု ထင်တတ်သကဲ့သို့ ပစ္စည်းဥစ္စာနှင့် ပြည့်စုံသော မုဆိုးမ အသက်ကြီးကိုယူမိသော လုလင်ပျိုတို့အပေါ်တွင်လည်း မိန်းမကြီးက အလှလားတူ ထင်မြင်တတ်လေသည်။

ယင်းကဲ့သို့ တစ်ဖက်နှင့်တစ်ဖက် ထင်မြင်တတ်ခြင်းသည်လည်း အပြစ်ဆိုဖွယ်မရှိချေ။ အဘယ့်ကြောင့်ဆိုသော် မှန်ကန်သင့်သလောက် မှန်ကန်သောကြောင့် ဖြစ်လေသည်။ မည်သူက မည်သူ့အပေါ်မှ မှီခိုခြင်းမရှိဘဲ ရွယ်တူတန်းတူ အိမ်ထောင်ကျလျက် ပေါင်းသင်းဆက်ဆံလာကြသော သူတို့အဖို့၌မူကား အများအားဖြင့် 'သူမသာ ကိုယ်မနာ' သဘောထားတတ်ကြသည့်အတိုင်း တစ်ဦးအပေါ်တွင် တစ်ဦးထားရှိအပ်သော မေတ္တာစိတ်



www.burmeseclassic.com

www.burmeseclassic.com


သည် အချိန်ကြာမြင့်လေလေ ခိုင်မြဲလေလေဖြစ်သဖြင့် တော်ရုံတန်ရုံမျှသော အပြစ်အနာအဆာကလေးများသည်ပင် ပပျောက်၍ သွားတတ်ကုန်၏။ ငွေကြေးအားဖြင့်လည်းကောင်း၊ အခြေအနေအားဖြင့်လည်းကောင်း၊ တစ်ဦးအပေါ်တွင်တစ်ဦး မှီခိုအားထား၍ နေရသည်ဟူသော အချက်အလက်သည် မေတ္တာစိတ်ကို လျော့ပါးစေလျက် တည်တန့်ခိုင်မြဲမှု ကြီးမျှင်ကို တဖြည်းဖြည်း ကိုက်ဖြတ်လျက်ရှိသော ပိုးနှင့်တူလေသည်။ တစ်ဖက်မှသော်လည်းကောင်း၊ နှစ်ဖက်စလုံးမှသော်လည်းကောင်း သားသမီးများပါ၍ လာသောအခါများ၌မူပြောဖွယ် မရှိချေ။

မက်ကင်းနစ် ဦးဘကျော်သည် အသက် ၄၂ နှစ်တွင် ပထမအိမ်ထောင်ပျက်ပြီးနောက် မကြာမီ ပဲခူးမှ အသက် ၃၇ နှစ်မျှသာရှိသေးသော မုဆိုးမ မသန်းခင်နှင့် ဒုတိယ အိမ်ထောင်ဆက်ခဲ့၏။ ထိုအခါ၌ ဦးဘကျော်မှာ ပထမအိမ်ထောင်မှ အသက် ၁၅ နှစ်သားတစ်ယောက် မောင်ဌေးကျော်နှင့် ၁၂ နှစ်သမီး ခင်အေးကျော်တို့ ကျန်ရစ်ခဲ့၏။ မသန်းခင်မှာလည်း အသက် ၁၉ နှစ်အရွယ်ရှိ မောင်မြင့်မောင်ဆိုသူသားတစ်ယောက် ပါခဲ့လေသည်။

ဦးဘကျော်မှာ အသင့်အတင့်မျှ ပစ္စည်းဥစ္စာရှိပြီးလျှင် နိုင်ငံခြားမော်တော်ကား ကုမ္ပဏီတစ်ခုမှ လခ ၁၀၀၀ ကျော်ရရှိသူဖြစ်ရာ ငါးထပ်ကြီးအနီး ဝင်္ကပါလမ်း၌ နှစ်ထပ်တိုက်တစ်လုံးတွင် သားသမီးများနှင့် အတူ အေးချမ်းစွာ နေထိုင်နိုင်ခဲ့လေသည်။

ကျွန်ုပ်တို့ ရေးသား ဖော်ပြအံ့သောအချိန်မှာ ဦးဘကျော် ဒုတိယအိမ်ထောင်ပြုပြီးနောက် ၆ နှစ်ခန့်ကြာပြီဖြစ်၍ ထိုအချိန်၌ သားသမီးများမှာလည်း အတော်ပင်ကြီးပြင်း၍ လာခဲ့ကြလေပြီ။ မောင်မြင့်မောင်မှာ အသက် ၂၅ နှစ်မျှရှိပြီ ဖြစ်သော်လည်း အင်တာဒီမီယိတ်အောင်ပြီးနောက် ကျောင်းမှ ထွက်ခဲ့ရပြီးလျှင် အပြင်မှနေ၍ ဖြေဆိုကာ ဝိဇ္ဇာဘွဲ့ကို ဆွတ်ခူးရန် အားထုတ်လျက် ရှိ၏။ ခင်အေးကျော်မှာလည်း မက်သဒစ်ကျောင်းမှ ၁၀ တန်းအောင်မြင်ခဲ့လေပြီ။ မောင်ဌေးကျော်တစ်ယောက်သာလျှင် မက်ထရစ် စာမေးပွဲကို ဒုတိယအကြိမ် ဖြေဆိုရန် ကြိုးပမ်းနေဆဲ ရှိနေသေး၏။

ထိုအချိန်၌ မောင်ဌေးကျော်နှင့် ခင်အေးကျော် မောင်နှမ နှစ်ယောက်တို့မှာ မိုးဦးကျတွင် ပေါက်အပ်သော မှိုစိုကြီးများကဲ့သို့ နုပျိုထွား


www.burmeseclassic.com

www.burmeseclassic.com



ကျိုင်းသော ရုပ်အသွင်ကို ဆောင်လျက်ရှိကြ၏။ ဦးဘကျော်မှာ အဖဘက်က ချင်းလူမျိုး၊ အမိဘက်မှ ရှမ်းအဆက်အနွယ် ဖြစ်သဖြင့် အသားလတ်လတ် ထောင်ထောင်မောင်းမောင်း ရှိနေရာ မောင်ဌေးကျော်နှင့် ခင်အေးကျော်တို့မှာလည်း တစ်ဘက်မှ အလုံးအရပ်ကိုလည်းကောင်း၊ မိခင်ဘက်မှ ဖြူဆွတ်သော အသားကိုလည်းကောင်း အမွေဆက်ခံရရှိသူများ ဖြစ်သည့်အတိုင်း ရုပ်ရည်အားဖြင့် ချောမောလှပသူများ ဖြစ်ကြ၏။

ကိုယ်လုံးကိုယ်ပေါက် ထွားကျိုင်းသော မိန်းကလေးများမှာ အများအားဖြင့် အချိုးအဆက် မကျနတတ်ဘဲ ခင်အေးကျော်မှာမူ ကြက်တောင်ရိုက်ခြင်း၊ ကြိုးခုန်ခြင်း၊ သံလုံးပစ်ခြင်း စသော အားကစားမျိုးကို လေ့ကျင့်သဖြင့် ကိုယ်လုံးကိုယ်ပေါက်မှာ သူ့နေရာနှင့် သူ အချိုးအစားကျကာ လှပပြေပြစ်သူ ဖြစ်လေသည်။ ထို့ပြင်လည်း ခင်အေးကျော်မှာ အခြား အင်္ဂလိပ်ကျောင်းထွက် မိန်းကလေးများကဲ့သို့ 'ဆိုရှယ်' မများဘဲ မြန်မာ မိန်းကလေးတစ်ယောက်ပီပီ သိပ်သည်းကျစ်လစ်စွာ နေထိုင်တတ်သူဖြစ်ပေ၏။

ဦးဘကျော်မှာ စက်အတတ်၌လည်းကောင်း၊ လျှပ်စစ်ဓာတ်ပညာ၌လည်းကောင်း၊ နိုင်ငံခြားသို့ သွားရောက်သင်ကြားသူဖြစ်သဖြင့် ကုမ္ပဏီတွင် ယင်းကိစ္စများနှင့် ပတ်သက်၍ အခက်အခဲပြဿနာများ ပေါ်ပေါက်လာက ဦးဘကျော်သာလျှင် အားထားရာဖြစ်သည့်အတိုင်း ကုမ္ပဏီ၏ ယုံကြည်ကိုးစားမှုကို ခံရသူ အရာရှိကြီးများတွင် တစ်ယောက်အပါအဝင် ဖြစ်လေသည်။

ဦးဘကျော်၏ အိမ်ထောင်ရေးကို အသေးစိတ်ဝေဖန်ရသော် ဦးဘကျော်မှာ အလွန်စနစ်ကြီးသော သူတစ်ယောက်ဖြစ်သဖြင့် ဒေါ်သန်းခင်အား သော့မအပ်ဘဲ နေ့စဉ်ဈေးဖိုးများကိုပင် အတိုင်းအထွာနှင့် ထားခဲ့၏။ အဝတ်အစားအတွက် ဟူ၍လစဉ် မှန်မှန် ထားပေး၏။ သားသမီးများကိုလည်းကောင်း၊ မယားကိုလည်းကောင်း ကန့်သတ်ထားသည်ထက် ပို၍ မည်သူ့ကိုမျှ တစ်ပြားတစ်ချပ်ပေးရိုး ထုံးစံမရှိခဲ့ချေ။

ဤအချက်များကို ဒေါ်သန်းခင်မှာ များစွာ မကျေနပ်သော်လည်း လင်ကို အမြဲကြောက်ရသဖြင့်တစ်ကြောင်း၊ မိမိဘက်မှ အားကိုးအားထား မရှိသည်ကတစ်ကြောင်း၊ လွန်ပြီးသော ကိစ္စဖြစ်သဖြင့်တစ်ကြောင်း၊ ထို့ပြင်



www.burmeseclassic.com

www.burmeseclassic.com


သားဖြစ်သူ မောင်မြင့်မောင်မှာလည်း ပညာမတတ်မကျွမ်းရှိနေသဖြင့် တစ်ကြောင်း အောင့်အည်းသည်းခံ၍သာ နေရလေသည်။

ဦးဘကျော်သည် မိမိသားရင်းနှင့် မယားပါသားကို ပေးကမ်းရာ၌ပင် မောင်မြင့်မောင်မှာ ကျောင်းသား မဟုတ်သဖြင့် တစ်လလျှင် မုန့်ဖိုး ၅ဝိ ဟူ၍ လည်းကောင်း၊ မောင်ဌွေးကျော်ကို ကျောင်းစရိတ် ၁ဝဝိ နှင့် မုန့်ဖိုး ၃ဝိ ဟူ၍လည်းကောင်း သတ်မှတ်လေသည်။ ခင်အေးကျော်မှာမူ ဖခင်၏လခကို သိမ်းဆည်းရပြီးလျှင် အိမ်သုံးစရိတ်နှင့် ကျောင်းလခများ မုန့်ဖိုးများကိုပါ စာရင်းပြုလုပ်ထုတ်ပေးရသူ ဖြစ်၏။ သို့ဖြစ်၍ ခင်အေးကျော်မှာ အိမ်တွင် အငယ်ဆုံးပင်ဖြစ်သော်လည်း သူသာလျှင် အိမ်ထောင်တစ်ခုလုံးကို ဦးစီးလုပ်ကိုင်ရသူ ဖြစ်လေသည်။

ဦးဘကျော်၌ 'အိုပယ်' ကားကလေး တစ်စီးရှိရာ ဒရိုင်ဘာကို တစ်လလျှင် ၁ဝဝိ ပေး၍ ယခင်က ငှားရမ်းထားခဲ့၏။ သို့သော် လွန်ခဲ့သော တစ်နှစ်လောက်ကစ၍ ဒရိုင်ဘာပင် မထားတော့ဘဲ သူကိုယ်တိုင်မောင်းပြီးလျှင်၊ အိမ်မှုကိစ္စများနှင့် ပတ်သက်၍ သွားလိုသောအခါများ၌ဖြစ်စေ၊ အခြားအိမ်သားများ အပျော်အပါးသွားရန် ကိစ္စရှိသောအခါများ၌ဖြစ်စေ မောင်မြင့်မောင်က မောင်းပို့ရ၏။ ကားကို ဆေးကြောရန်ရှိသောအခါများ၌လည်း ထမင်းချက်လင်မယား အကူအညီဖြင့် မောင်မြင့်မောင်ပင် ဆေးကြောသုတ်သင်ရသဖြင့် မောင်မြင့်မောင်မှာ ဒရိုင်ဘာတစ်ပိုင်းပင် ဖြစ်၍နေခဲ့၏။ မောင်မြင့်မောင်မှာ တစ်ခါတစ်ရံ မိမိ အဖြစ်အပျက်များကို စဉ်းစားလျက် အတော်ပင် ဝမ်းနည်းမိသော်လည်း မိခင်ကြီး စိတ်မကောင်းမည်စိုးသဖြင့် ကြိတ်မှိတ်၍သာ နေခဲ့၏။ သို့သော် ခင်အေးကျော် တစ်ယောက်ကမူ မိမိအား အတော်ပင် လိုက်လျောသဖြင့် ဤအချက်နှင့်သာ မိမိ၏စိတ်ကို ဖျော်ဖြေရလေသည်။ ဤသို့လျှင် ဦးဘကျော်၏ အိမ်ထောင်မှာ အခြေအနေနှင့်တကွ အနေအထိုင်ကို အကဲခတ်ခြင်းဖြင့် သာယာသော အိမ်ထောင်တစ်ခု ဖြစ်မည်ဟု အထင်ရောက်ရှိရန် ရှိသော်လည်း အမှန်အားဖြင့်မူ အပြင်ပန်းလှသဘောက် အဆင်မပြေခဲ့ချေ။

*


www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သော ညနေစောင်း၌ ဦးဘကျော်သည် ညစာ စားသောက်ပြီးနောက်၊ အိမ်ရှေ့ခန်းရှိ ကြိမ်ပက်လက်ကုလားထိုင်ပေါ်တွင် ပက်လက်လှန်ကာ ဆေးလိပ်သောက်လျက်ရှိစဉ်၊ ဝတ်ကောင်းစားလှဖြင့် အိမ်ရှေ့လှေကားမှဆင်းမည်ပြုသော မောင်ငွေးကျော်ကို မြင်လိုက်သည်နှင့် လှမ်း၍ခေါ်လိုက်ပြီး –

"ဟေ့ မောင်ငွေး ... မင်းက အခု ဘယ်ကို ထွက်ဦးမလို့လဲ"

"ရုပ်ရှင်သွားဖို့ သူငယ်ချင်း တစ်ယောက်နဲ့ ချိန်းထားလို့ပါ ဖေဖေ"

"မင်း ... ဒီနှစ် မအောင်ရင် ကျောင်းထွက်ဖို့ပဲ ရှိတော့တယ် မောင်ငွေး၊ နားလည်လား"

"ဟုတ်ကဲ့ ကျွန်တော် စာကျက်ပါတယ် ဖေဖေ"

"အေးလေ ... ကျက်တော့ ကျက်ပါတယ်။ နို့ပေမဲ့ ကျက်တာက တစ်နာရီ၊ လျှောက်လည်တာက တစ်နေ့လုံး"

"မဟုတ်ပါဘူး ဖေဖေရဲ့။ ကျွန်တော် ကိစ္စရှိတဲ့အခါသာ သွားတာပါ"

"ပေးတဲ့ ငွေဆိုတာလည်း လမကုန်သေးဘူး တက်တက်ပြောင်ပြီ။ ပြောင်မှာပေါ့လေ ... နောက်ပိုးတာကလည်း လွန်တာပဲ။ ပြီးတော့ အခု ဘလော ဗဟန်းဘက်က ကောင်မလေးတွေနဲ့ တော်တော် ရှုပ်ရှုပ်ယှက်ယှက် ဖြစ်နေတယ် ကြားတယ်"

"မဟုတ်ပါဘူး ဖေဖေရယ်။ ဒီဟာတွေက အလကား ပြောတာပါ။ ဖေဖေ့ ဘယ်သူပြောလဲ"

"ဘယ်သူ ပြောရမလဲကွ၊ ငါကိုယ်တိုင် သိတာပေါ့။ မင်းကို ဒီလိုထားလို့ မဖြစ်ဘူး။ မင်း ဆယ်တန်းအောင်မှ ပေးစားမယ်လို့ ငါစောင့်နေတာ အခုတော့ မဖြစ်ဘူးဟေ့။ ဒီနှစ်ဝါမဝင်ခင် ပေးစားမှာပဲ"

"ဘယ်သူနဲ့လဲ ဖေဖေ"

"ဦးစံလွင် သမီး မေဗယ် (Mable) နဲ့လေ။ ငါတို့လူကြီးချင်းတို့ ... ငယ်ငယ်ကလေးကတည်းက ပြောပြီးပဲ"

"ကျွန်တော် ငယ်ပါသေးတယ် ဖေဖေ ... ပြီးတော့လည်း ..."

စကားမဆုံးမီ ... "ပြီးတော့ ဘာဖြစ်သလဲ ... မင်းက"



www.burmeseclassic.com

www.burmeseclassic.com


"မေဇယ်ဟာ အင်မတန် ရည်းစားများတဲ့ မိန်းကလေး ဖေဖေရဲ့။ အရပ်ထဲမှာ သူ့အကြောင်း သိပ်ပြောကြတာပဲ"

"အောင်မယ် ... မင်းက သူ့ရွှေသမီးများ ငြင်းရသေးလား"

"ငြင်းတာ မဟုတ်ပါဘူး ဖေဖေ။ သူ့အကြောင်းသိလို့ ကျွန်တော် ပြောတာ ... နို့ပြီး အစ်ကိုကြီးကိုတောင် သုံ့ ပိုးနေတယ် ဖေဖေ"

"ဘယ်သူ့ကိုကွယ့်"

"အစ်ကိုကြီးလေ"

"မြင့်မောင်ကိုလား"

"ဟုတ်တယ်"

"ဒီအကောင်နဲ့ တန်သလား ရာသလားကွယ်။ မေဇယ်က အသားဖြူဖြူ ငါ့သားကလည်း အသားဖြူဖြူ ... ပြီးတော့ မြင့်မောင်ဆိုတာက ဖေဖေ့ သားအရင်း မဟုတ်ဘူးကွယ့်။ မင်း မိထွေးဘက်က ပါတာ မဟုတ်လား။ ဒီတော့ သူ့ရွှေသမီးကို ရခြင်းရရင် ငါ့သားသာ ရစေရမယ်ပေါ့"

"နို့ပေမဲ့ သူ့မေတ္တာရှိမှသာ ယူပါရစေ ဖေဖေ၊ မကြိုက်ဘဲနဲ့တော့ ကျွန်တော်လည်း မယူချင်ပါဘူး"

"ဒါကတော့ လူကြီးတွေ သဘောပါကွယ်။ မင်း ပြောနေစရာ မလိုပါဘူး။ ကိုင်း ... ကိုင်း ... ကိုင်း ... ရုပ်ရှင် သွားရင်လည်း ခပ်စောစော ပြန်ဟေ့။ ကြားလား"

"ဟုတ်ကဲ့ ဖေဖေ"

မောင်ရွှေကျော် ဆင်းသွားသောအခါ၌ကား ဦးဘကျော်သည် မီးငြိမ်းသွားသော ဆေးပြင်းလိပ်တိုကို ပြန်၍မီးညှိကာ မောင်ရွှေကျော်အား သူ့ရွှေ ဦးစံလွင်သမီး မေဇယ်လွင်နှင့် မည်သို့မည်ပုံ လက်ထပ်ထိမ်းမြား ပေးရမည့် အကြောင်းကိုလည်းကောင်း၊ လက်ထပ်ပေးပြီးနောက် ဦးစံလွင် က ကတိပြုသော ငွေ ၁၀,၀၀၀ နှင့် စိန်ရွှေလက်ဝတ်လက်စား 'တစ်ဆင်စာ' ကို မည်သို့မည်ပုံ လှည့်ပတ်သုံးစွဲမည်ကိုလည်းကောင်း၊ စိတ်ကူးယဉ် ကာ ရှိနေလေ၏။

*


www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ည ၉ နာရီအချိန်လောက်၌ မောင်မြင့်မောင်သည် မိမိအခန်းထဲ၌ စာဖတ်လျက် ရှိစဉ် တံခါးကို ညင်သာစွာ ခေါက်သောအသံ ကြားရသဖြင့် ဖွင့်ပေးလိုက်ရာ ဝတ်ကောင်းစားလှနှင့် မောင်ငွေးကျော်ကို တွေ့ရ၏။

"ဟာ ... ညီလေးပါလား။ မင်းအခု ဘယ်သွားဦးမလို့လဲ"

"တိုးတိုးလုပ်ပါ အစ်ကိုကြီးရဲ့၊ ဖေဖေ ကြားပါမယ်။ ဒါနဲ့ အစ်ကို ကြီး မှာ ငွေ ၂၀ လောက်ရှိရင် ပေးစမ်းပါ အစ်ကိုကြီးရယ်။ ကျွန်တော် လဆန်းရင် ပြန်ပေးပါမယ်"

"ဘယ်ရှိမလဲကွယ့်၊ မင်းက လကုန်ခါနီးလာတာပဲ။ ပြီးတော့ အခု တလော မင်းလည်း သိပ်ပြီး အသုံးအဖြုန်းများနေကယ် မောင်ငွေးကျော်"

"မများပါဘူး အစ်ကိုကြီးရဲ့"

"အေးကွယ် လိမ်လိမ်မာမာနေမှပေါ့ အဘိုးကြီးလည်း အသက် ကြီးပြီ မဟုတ်လား"

"ဟုတ်ပါတယ် အစ်ကိုကြီး"

"အေး ... ဒီတော့ လိမ်လိမ်မာမာ နေပါ ငါ့ညီရယ်။ ရော့ ဟောဒီ ၁၀ ပဲ အစ်ကိုကြီးမှာ ရှိတယ်။ ယူသွားပေတော့"

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီး။ လဆန်းရင် ကျွန်တော် ပြန် ဆပ်ပါ့မယ်"

"ကိစ္စ မရှိပါဘူးကွယ်။ မင်း ဆပ်နိုင်တဲ့အခါမှ ဆပ်ပေါ့"

မောင်ငွေးကျော် ထွက်သွားပြီးနောက် မောင်မြင့်မောင်သည် အိပ်ချင်သေးသည်နှင့် ခြံထဲသို့ ဆင်းခဲ့ပြီးလျှင် စကားဝါပင် ပျိုကလေး အောက်၌ ခင်းထားသော ခုံတန်းလျားပေါ်တွင်ထိုင်ကာ သာယာသော ညသီဥတု၏ အရသာကို ခံစားလျက်ရှိလေ၏။

"လရောင်လင်းပါလို့ မှန်ကူပြတင်းဆီက မယ်ခုမျှော် ... သုံး ချက်စည်တော် ... ဩော် ... သုံးချက်စည်တော် ရိုက်ဆော်ညွင်းတယ်လေး အေး ... အေး ... လင်းပြန်ခုနှော် ..."

"ဝမ်းစမိုး ... အစ်ကိုကြီး ... ထပ်ဆိုပါဦး"

"ကြည့်စမ်း ... ဘယ်အချိန်ကများ နောက်ကရောက်နေတယ် သိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အခု ရောက်တာပေါ့ အစ်ကိုကြီးရဲ့ ... အစ်ကိုကြီးက သိပ်အသံကောင်းတာပဲ။ ခင်တော့ အစ်ကိုကြီးအသံ ဒီတစ်ခါကြားဖူးတယ်။ ထပ်ဆိုပါဦး အစ်ကိုကြီး"

"မလုပ်ပါနဲ့ကွယ်။ လူ့ရယ်စရာကြီး ဖြစ်နေပါဦးမယ် ... ဒါထက် ဖေဖေကော အိပ်ပြီးလား"

"အိပ်ပြီး အစ်ကိုကြီးရဲ့ ဒီကနေ့ စောစောစီးစီး အိပ်ရာထဲဝင်တယ်။ အရက်တွေ သောက်လာတာနဲ့ တူပါတယ် အစ်ကိုကြီးရယ် ... ခင်ဖြင့် သိပ်စိတ်ညစ်တာပဲ"

"စောစောက သူ ကလပ်သွားတယ် မဟုတ်လား"

"ဟုတ်တယ်လေ"

"လူကြီးလူကောင်းဆိုတာ ကလပ်ရောက်တဲ့အခါ ဒီလိုပဲ အပေါင်းအသင်းဖြစ်ပြီး နည်းနည်းပါးပါး သောက်ကြရတာပေါ့"

"ဪ ... ဒါထက် အစ်ကိုလေး တစ်ယောက် စောစောက အစ်ကိုကြီးဆီလာတယ် မဟုတ်လား"

"အလာသားပဲ ဘာဖြစ်လို့လဲ"

"ကျွန်မဆီက ငွေ ၁၀ိ တောင်းသွားတယ် အစ်ကိုကြီးရဲ့။ အစ်ကိုကြီး ဆီကကော"

"မတောင်းပါဘူး"

"အစ်ကိုလေးအတွက်ကလည်း တစ်မျိုးခက်တာပဲ အစ်ကိုကြီးရယ်။ ခမည်းတော်ကြီးကတော့ သူ့သား အလိမ္မာအတွက် မိန်းမတွေ ဘာတွေစပ်လို့ ပါလား"

"ဘယ်သူနဲ့လည်း ခင်ရဲ့ ပြောပါဦး"

"မေဇယ်ဆိုတာလေ မြင့်မြင့်လွင်ပေါ့။ အစ်ကိုကြီး သိတယ် မဟုတ်လား"

"သူဌေးဦးစံလွင်သမီး ... ဟို ... ပျံလွှားလို ကောင်မလေး မဟုတ်လား"

"ဟုတ်တယ် ... နို့ပေမဲ့ မေဇယ်လေ၊ အစ်ကိုလေးကို မကြိုက်ဘူး။ အစ်ကိုကြီးကို သူက ပိုးနေတာ"

"မဟုတ်တာတွေ လျှောက်ပြောရှေ့မယ် ကောင်မလေးက"



www.burmeseclassic.com

www.burmeseclassic.com



"အဟုတ်ပြောနေတာ အစ်ကိုကြီးရဲ့၊ ဦးထွန်းတင် ဝါဒင်ပါတီ ကျွန်မတို့ သွားတုန်းက တွေ့တယ် မဟုတ်လား"

"မြင်လိုက်သားပဲ"

"အို ... အဲဒီတုန်းက မေဗယ်ဟာ အစ်ကိုကြီးကိုချည်း ကြည့်နေတာပဲ"

"တော်ပါကွယ် ... မဟုတ်တာတွေ လျှောက်ပြောမနေစမ်းပါနဲ့၊ ဒီလို ပျံလွှားမတွေ အဝေးက ရှောင်ချင်ပါတယ်"

"ခင်တို့လို မဟုတ်ဘူး။ သူက သိပ်ဘိုဆန်တာ အစ်ကိုကြီးရဲ့"

"အဲဒီ ဘိုဆန်တာတွေပဲ ကြောက်လွန်းလို့"

"အစ်ကိုကြီးက သိပ်ရှေးကျတာပဲ၊ ဒါဖြင့် ကျွန်မတို့လို ရိုးရိုးကြီး ကြိုက်တယ် ဆိုပါတော့"

"ကြိုက်တယ်လေ။ အစ်ကိုကြီးက ပင်ကိုယ်ချောမှ ကြိုက်တာ။ ပြီးတော့ အစ်ကိုကြီးကလည်း ရိုးရိုးဆိုတော့ ... နို့မှ ရှေ့သွားနောက်လိုက် ညီတော့မပေါ့"

မောင်မြင့်မောင်က အမှတ်မဲ့ ပြန်ပြောလိုက်သော်လည်း ခင်အေးကျော်ကမူ တစ်မျိုးအဓိပ္ပာယ်ကောက်ကာ "အို ... အစ်ကိုကြီးကလည်း" ဟု ပြောဆိုပြီးနောက် မောင်မြင့်မောင်၏ လက်မောင်းကို အမူအရာဖြင့် ရိုက်ပုတ်တွန်းဖယ်ကာ အိမ်ပေါ်သို့ တက်သွားလေ၏။

ခင်အေးကျော်မှာ မောင်မြင့်မောင် ချီးကျူးသည့်အတိုင်းလည်း လှပပါပေသည်။ ကြည်လင်သော လမင်း၏အရောင်သည် ရွှန်းစိုပြည့်ဖြိုးသော သူ၏မျက်နှာပေါ်သို့ ကျရောက်လျက်ရှိရာ ကြက်သွေးရောင်နိုင်လွန်း လက်တိုအင်္ကျီနှင့် များစွာလိုက်လျောလျက် လက်မောင်းအိုးနှင့် လက်တံများသည်လည်း ဆင်နှာမောင်းကဲ့သို့ အရင်းမှအဖျားသို့တိုင်အောင် ပြေပြစ်စွာ ကျဆင်းလျက် ရှိလေသည်။ လုံချည်မှာ ပန်းပျော့ရောင်ပိုးတွန့် လုံချည်ဖြစ်သဖြင့် ပျော့ပျောင်းပါးလွှာသော အဝတ်တို့မှာ အတွင်းမှ ကိုယ်လုံးကိုယ်ပေါက်၏ 'အချိုးကျ'မှုကို သဘာဝအားဖြင့် သက်သေခံလျက် ရှိလေသည်။

ဤသို့ဖြင့် လ, သာသော ညဥ့်များ၌ မောင်မြင့်မောင်နှင့် ခင်အေးကျော်တို့မှာ ပန်းခြံထဲတွင် မကြာခဏ တွေ့ဆုံကာ တစ်ယောက်နှင့် တစ်ယောက် ရင်းရင်းနှီးနှီး စကားပြောဆိုနေတတ်ကြရာမှ အစ ... လခန့်မျှ



www.burmeseclassic.com

www.burmeseclassic.com



ကြာလတ်သော် သွေးသား မရင်းနှီးသော သူတို့မည်သည် လွတ်လပ်စွာ တွေ့ဆုံရဖန်များသောအခါ၌ ပင်ကိုယ်အချစ်စိတ်ကို နှုတ်ဖြင့်သော်လည်းကောင်း၊ အမူအရာဖြင့်သော်လည်းကောင်း ဝန်ခံတတ်ကြသည့်အတိုင်း မောင်မြင့်မောင်သည် မိမိ၏အချစ်ကို ထုတ်ဖော်ဝန်ခံမိလေ၏။ ထိုအခါ ခင်အေးကျော်ကလည်း သူ၏အချစ်ကို ရိုးသားစွာ ဝန်ခံလေရာ မောင်မြင့်မောင်နှင့် ခင်အေးကျော် တို့မှာ သမီးရည်းစားအဖြစ်သို့ ရောက်ခဲ့ကြလေ၏။ သို့သော် တစ်ယောက်နှင့် တစ်ယောက် ကျူးကျူးလွန်လွန် မရှိအောင် ထိန်းသိမ်းနိုင်ခဲ့ကြလေသည်။

*

တစ်နေ့သ၌ ဦးဘကျော်သည် မောင်မြင့်မောင်ထံမှ ကားဂိုဒေါင်သော့နှင့် မော်တော်ကား သော့ကိုယူပြီးလျှင် ချေးများဆေးကြောရန် ကားပြင်ဌာနသို့ ပို့မည်ဖြစ်သောကြောင့် မည်သူမျှယူ၍မမောင်းရန် မှာကြားလေ၏။

ထို့နောက် မောင်မြင့်မောင်ကိုလည်း မခေါ်ဘဲ၊ သူကိုယ်တိုင် လက်နက်ကိရိယာ အစုံအလင်နှင့် ကားအင်ဂျင်များကို ဆေးကြောသုတ်သင်ခြင်း ပြင်ဆင်ခြင်းများ ပြုလုပ်လျက်ရှိလေသည်။

တစ်နေ့သော တနင်္ဂနွေနေ့ ညနေ ၄ နာရီလောက်၌ ဦးဘကျော်သည် ကားကို ပြင်ဆင်၍ အပြီးသပ်ပြီးနောက် ရေမိုးချိုးပြီးလျှင် ကိုယ်လက်သုတ်သင်လျက် ရှိလေ၏။ ထို့နောက် အဝတ်အစားများ လဲကာ မောင်မြင့်မောင်ကို ခေါ်လိုက်လေသည်။

ကျော် ။ ။ "ကားတော့ ပြင်ပြီးပြီ။ မောင်မြင့်မောင်ရေ့ မောင်းရုံပဲ ရှိတော့တယ်။ ဒါထက် အခု မင်းအားရဲ့လား မောင်မြင့်မောင်"

"အားပါတယ် ဖေဖေ"

"ဒါဖြင့်လည်း ဖေဖေ့မြို့ထဲ ခဏ ပို့ပေးစမ်းပါဦး သားရယ်"

'သား' ဟူ၍ ယခင်က မခေါ်စဖူး ခေါ်လိုက်သောအသံမှာ မောင်မြင့်မောင်၏ နားအတွင်းသို့ ချိုသာစွာ ဝင်၍သွားလေ၏။ "ဩော် ... သူလည်း အခုလိုတော့ ငါ့အပေါ်ကောင်းရှာသားပဲ" ဟု မောင်မြင့်မောင်သည် စိတ်ထဲက အောက်မေ့မိ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သက်ထွန်းသည် ပထမဦးစွာ သတိရလာပြီးလျှင် "ဟော့ကိုစံလှ ဆာဂျင်မေဂျာဆီကို ပြေးပြီးပြောစမ်းဗျာ။ ကိုမြကလည်း ကိုဘဦးကို သွားရှာပါချေ" ဟု ဟစ်အော်သဖြင့် မောင်စံလှနှင့် မောင်မြတို့လည်း အသီးသီးပြေးသွားကြကုန်၏။ မောင်မြသည် တဲနံဘေးသို့ ကပ်၍ နောက်သို့ ပြေးသွားရာ မောင်ထွန်းအေးအလောင်းထားသော ခုတင်အနီးရှိ ပြတင်းပေါက်မှာ ပွင့်လျက် မြေပေါ်တွင် သံခမောက်တစ်လုံးကိုလည်း တွေ့ရ၏။ မောင်မြသည် ဆက်လက်ပြေးသွားပြီးလျှင် ဆာဂျင်မေဂျာအား တိုင်ကြားလေရာ ဆာဂျင်မေဂျာသည်လည်းကောင်း၊ သော့ယူ၍ထားသော ကပ္ပတိန်သည်လည်းကောင်း၊ အရာရှိလေး ကိုဘဦးသည်လည်းကောင်း၊ အခြားစစ်သား လေးငါးယောက်နှင့်အတူ အပြေးအလွှား လိုက်၍လာကြလေ၏။ သံခမောက်နှင့် သွေးစသွေးနများကိုပင် မြင်ရလေရာ ၎င်းမှာ မောင်ထွန်းအေး၏ သံခမောက်ဖြစ်ကြောင်းကား ယုံမှားဖွယ်မရှိချေ။

ကပ္ပတိန်သည် စစ်တန်းလျား တံခါးကို မဖွင့်မီ သော့ကို အသေအချာ စမ်းသပ်ကြည့်ရှုပြီးမှ သော့နှင့်ဖွင့်၏။ တန်းလျားအတွင်း၌ကား ယခင်အတိုင်းပင် ဆိတ်ငြိမ်လျက်ရှိလေသည်။ ထိုအချိန်၌ ကွန်မင်းဒါးဗိုလ်ချုပ်နှင့် ဆရာဝန်ကြီးပင် ရောက်လာကြပြီးလျှင် မောင်ထွန်းအေး ခုတင်ရှိရာသို့ တဖြည်းဖြည်းသွားကြလေ၏။

မောင်ထွန်းအေး အလောင်းမှာ ယခင် ကျွန်တော်တို့ ထားခဲ့သည့်အတိုင်းပင် ရှိနေသော်လည်း တစ်ကိုယ်လုံး ခေါင်းပါလွှမ်း၍ ထားခဲ့သောစောင်မှာ အထက်ပိုင်းရင်ဘတ်ဆီသို့တိုင်အောင် ပွင့်လျက်ရှိနေ၏။ ခုတင်ခေါင်းရင်းအနီး၌ရှိသော မှန်ပြတင်းမှာလည်း ပွင့်၍နေပြီးလျှင် မှန်များကွဲလျက်ရှိ၏။ ပြတင်းပေါက်နှင့် တည့်တည့်မြေပေါ်၌ကား အလောင်း၏ မျက်နှာပေါ်၌ တင်ထားခဲ့သော သံခမောက်ကို တွေ့ရ၏။ ဆရာဝန်ကြီးသည် အလောင်းမှ ဒဏ်ရာကြီးကို အသေအချာကြည့်ရှုပြီးနောက် ဦးခေါင်းကို ရမ်းလျက် မေဂျာအား "ဒီစစ်သားဟာ ယခုဒဏ်ရာကြီးရပြီး တစ်စက္ကန့်အတွင်းမှာ တစ်ခါတည်းပွဲချင်းပြီးသေသွားတာပဲ မေဂျာ။ ဘာမှ ယုံမှားစရာမရှိဘူး"

"ဟုတ်တော့ဟုတ်ပါရဲ့ ခင်ဗျာ၊ နို့ပေမဲ့ စံထရီစောင့်တဲ့ စစ်သားကြားရတဲ့ ခြေသံကကော ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ စိတ်ထင်လို့ပါ"

"ခြေသံက စိတ်ထင်တယ် ထားဦး ဆရာဝန်မင်း၊ သူတို့ သုံးယောက်စလုံး သော့ခတ်တဲ့ မင်းတုံးအတွင်းကနေပြီး လှည့်လိုက်လို့ တစ်ပတ်လည်သွားတာ မြင်လိုက်ရသတဲ့ ခင်ဗျ၊ ဒီဟာက စိတ်ထင်တာ မဖြစ်နိုင်ဘူး။ သူတို့ သုံးယောက်စလုံးမျက်စိနဲ့ တပ်အပ်မြင်ရတာဗျ"

"အင်း ... ဒါကလည်း ဟုတ်တယ်"

"ပြီးတော့ အလောင်းကို စောင်နဲ့အုပ်ပြီး အသေအချာ ထားခဲ့ရက်သားနဲ့ အခုတွေ့ရတဲ့အခါမှာ မျက်နှာတစ်ခုလုံးပေါ်ပြီး စောင်ဟာ ရင်ဘတ်အထိ ရောက်နေတာ တွေ့ကြရတယ်ခင်ဗျ"

"ဒီဟာလည်း တွေးစရာအချက်ပေပဲ"

"ပြီးတော့ အားလုံးမှန်ပြတင်းပေါက်တွေကို တစ်ပေါက်စီ အသေအချာ ပိတ်ထားရက်သားနဲ့ တခြားမှန်ပြတင်းပေါက်မပွင့်ဘူး။ သူ့အိပ်ရာခေါင်းရင်းနားက ပြတင်းပေါက်ပွင့်နေတယ် ခင်ဗျာ။ နောက် သူ့သံခမောက်အပြင်ရောက်ပြီးမြေကြီးပေါ်မှာ ကျနေတယ်"

"ထူးဆန်းတော့ ထူးဆန်းတာပဲ မေဂျာ။ ကျုပ်ဖြင့် ဒါမျိုးတစ်ခါမှ မတွေ့ဖူး မကြားဖူးဘူး။ သံခမောက်က သူ့ပစ္စည်း ဟုတ်ကဲ့နော်"

"ဟုတ်ပါတယ်ခင်ဗျာ။ အတွင်းဘက်မှာ သွေးစွန်းနေတဲ့ အကွက်တောင် ရှိပါသေးတယ်"

ကျွန်တော်တို့လည်း မောင်ထွန်းအေး၏ အလောင်းကို မြတ်စွာဘုရားကို ရည်စူး၍ ငါးပါးသီလများ ခံယူကာ သရဏဂုံ တင်ပြီးသော် ဗိုလ်ချုပ်၏ အမိန့်အရ တောစပ်ရှိ စွန်ပလွံပင်ကလေးများ အောက်တွင် မြှုပ်နှံသင်္ဂြိုဟ်လိုက်ကြရလေ၏။

ထိုအခါမှစ၍ မောင်ထွန်းအေး သေဆုံးသွားသော ကျွန်တော်တို့၏ စစ်တန်းလျား နံပါတ် ၁၆ မှာ တစ္ဆေခြောက်သည်ဟု ပြောစမှတ်ပြုပြီးလျှင် ထိုညဥ့်မှစ၍ မည်သူမျှ မအိပ်ဝံ့သဖြင့် မေဂျာအမိန့်အရ ပိတ်ထားလိုက်ရ၏။ နေ့လယ်ကြောင်တောင်၌ပင် တန်းလျားအနီးသို့ စစ်သားများဖြတ်သွားရန် ကြောက်ရွံ့လျက်ရှိကြကုန်၏။ အချိန်သည် တရွေ့ရွေ့ကုန်လွန်ခဲ့ပြီးနောက် ကျွန်တော်တို့လည်း ၁၉၁၉ ခုနှစ် မေလလောက်တွင် မြန်မာပြည်သို့ ပြန်ခဲ့ကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြန်ခရီး၌ ကျွန်တော်တို့ စီးနင်းလိုက်ပါလာခဲ့သော အက်(စ်) အာရန်ကိုလာ သင်္ဘောသည် မဒရပ်မြို့ဆိပ်ကမ်းမှ ၄ နေ့ကြာခရီး ကျွန်တော်တို့လည်း လှိုင်းလေငြိမ်သက်သော ၅ သင်္ဘောပေါ်တွင် လေးယောက်တစ်တွဲ၊ ငါးယောက်တစ်စုတွဲ စ ပြောဆိုလျက်ရှိကြရာ၊ ကျွန်တော်တို့လည်း တစ္ဆေသရဲခြောက်ခြင်းမှ ၍ မောင်ထွန်းအေးသေဆုံးပုံနှင့်တကွ သေပြီးနောက်၊ မကြာမီ ၎င်း၏တစ္ဆေ သည် ထူးဆန်းစွာ လာရောက်ခြောက်လှန့်ပုံများကို စကားစပ်မိကြလေ၏။

ကျွန်တော်တို့ဝိုင်းမှာ ကျွန်တော်နှင့်တကွ မောင်သက်ထွန်း၊ မောင် စိန်တင်၊ မောင်မြနှင့်မောင်စံလှတို့ဖြစ်၍ တစ္ဆေခြောက်ပုံကို ကိုယ်တိုင် သိ မြင်ကြသူများဖြစ်ကြရာ ကျွန်တော်က မြန်မာပြည်သို့ ရောက်သောအခါ မောင်ထွန်းအေးသေပုံကိုလည်းကောင်း၊ ၎င်း၏ တစ္ဆေခြောက်ပုံကိုလည်း ကောင်း၊ ၎င်း၏ ကျန်ရစ်ခဲ့သော ဆွေမျိုးညာတိများကို ပြောမပြဘဲ မောင် ထွန်းအေးမှာ သာမန် ဖွဲ ပါးရောဂါဖြင့်သေဆုံးသည်ဟု လှည့်ပတ်ပြောဆို ရန် နှုတ်ပိတ်လျက်ရှိစဉ် လူရွှင်တော် မောင်စိန်တင်သည် ဟက်ဟက်ပက် ပက် ရယ်မောလိုက်ရာ ကျွန်တော်ကပင်စ၍ "တယ်လည်း နောက်တဲ့လူပဲ၊ ခမျာ သနားစရာ တစ်တိုင်းတစ်ပြည်မှာ ရည်းစားစိတ်နဲ့သေလို့ ကျန်ရစ်တဲ့ လူတွေ စိတ်မကောင်းမရှိရအောင် ကျုပ်က နှုတ်ပိတ်နေတာ ရယ်စရာလား ဗျ"

"နှုတ်ပိတ်တာ ရယ်တာမဟုတ်ပါဘူး။ ကျုပ်ရယ်တာက တစ္ဆေ ခြောက်တာ ရယ်တာပါ"

"ဒါကော ... ရယ်စရာလားဗျ။ ခမျာ ရည်စားစိတ်နဲ့ မကျွတ်လို့ သေပြီးတောင် ထလမ်းလျှောက်တာများ သိပ်အံ့သြစရာ ကောင်းတာပဲ"

ထိုအခါ မောင်သက်ထွန်း၊ မောင်စံလှနှင့် မောင်မြတို့က မောင် ထွန်းအေးမှာ ပထမအကြိမ် မသေသေးဘဲ သွေးရူးသွေးတမ်းနှင့် ထ၍လမ်း လျှောက်ပြီးမှ အိပ်ရာပေါ်သို့ ပြန်၍ လဲကျသေဆုံးသွားသည် ထင်ကြောင်း၊ မိမိတို့ ကြားရသောခြေသံမှာ တစ္ဆေမဟုတ်ဘဲ မောင်ထွန်းအေး ကိုယ်တိုင် ပင် ဖြစ်ဟန်ရှိကြောင်းနှင့် ထင်မြင်ချက်ပေးကြလေ၏။ ထိုအခါ မောင်စိန် တင်သည် တစ်ဖန် ရယ်ပြီးနောက် "ကိုင်း ... ဒါဖြင့် ခင်ဗျားတို့ကို ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



"
:းမယ်။ မောင်ထွန်းအေးသေတဲ့ညမှာ ဘယ်သူ ကွာတားဂတ် အချ
... မှတ်မိကြသေးရဲ့လား"

ယောက်စလုံ ခင်ဗျားမူးပြီး ရွာထဲမှာ ရမ်းလို့ အင်ပီက ဖမ်းလာတာ ကျုပ်တို့
ပတ်လည်သ သွားပဲ"ဟု ဖြေကြလေ၏။

နိုင်ဘူး။ "အဲဒါ ခင်ဗျားတို့ မသိလို့ပေါ့။ ဒီတုန်းက ခေါင်းမှာရတဲ့ ဒဏ်ရာဟာ တခြားမဟုတ်ပါရိုးလားဗျာ။ မှန်ပြတင်းပေါက်ကလန့်ပြီး ခုန်ချလို့ရတဲ့ဒဏ်ရာပေါ့။ ကျုပ်က အရင်နေ့ညက မီးရထားပေါ်မှာ ဂျူတီကျလို့ အအိပ်ပျက်ပြီး မောင်ထွန်းအေး ခုတင်နဲ့ ကပ်နေတဲ့ အရာရှိ ကိုဘဦး အခန်းထဲ ဝင်အိပ်နေတာကိုးဗျ၊ ပထမတော့ သေနတ်သံလိုလို ကြားလိုက်ရတယ်။ နို့ပေမဲ့ တစ်ညလုံး အိပ်ပျက်နေတာက တစ်မျိုး၊ သေနတ်ပစ်တဲ့ကွင်းက အသံတွေကလည်း ရောနေတော့ တယ်ပြီး ဂရုမထားဘူးပေါ့၊ ပြန်အိပ်ပျော်သွားတာပေါ့ဗျာ၊ နောက် ၁၀ နာရီကျော်ကျော်လောက် အိပ်ရာက နိုးပြီး အခန်းအပြင်ထွက်တံခါးဆီလျှောက်လာတော့ တံခါးကို အပြင်က သော့ခတ်ထားတာ တွေ့ရတာကိုးဗျ။ ဒါနဲ့ ကျုပ်လည်း ပြန်လာပြီး ထွန်းအေးဟာ ခုတင်ပေါ်မှာ စောင်ကို ခေါင်းပြီးခြုံအိပ်နေတယ် အောက်မေ့တာနဲ့ စောင်ကို လှန်ကြည့်လိုက်တော့ လား ... လား ... ဦးနှောက်တွေ ထွက်ပြီးသေနေတာကိုဗျ၊ သည်တော့မှ လူကို တစ်ခါတည်း မွှန်ထွန်သွားပြီး မှန်ပြတင်းပေါက်တောင် ဖွင့်မနေနိုင်ဘူး၊ ခုန်ထွက် ရွာထဲအရောက် သုတ်ခြေတင်တာပဲဗျို့၊ ကိုယ့်အပေါ်မှာ အမှုပတ်နေမှာ စိုးရသေးတာကိုးဗျ၊ ဒါနဲ့ ကြောက်ကြောက်နဲ့ မနီရေရောင်းတဲ့ဆိုင်မှာ မနီရေမူးအောင်သောက်ပြီး ရွာထဲလျှောက်ရမ်း ... နောက်ဆုံး ပုလိပ်အဖမ်းခံရတာပဲဗျာ၊ ကိုင်း ... တစ္ဆေခြောက်တာ ရှင်းကြပြီလား"

"ရှင်းကြပါပြီဗျာ ... တယ်ရှင်း ... နို့ပေမဲ့ ခင်ဗျားကို ကျုပ်တစ်ချီးမွမ်းတယ်ဗျာ"

"ဘာလဲ ကိုတင်ရှိန်ရဲ့ ဘာချီးမွမ်းတာလဲ"

"သည့်လောက်ကြာအောင် ဖုံးထားနိုင်တာများ အံ့ပါသေးရဲ့ဗျာ"

■

www.burmeseclassic.com

www.burmeseclassic.com

# အပြစ်မဲ့ လူသတ်မှု

နှစ်စဉ် မိုးကုန်၍ ဆောင်းပေါက်လျှင် ရှမ်းပြည်နယ်မြောက်ပိုင်း လူထုဌာနများကို စစ်ဆေးရင်း လူထုနှင့် တွေ့ဆုံဆွေးနွေးနှီးနှောရသည်မှာ ကျွန်ုပ်၏ ထမ်းဆောင်ရမြဲ တာဝန် ဖြစ်ပါသည်။ ထို့ကြောင့် လွန်ခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းက ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့သို့ ရောက်ခဲ့ကြရ တော့၏။ လားရှိုးရှိ တပ်ရင်းမှူး ဗိုလ်ချစ်မြိုင်နှင့် တပ်မဟာ တပ်ရင်းမှူး ဗိုလ်ခင်ဇော်တို့အား တွေ့ရပါသည်။ ဗိုလ်ခင်ဇော်မှာ ကျွန်ုပ်တို့နှင့် ဂျပန်ခေတ်ကစပြီး ခင်မင်ရင်းနှီးကြသူများ ဖြစ်၍ ၎င်းတို့အား နှုတ်ဆက်ရင်း မြောက်ပိုင်းခရီးသွားလာရေး လုံခြုံမှု အခြေအနေကို စုံစမ်းပါသည်။ ဗိုလ်မှူးက "ဟာ ... အစ်မကြီး၊ ကျွန်တော်တို့ မြောက်ပိုင်းကတော့ ဟောဒီ မိုင် ၃၀၀ အထိ သွားမလား၊ စိတ်ချလက်ချသာ သွားပါ။ ဘာမှ မဖြစ်စေရဘူး" ဟု အားရပါးရ ပြောပါသည်။ ကျွန်ုပ်ကမူ လူငယ်များ တစ်ခါတလေ နောက်ပြောင်တတ်မှုကြောင့် "ဟုတ်မှလည်း လုပ်ကြနော်၊ မနှစ်က ဒီဇင်ဘာပေါ့၊ အစ်မကြီးတို့ လင်မယား ကွန်မြူနစ်တွေ ပစ်လိုက်တာ မိုးမိတ်မှာ သေတာ့မရောက်လို့ပဲ ကျန်ရစ်တယ်" ဟု ပို၍ သေချာလိုသဖြင့် ထပ်ဆင့်ပြောလိုက်ရာ ကျွန်ုပ်တို့နှင့် မလှမ်းမကမ်း ထိုင်နေသော အကောက်အခွန်ရှိ ဦးလှမင်းဆိုသူက "အဟုတ် အေးချမ်းပါတယ် ဆရာမရဲ့၊ သွားချင်ရင်



www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်မှူးလက်မှတ်နဲ့ တရုတ်နီနယ်ဝမ်တိန်တောင် သွားကြည့်နိုင်ပါတယ်" ဟု ထောက်ခံပါသည်။

အမှန်မှာ မြောက်ပိုင်းသည် တောင်ပိုင်းထက် အေးချမ်းပါသည်။ မိုင်တစ်ရာ နှစ်ရာ မော်တော်ကားနှင့် သွားနေ၍လည်း ရန်သူ တွေ့ခဲလှပါသည်။ တွေ့သူလည်း တွေ့ကြပါသည်။ သို့သော် နည်းပါးလှပါသည်။ အေးချမ်းပါသည်ဟူသော စကားထက် "ဝမ်တိန်တောင် သွားကြည့်နိုင်ပါတယ်" ဟု ဦးလှမင်း ပြောလိုက်သော ဝါကျကလေးမှာ ကျွန်ုပ်၏ စိတ်ကို အတော် ဆွဲဆောင်သွားပါသည်။ "ဗိုလ်မှူး ခင်ဗျာ၊ တကယ်ပဲ ဝမ်တိန်သွားနိုင်သလား။ ဘယ်လိုသွားရလဲ" ဟု စုံစမ်းပြန်ပါ၏။

"အစ်မကြီးတို့ နမ်းခမ်းထိသွားဟာ ဆိုတော့ ၁၀၅ မိုင် မောင်းယုဝင်၊ ထမင်းပါစားပြီး ပစ္စည်းအပ်ထား၊ အဲဒီက တရုတ်နယ်စပ် ကြူကုတ်ကို သွား၊ ကြူကုတ်နဲ့ ဝမ်တိန်နဲ့ ပေ ၃၀ လောက်ရှိတဲ့ တံတားကလေးကို ခြားတာပဲ။ တရုတ်နီကို မြင်ရရောပေါ့" ဟု ဗိုလ်မှူးက ပြောပါသည်။ သွားချင်စိတ် အားကြီးနေပြီဖြစ်၍ ကျွန်ုပ်က "ဒီလိုပဲ ကားမောင်းသွားရင် ရောက်ရောလား ဗိုလ်မှူး" ဟု မေးပြန်ပါသည်။

"ကျွန်တော့်ဆီက စာယူသွားဦး၊ ဟိုမှာ အစောင့်အကြပ်တွေ ရှိတယ်။ စစ်ဆေးပြီးမှ သွားခွင့်ပြုတယ်" ဟု ဖော်ပြပါသည်။ ဦးလှမင်းကလည်း ကျွန်ုပ်တို့ ကားကို ထားခဲ့ပြီး သူတို့ အကောက်ရုံးမှ ပြည်တော်သာ ဂျစ်ကားနှင့် သွားလျှင် ဖြစ်နိုင်ကြောင်း ပြောပြရာ ကျွန်ုပ်မှာ ဗိုလ်မှူးခင်ဗျာအား ကျွန်ုပ်တို့ ဝမ်တိန်ကို ကြည့်ခွင့်ပြုရန် စာတစ်စောင် ရေးခိုင်းပါတော့သည်။

ကျွန်ုပ်၏ ခင်ပွန်းသည်ကားထိုနေရာများသို့ နှစ်ကြိမ် သုံးကြိမ် ရောက်ဖူးပြီ ဖြစ်၍ မည်သို့မျှ မထူးခြားပါ။ နမ်းခမ်းတွင်လည်း ပညာရေးမှူးနှင့် ချိန်းဆိုပြီး ဖြစ်၍ အသွားတွင် ဝမ်တိန်သို့ မဝင်ဖြစ်တော့ဘဲ၊ အပြန်မှဝင်ရန် စီစဉ်ကြရပါသည်။ နမ်းခမ်းနှင့် လားရှိုးအကြား ကားအသွားအလာ မပြတ်လှ။ တစ်နေ့ လေးစီး၊ ငါးစီးလောက် ရှိပါသည်။ ထိုလမ်းတစ်လျှောက်တွင် မိုင်းသာတရုတ်များနှင့် အညာတရုတ်များ တွေ့ရပါသည်။ ၁၀၅ မိုင်ခေါ် မောင်းယုတွင် စားစရာ တရုတ်ဆိုင်၊ ကုလားဆိုင်နှင့် တဲလေးလေးငါးလုံးခန့်နှင့် စစ်တပ်စခန်းကလေးတစ်ခု၊ အကောက်ရုံးတဲလေး တစ်


www.burmeseclassic.com

www.burmeseclassic.com



ခု ရှိပါသည်။ မောင်းယုနှင့် နမ်းခမ်းအကြားမှ ဆယ်ခေါ် မြို့ကလေး ရှိပါ သည်။ မူဆယ်အနီးတွင် တရုတ်ပြည်နယ်နိမိတ်ပိုင် လယ်ကွင်းများနှင့် တရုတ်ပြည်မှ တောင်ကတုံးများကို မြင်နေကြရပါ၏။

တောင်ငူ ဒိစကြိတ်ရှိ 'ဖြူး' မြို့မှာ နယ်ပိုင်ရုံးစိုက်ရာ ဆဗ္ဗဒီဗီဇ မြို့ကလေး တစ်မြို့မျှသာ ဖြစ်သော်လည်း မြေသြဇာ ကောင်းမွန်သော လယ်တောကြီးများဝိုင်းရံလျက်ရှိပြီးလျှင် စပါးအရောင်းအဝယ် ဖွံ့ဖြိုးသော ကြောင့် အထူးထင်ရှားသော မြို့ကလေးတစ်မြို့ ဖြစ်လေသည်။ ရုံး၊ ဂါတ် နှင့် ဈေးများမှာ မြို့၏တောင်ဘက်ပိုင်းတွင် ခမ်းနားစွာ တည်ရှိလျက် တိုက် ကောင်း၊ အိမ်ကောင်းများမှာ အုတ်ဖြတ်လမ်း၊ ပဲခူးလမ်း၊ ရုံးလမ်းနှင့် ဈေး နားတစ်ဝိုက်၌ ရှိကြရာ စပါးဂိုဒေါင်ကြီးများသည်လည်း ဘူတာဝင်း အတွင်းတွင် ပြည့်ကျပ်စွာ ရှိနေ၏။ အထူးသဖြင့် ဆောင်းဦးပေါက် စပါး ပေါ်ချိန်များတွင် ဈေးမှာ ကြက်ပျံမကျ စည်ကားလေသည်။

ဤကဲ့သို့ မြို့၏ သာယာစည်ကားပုံ၊ ပစ္စည်းဥစ္စာ ကြွယ်ဝပုံ၊ အရောင်းအဝယ် ကောင်းပုံ သတင်းများကို ကြားရသောအခါ မြန်မာပြည် အရပ်ရပ်မှ ဈေးသည်များ၊ ကုန်သည်များ၊ ပညာရှင်များသည် ဖြူးမြို့သို့ ပစ္စည်းဥစ္စာ ရှာဖွေရန် တဖွဲဖွဲ ဝင်ရောက်လာကြလေသည်။

ထိုခေတ်အခါ ကောင်း၍ အရောင်းအဝယ် ဖွံ့ဖြိုးချိန်ဖြစ်သော ၁၉၂၆–၂၇ ခုနှစ်လောက်က ဖြူးမြို့သို့ ဆရာဝန် ဦးငွေမောင်းဆိုသူတစ် ယောက် ရောက်လာပြီးလျှင် ပွဲစားများ၏ အကူအညီဖြင့် ဆေးရုံလမ်းတွင် တိုက်ခံအိမ်တစ်လုံးနှင့် ခြံကြီးတစ်ခြံကို တစ်လလျှင် ၁၀၀ ကျပ်နှင့် ငှားရမ်း ၏။ ထို့နောက် ဦးငွေမောင်းသည် တိုက်၏အောက်ထပ်ကို ဆေးပေးခန်း၊ စာကြည့်ခန်းများအဖြစ် ပြင်ဆင်လျက် အပေါ်ထပ်ကိုလည်း လူနေရန် အိမ် ထောင်ပရိဘောဂသစ်များဖြင့် ဖြည့်စွက်ပြင်ဆင်လေ၏။

ထိုပြင်ဆင်ပြီးနောက် တစ်နေ့သောအခါတွင် မြို့ပေါ်မှ လူကြီးလူ ကောင်းများအား ဖိတ်ကြားဧည့်ခံပြီးလျှင် သူ၏ ဆေးတိုက်ကို ဖွင့်လှစ်လေ သည်။ ဆေးတိုက်၏ အမည်ကို အထူးသီးခြား၍ မပေးဘဲ ခြံဝ၌ 'ဒေါက် တာ ငွေမောင်း L.M.P' ဟု ကြေးဆိုင်းဘုတ်ကလေးတစ်ခုသာ ဆွဲချိတ် ထား၏။



www.burmeseclassic.com

www.burmeseclassic.com



ဦးငွေမောင်း၏ ဇာစ်မြစ်ကိုလည်းကောင်း၊ အဘယ်ကြောင့် ဖြူးမြို့သို့ လာရောက်သည်ကိုလည်းကောင်း မည်သူမျှ မသိချေ။ ဦးငွေမောင်းမှာ အရပ်မြင့်၍ အသားအလွန်ဖြူပြီးလျှင် သနားကြင်နာတတ်သော မျက်လုံးများရှိ၏။ စကားနည်းသူတစ်ယောက် ဖြစ်ပြီးလျှင် စကားပြောသောအခါ၌လည်း ခပ်အေးအေးပင် ပြောတတ်လေသည်။

ဖြူးမြို့ကလေးမှာ အစိုးရ၏ ခြောက်တီးခြောက်ချက် ဆေးရုံကလေးမှတစ်ပါး ဆေးဝါးဘက်၌ မြို့ပေါ်တွင် ကုလားဆရာဝန်တစ်ဦးသာ ရှိနေခဲ့ရာမှ ဦးငွေမောင်းရောက်လာသောအခါ မြို့သူမြို့သားများ တအားတက်၍ လာကြလေ၏။

ဦးငွေမောင်းမှာ ဆေးဝါးတွင် အလွန်စွမ်းရုံမျှမက အခွဲအစိတ်၌လည်း သူ၏လက်စွမ်းသည် တဖြည်းဖြည်း ထင်ရှား၍လာတော့၏။ ပထမအကြိမ်တွင် မြူနီစီပယ် လူကြီးတစ်ယောက်၏ ခူနာကိုခွဲခြင်း၊ ဒုတိယအကြိမ်တွင် တောမှ လူတစ်ယောက်အား ဒူးဆစ်မှ ဖြတ်၍ ကုသခြင်း၊ တတိယအကြိမ်တွင် လူတစ်ယောက်အား မြွေကိုက်သည့်ဒဏ်ရာကို လက်ဆစ်ကလေးမှ ဖြတ်တောက် ကုသခြင်းဖြင့် အသက်ချမ်းသာရာ ရစေခြင်းတို့သည် ဦးငွေမောင်း၏အမည်ကို ထိုးတင်လိုက်ဘိသကဲ့သို့ မြို့ပေါ်တွင်သာမက တောရွာများသို့ပင် ကျော်ကြား၍ သွားစေ၏။

သို့ဖြင့် ဦးငွေမောင်း၏ ဆေးဆိုင်မှာ အစိုးရဆေးရုံထက်ပင် စည်ကားလျက် နံနက်ပိုင်း ဆေးယူလာသူများ၊ လူနာများဖြင့် ပြည့်လျက်ရှိလေ၏။

အစိုးရ အရာရှိများ၊ မြေပိုင်ရှင်များ၊ စပါးကုန်သည်ကြီးများ၊ ကုန်စုံဆိုင်ရှင်များ စသည့် လူကုံထံများသည်လည်း ယခင်က တောင်ငူမြို့သို့သွား၍ ကုသမှ ချမ်းသာမည် ထင်ရသော ရောဂါများကို မိမိတို့မြို့မှ မြို့ခံဆရာဝန်လက်သို့သာ အပ်နှင်းကြကုန်၏။

ဤနည်းဖြင့် နှစ်လ အတော် ရှည်ကြာလတ်သော် ဦးငွေမောင်းမှာ အတော်ပင် စီးပွားတက်လျက် ရှိနေလေပြီ။

ဦးငွေမောင်း၌ အပြစ်တစ်ခုတည်းသာ ရှိ၏။ ထိုအပြစ်ကား ဖြူးသို့ ရောက်၍ နှစ်နှစ်ကျော် သုံးနှစ်တွင်းသို့ပင် ရောက်ရှိနေသော်လည်း သားမယား မယူဘဲ လူပျိုကြီးဘဝဖြင့် နေခြင်းပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ပထမဦး မြို့ပေါ်မှ နာမည်ရ အောင်သွယ်ကောင်း မိန်းမနှစ်ယောက်၊ သုံးယောက်တို့သည် ဦးငွေမောင်းအား မည်သူ၏သမီး၊ မည်ဝါ၏ နှမ စသည်တို့ဖြင့် စေ့စပ်ရန် မိမိတို့ စိတ်ကူးတည့်ရာ သတင်းလွှင့်ကြသော်လည်း ဦးငွေမောင်းမှာ မည်သူ၏စကားကိုမျှ နားမဝင်ဘဲ ရှိနေ၏။

ဦးငွေမောင်း၏ အရွယ်မှာ ၃၅ နှစ်ခန့်သာ ရှိသေး၍ မျက်နှာပေါက်မှာလည်း ချောမောသည်ဟု မဆိုနိုင်စေကာမူ ပြေပြစ်သူတစ်ယောက် ဖြစ်ရကား အောင်သွယ်များမှာ ၁၈ နှစ်ရွယ်၊ ၂၀ ရွယ်တို့နှင့်ပင် မစပ်စားဝံ့စေကာမူ အစိတ်၊ သုံးဆယ်ရွယ် အပျိုဟိုင်းတို့မှာ ထိုအောင်သွယ်များ၏ စပ်စားခြင်းကို အနည်းနှင့်အများ ခံကြရလေသည်။ ဤသို့ ရှိနေသည့်အတွင်း တစ်နေ့၌ ဆရာဝန် ဦးငွေမောင်းမှာ ပင်စင်တန်းမှ မြေပိုင်ရှင်ကိုသိန်းလွင်၏ နှမ မသိန်းတင်ဆိုသူနှင့် စေ့စပ်ပြီးပြီဟူသော သတင်းထွက်လာရာ ထိုသတင်းမှာ မောင်းခတ်သကဲ့သို့ တစ်မြို့လုံး ပြန့်နှံ့၍ သွားလေ၏။

ကိုသိန်းလွင်နှင့် မသိန်းတင် မောင်နှမတို့မှာ ပင်စင်တန်းတွင် ပစ္စည်းဥစ္စာနှင့် ပြည့်စုံသော မြေပိုင်ရှင် မောင်နှမဖြစ်ကြ၍ ဖခင်ကြီး သေဆုံးပြီးနောက် ကျန်ရစ်ခဲ့သော ပစ္စည်းများကို မခွဲဝေသေးဘဲ အတူတကွ လုပ်ကိုင်စားသောက်နေထိုင်ခဲ့ကြ၏။

မသိန်းတင်မှာ အသက် ၂၄ နှစ်မျှ ရှိပြီဖြစ်သော်လည်း နုနယ်ပျိုမျစ်သော အဆင်းရှိ၍ အသက် ၂၀ ထက် မကြီးသေးဟု ခန့်မှန်းရလေသည်။

ဦးငွေမောင်းမှာလည်း ဆံပင်ကို နောက်ကို လှန်၍ ဖြီးကာ 'ဝတ်ကောင်းစားလှ' ဖြင့် ညနေချမ်းအချိန်များတွင် လမ်းလျှောက်သွားသောအခါများ၌ မိန်းမပျိုကလေးများပင် ငေးမောကြည့်ရမလောက် ကောလိပ်ကျောင်းသားတစ်ယောက်ပမာ ပြေပြစ်နုနယ်လှ၍ အသက် အစိတ်လောက်ထက် မကြီးသေးဟု ခန့်မှန်းရ၏။ သို့ဖြစ်၍ ဦးငွေမောင်းနှင့် မသိန်းတင်တို့မှာ အရွယ်ပင် အတော်ထောက်သော်လည်း လွန်စွာမှ လိုက်လျောကြောင်းနှင့် လူအများ၏ နှုတ်ဖျားတွင် သီးလျက် ရှိလေ၏။

မသိန်းတင်မှာ လှပခြင်းထက် ခံ့ညားခြင်းကပိုလျက် ကြံ့ခိုင်သောသဘောရှိပြီးလျှင် စိတ်ထက်သူတစ်ယောက်လည်း ဖြစ်လေသည်။ နယ်ပိုင်

www.burmeseclassic.com



တစ်ဦး၏ လက်ဖက်ရည်ပွဲတွင် ဦးငွေမောင်းနှင့် မျက်စိချင်း စ၍ တွေ့ဆုံ အသိဖြစ်ခဲ့ကြရာမှ တစ်စတစ်စ တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးလာခဲ့ပြီးလျှင် ထိုရင်းနှီးခြင်းသည်ပင် အချစ်၏ အခြေခံဖြစ်၍ လာလေသည်။

သို့ဖြစ်၍ ကဆုန်လတွင် စေ့စပ်ကြောင်းလမ်းခြင်း ပြီးစီးပြီးနောက် သီတင်းကျွတ်လျှင် လက်ထပ်ရန် ရက်ကန့်သတ်လိုက်ကြ၏။

*

နယုန်လဆန်း ၃ ရက်နေ့တွင် ဆရာဝန် ဦးငွေမောင်းသည် အထက် မြန်မာပြည်မှ စာတစ်စောင် ရရှိ၏။ ထိုအခါ စာတိုက်ဗိုလ်မှာ မြို့ပေါ်မှ လူကုံထံများ၏ ကိုယ်ရေးကိုယ်တာနှင့် ပတ်သက်သော စာများကို ဝါသနာအလျှောက် ဂရုစိုက်တတ်သည့်အတိုင်း ထိုစာအိတ်မှာ ရှမ်းပြည်နယ် သီပေါမြို့ စာတိုက်တံဆိပ် ရိုက်နှိပ်ထား၍ လက်ရေးမှာလည်း ယောကျ်ားတစ်ယောက်၏ လက်ရေးဖြစ်ကြောင်း သတိပြုလိုက်မိ၏။ ဦးငွေမောင်းမှာ ဇာတိအားဖြင့် ရှမ်းပြည်နယ်မှ လာရောက်သည်ဟု သတင်းသန့်သန့် ကြားခဲ့ ဖူးသည့်ပြင် ဤမြို့သို့ ရောက်သည့်အချိန်မှစ၍ ဤစာတစ်စောင်သာ စာအိတ်အပြာနှင့် သီပေါမြို့မှ ရောက်လာသဖြင့် ဂရုတစိုက် ကြည့်လိုက်မိခြင်း ဖြစ်လေသည်။

နောက်တစ်နေ့ဖြစ်သော နယုန်လဆန်း ၄ ရက်နေ့တွင် ဦးငွေမောင်းသည် မသိန်းတင်၏ အိမ်သို့သွားရောက်၍ ယခင် အခေါက်များထက် အချိန်ကြာမြင့်စွာ စကားပြောဆိုနေခဲ့၏။ ပြန်လာသောအခါ မျက်နှာနီမြန်းကာ အတော်ပင် စိတ်ဆိုးနေပုံရ၏။

မသိန်းတင်မှာလည်း ထိုနေ့က တစ်နေ့လုံး အခန်းအောင်း၍ နေပြီးလျှင် ရေချိုးရန်ပင် အောက်ထပ်သို့ မဆင်းဘဲ အခန်းထဲတွင် မျက်ရည်နှင့် မျက်ခွက်ရှိနေသည်ကို အိမ်အစေခံမကလေးက တွေ့ရ၏။

တစ်ပတ်ခန့်မျှ ကြာလတ်သော် ဦးငွေမောင်းနှင့် မသိန်းတင်တို့ စေ့စပ်ကြောင်းလမ်းခြင်း ပျက်သွားပြီဟူသော သတင်းသည် ဈေးနှင့်တကွ အရပ်ထဲပါ ပြန့်နှံ့သွားတော့၏။

မိန်းကလေးမှာ အရက်ကွဲခဲ့ပြီဖြစ်၍ အစ်ကိုဖြစ်သူသည် နမအတွက် မခံမရပ်နိုင် ဖြစ်ကာ တုတ်တစ်ပြက် ဓားတစ်ပြက် ဖြစ်နေသဖြင့် အရပ်လူကြီးများနှင့် ဆွေမျိုးညာတိများက တောင်းပန်ထားရ၏။

www.burmeseclassic.com



မည်သည့်အကြောင်းကြောင့် ဆရာဝန် ဦးငွေမောင်းက ဤသို့ ဖျက်သွားရသည်ကိုမူ မည်သူမျှ မသိဘဲ အမျိုးမျိုး အဖုံဖုံ ထင်မြင်ချက် ပေးလျက် ရှိကြလေသည်။

သို့နှင့် ဦးငွေမောင်းသည် စိတ်မလုံသည့် အနေနှင့် ထိုနေ့မှစ၍ ပင်စင်တန်းသို့ လမ်းမလျှောက်တော့ဘဲ ရှိနေ၏။ မသိန်းတင်တို့ သွားနေကျဖြစ်သည့် ရွှေကျင်ဘုန်းတော်ကြီး ကျောင်းသို့ပင် မသိန်းတင်နှင့် မျက်နှာချင်း ဆုံရမည်စိုးသဖြင့် မသွားတော့ချေ။

နောက် မကြာမီပင် တောင်ငူဒိစကြိတ်ရှိ မြို့တစ်မြို့မှ ဆေးဆိုင် တစ်ခုကို ရောင်းချမည့်အကြောင်း သတင်းစာတစ်စောင်တွင် ကြော်ငြာပါလာ၏။ မြို့အမည်နှင့် ပိုင်ရှင်အမည်ကို မဖော်ပြသော်လည်း ဖြူးမြို့မှ ဆရာဝန် ဦးငွေမောင်း၏ ဆေးဆိုင်ဖြစ်မည်ဟု ပြောဆိုလျက်ရှိကြ၏။

ဤသည်တို့ကား နယုန်လပြည့်ကျော်၃ ရက်အထိ ဖြစ်ပွားလျက် ရှိသော သတင်းများ ဖြစ်လေသည်။ သို့သော် လပြည့်ကျော် ၄ ရက်နေ့ ညဥ့်မှ ယောကျ်ားနှင့် မိန်းမ သာမန်စေ့စပ်ကြောင်းလမ်းသည့် ကိစ္စတစ်ခု မှ တစ်မြို့လုံး တုန်လှုပ်၍ သွားသော ကိစ္စတစ်ခု ဖြစ်ပွားလေ၏။ စိတ်မကောင်း အေးချမ်းသည့် ထိုကဲ့သို့သောအချိန်များ၌ လူများသည် ဤကိစ္စမျိုးကို အရေးတယူ ဂရုစိုက်၍ ပြောဆိုလေ့ရှိကြရကား ဖြစ်ပွားပုံကို အသေးစိတ် ရေးသား ဖော်ပြရပေမည်။

ဆရာဝန် ဦးငွေမောင်း၏ အိမ်၌ အိမ်မှုကိစ္စ ထိန်းသိမ်းသော အသက် ၅၀ ခန့်ရှိ ဒေါ်စိန် ခေါ် အမယ်ကြီးတစ်ယောက်နှင့် တောက်တို မယ်ရ ခိုင်းသည့် စောခင်ဆိုသူ ကလေးမတစ်ယောက်သာ အိမ်သားဟူ၍ ရှိ၏။ ဆေးခန်းအတွက် ခိုင်းသော သူငယ်မှာ အိမ်နောက်ဖေး အစေခံ တဲကလေးတွင် အိပ်လေသည်။ လူနာများ ခွဲစိတ်သည့် အခန်းကြီးမှာ ဦးငွေ မောင်း၏ စာကြည့်ခန်းနှင့် ကပ်လျက်ရှိလေရာ ထိုစာကြည့်ခန်းမှာ အိမ်မ ကြီး၏ အစွန်း၌ ရှိ၏။ ထိုခွဲစိတ်သည့် အခန်းရှိသော ဘက်၌ လူနာများ အတွက် လွယ်ကူစေရန် တံခါးတစ်ခု ထားရှိ၏။ သို့ဖြစ်၍ ဆရာဝန်သည် မည်သူမျှ မသိစေဘဲ တစ်စုံတစ်ယောက်ကို ထိုတံခါးမှ အိမ်တွင်းသို့ သွင်း မည်ဆိုက သွင်းနိုင်လေသည်။ အမှန်အားဖြင့်လည်း ညဥ့်အချိန်မတော်တွင် အရေးတကြီး လူနာများ ရောက်သည့်အခါ ရောက်လာတတ်၍ ဦးငွေ

www.burmeseclassic.com



မောင်းသည် ထိုခွဲစိတ်ခန်းတံခါးမှ လူနာများကို ခန်းမကြီးထဲသို့ သွင်းလေ့ရှိ၏။ အစေခံ မိန်းကလေးနှင့် အိမ်ဦးစီး မိန်းမကြီးမှာ ခပ်စောစောပင် အိပ်ရာသို့ ဝင်တတ်၏။

ထို နယုန်လပြည့်ကျော် ၄ ရက်နေ့ညက ၉ နာရီ အချိန်လောက်တွင် ဒေါ်စိန်သည် ဆရာဝန်၏ စာဖတ်ခန်းသို့ ဝင်သွားရာ ဦးငွေမောင်းမှာ စားပွဲတွင် ထိုင်ကာ စာရေးနေသည်ကို တွေ့ရ၏။ ဒေါ်စိန်သည် အိပ်ရာသို့ ဝင်တော့မည့်အကြောင်း ပြော၍ ဦးငွေမောင်းအား နှုတ်ဆက်ပြီး ထွက်သွား၏။ အစေခံ မိန်းကလေးကိုလည်း အိပ်ရာသို့ သွား၍ အိပ်စေ၏။ ထို့နောက် ဒေါ်စိန်သည် ၁၀ နာရီ ၄၅ မိနစ် အချိန်ထိ အိမ်မှုကိစ္စများကို ဆောင်ရွက်လျက် ရှိလေသည်။ သို့နှင့် ခန်းမကြီးအတွင်းရှိ တိုင်ကပ်နာရီကြီးမှ ၁၁ နာရီထိုးသံ ကြားသောအခါ ဒေါ်စိန်သည် သူ့အိပ်ခန်းသို့ လာခဲ့လေသည်။

အိပ်ရာထဲသို့ ရောက်၍ ၁၅ မိနစ်၊ မိနစ် ၂၀ ခန့်ကြာသောအခါ အိမ်ထဲမှ အော်လိုက်သံ အသံကဲ့သို့လည်းကောင်း၊ တစ်စုံတစ်ယောက်က ခေါ်လိုက်သကဲ့သို့လည်းကောင်း အသံတစ်ခုကို ကြားရသဖြင့် ဒေါ်စိန်သည် အပေါ်အင်္ကျီကို ထပ်၍ ဝတ်ပြီးလျှင် ဦးငွေမောင်း၏ စာကြည့်ခန်းသို့ အပြေးအလွှား သွားရောက်လေ၏။

ဒေါ်စိန်က တံခါးကို ခေါက်သောအခါ အတွင်းမှ အသံတစ်သံက

"ဒါ ... ဘယ်သူလဲ"

"ကျွန်မ ... ဒေါ်စိန်ပါ"

"ကျုပ် အေးအေးဆေးဆေး နေစမ်းပါရစေ ဒေါ်စိန်ရယ်။ ကိုယ့်အခန်းကို ကိုယ်ပြန်သွားစမ်းပါ"

ဤသို့ပြောလိုက်သောအသံမှာ မိမိသခင့် အသံဖြစ်ကြောင်း ဒေါ်စိန်က ကောင်းစွာ ယုံကြည်၏။ သို့သော် အသံမှာ ခပ်ရှူးရှူး ဖြစ်ကာ ခါတိုင်း အသံနှင့် မတူသဖြင့် ဒေါ်စိန်မှာ အံ့အားသင့်၍ နေမိ၏။

"ကျွန်မကို ဆရာကြီးက ခေါ်လိုက်တယ် ထင်လို့ပါ"

ထိုအခါ၌ကား အခန်းတွင်း၌ တစ်စုံတစ်ရာ ပြန်၍ မပြောသော ဒေါ်စိန်သည် မိမိအိပ်ခန်းသို့ ပြန်ရောက်၍ နာရီကိုကြည့်လိုက်သောအခါ ၁၁ နာရီခွဲ ရှိနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



၁၁ နာရီနှင့် ၁၂ နာရီအကြားတွင် (အချိန်ကို အတိအကျ ဒေါ်စိန်က မပြောနိုင်ချေ။) လူနာတစ်ယောက် လာရောက်ခေါ်သောအခါ အတွင်းမှ ဆရာဝန် ဦးငွေမောင်း၏အသံကို မကြားရချေ။ ဤသို့ အချိန်မတော် လာရောက်ခေါ်ငင်သူမှာ မစောမြဆိုသူ မိန်းမတစ်ယောက် ဖြစ်၍ ၎င်း၏လင်ယောကျ်ားမှာ အသည်းအသန် ဖြစ်နေသဖြင့် ဆရာဝန်ထံ အကြောင်းကြားရန် လာရောက်ခြင်း ဖြစ်လေသည်။ မစောမြ၏ ယောကျ်ားမှာ တိုက်ဖိုက်ရောဂါဖြစ်နေသဖြင့် ညဦးတွင် ဖြစ်ပျက်သည့် အခြေအနေ ဆိုးရွားလာက ချက်ချင်းလာ၍ အကြောင်းကြားရန် ဦးငွေမောင်းက မှာခဲ့သောကြောင့် ဤကဲ့သို့ အချိန်မတော်တွင် လာရောက်ခြင်းဖြစ်၏။ ဦးငွေမောင်း၏ စာကြည့်ခန်းထဲမှ မီးလင်းနေသည်ကို မစောမြ မြင်ရ၏။ ဆေးခန်းတံခါးပေါက်ကို အပြင်မှ အကြိမ်ကြိမ် ခေါက်သော်လည်း မရချေ။ သို့နှင့် ဆရာဝန် ဦးငွေမောင်းမှာ အခြားအရေးတကြီး ကိစ္စရှိ၍ အပြင်သို့ ထွက်သွားခြင်း ဖြစ်လိမ့်မည်ဟု မှတ်ယူကာ မစောမြလည်း အိမ်သို့ ပြန်သွားလေသည်။

လမ်းဘက်သို့ ဆင်းသော ဆင်ခြေလျှော လမ်းကလေး အဆုံးရှိ ဝင်းတံခါးဝတွင် ဓာတ်မီးတိုင်တစ်ခုရှိ၏။ မစောမြသည် ဝင်းတံခါးမှ ထွက်မိသောအခါ လူသွားလမ်းကလေးမှ လူတစ်ယောက် လာနေသည်ကို မြင်ရသဖြင့် ဦးငွေမောင်း အပြင်မှ ပြန်လာပြီအထင်နှင့် စောင့်ကြည့်နေ၏။ သို့သော် လျှောက်လာသူမှာ ဆရာဝန် ဦးငွေမောင်း မဟုတ်ဘဲ မြေပိုင်ရှင် မောင်သိန်းလွင် ဖြစ်နေသည်ကို တွေ့ရသဖြင့် အံ့အားသင့်လျက် ရှိလေသည်။ ထိုနေရာမှာ ဓာတ်မီးတိုင်အနီးတွင် ဖြစ်သဖြင့် မောင်သိန်းလွင်၏ မျက်နှာမှာ အလွန်စိတ်ဆိုးဟန် လက္ခဏာရှိရုံမျှမက လက်တွင်လည်း ဟန်တိန်တုတ်ကြီးတစ်ချောင်း ကိုင်ထားသည်ကို မြင်ရ၏။ ဝင်းတံခါးအဝင်တွင် မစောမြက စတင်၍ –

"အိမ်ထဲမှ ဆရာဝန်ကြီး မရှိဘူးရှင့်"

စိတ်ဆိုးသံဖြင့် – "ခင်ဗျား ဘယ်နှယ့်သိသလဲ"

"လူနာခွဲတဲ့ အခန်းတံခါးကို ကျွန်မ ခေါက်ကြည့်တယ် ... မရဘူး"

"ဒါပေမဲ့ ဟိုပြတင်းပေါက်ကလေးက မီးရောင် မြင်ရပါကလား။ ဒါ သူ့စာဖတ်ခန်း မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ... ဆရာဝန်ကြီး မရှိတာတော့ အမှန်ပါရှင်။ ကျွန်မ သိပါတယ်"

"နို့ပေမဲ့ ... ပြန်တော့ လာမှာပေါ့လေ"

ဤသို့ ပြောပြောဆိုဆိုနှင့် ကုန်းမြင့်လမ်းကလေးတစ်လျှောက်မှ အိမ်သို့ ပြန်ခဲ့လေ၏။

နံနက် ၃ နာရီအချိန်တွင် မစောမြ၏ ယောက်ျားမှာ ရောဂါတိုးလာသဖြင့် မစောမြသည် ဆရာဝန် ဦးငွေမောင်းကို အကြောင်းကြားရန် တစ်ကြိမ် လာရောက်ပြန်၏။ ဝင်းတံခါးသို့ ရောက်သောအခါ မစောမြသည် စံပယ်ရုံများနောက်တွင် တရွေ့ရွေ့ သွားနေသော လူတစ်ယောက်၏ ပုံသဏ္ဌာန်ကို မြင်လိုက်ရသဖြင့် ကြည့်လိုက်သောအခါ ၎င်းမှာ အခြားသူ မဟုတ်၊ မောင်သိန်းလွင်ပင် ဖြစ်နေကြောင်း သိရလေ၏။ သို့သော် မိမိမှာ ယောက်ျားအတွက် သောကများနေသဖြင့် နောက်ထပ် ကြည့်ရှုရန် အချိန်မရဘဲ အိမ်ဆီသို့သော တန်း၍လာခဲ့လေသည်။

အိမ်အနီးသို့ ချဉ်းကပ်မိသောအခါ စာဖတ်ခန်းထဲတွင် မီးလင်းလျက်ပင် ရှိသေးသဖြင့် မစောမြမှာ အတော်ပင် အံ့အားသင့်၍သွားမိ၏။ သို့နှင့်လူနာ ခွဲသော အခန်းတံခါးကို ခေါက်လေသည်။ သို့သော် အတွင်းမှ တစ်စုံတစ်ရာ ပြန်၍ အသံမပြုချေ။ မစောမြသည် တံခါးကို အကြိမ်ကြိမ် ထပ်၍ ခေါက်သော်လည်း အသံဟူ၍ လုံးဝ မကြားရချေ။ သို့ဖြစ်ရကား ဆရာဝန်ကြီးသည် စားပွဲတွင် မီးကို မငြိမ်းဘဲ အိပ်ရာသို့ ဝင်သွားခြင်းသော်လည်းကောင်း၊ သို့မဟုတ် အရေးကြီးသော လူနာတစ်ဦးဦးကို ကြည့်ရန် အပြင်သို့ ထွက်သွားခြင်းသော်လည်းကောင်း ဖြစ်ရမည်ဟု အောက်မေ့မိ၏။ သို့သော် တစ်နည်းလည်း ဆရာဝန်ဦးငွေမောင်းမှာ အလုပ်ပင်ပန်းသဖြင့် စာကြည့်ရင်း ကုလားထိုင်ပေါ်တွင် အိပ်ပျော်၍ နေကောင်းနေပေလိမ့်မည်ဟု တွေးမိသဖြင့် မှန်ပြတင်းပေါက်တွင် အတွင်းမှ ခန်းဆီးလျှော့ကျနေသော နေရာမှ စာကြည့်ခန်းအတွင်းသို့ ချောင်း၍ကြည့်မိ၏။

စာကြည့်ခန်းမှာ အလယ်စားပွဲကြီးပေါ်တွင် တင်ထားသော စားပွဲတင်မီးအိမ်မှ မီးရောင်ဖြင့် ထိန်ထိန်လင်းလျက်ရှိ၏။ စားပွဲတစ်ခုနှင့် နံရံကပ်မှန်ဗီရိုများ၌ကား စာအုပ်ကြီးငယ်တို့ဖြင့် ပြည့်လျက်ရှိလေသည်။ အချို့ဗီရိုများတွင် ဆေးဘက်၌ သုံးသည့် ဆေးကိရိယာများ ထားရှိ၏။ အခန်း



www.burmeseclassic.com

www.burmeseclassic.com



တွင်းတွင် တစ်စုံတစ်ယောက်မျှ မမြင်ရသော်လည်း ထူးထူးခြားခြားလည်း မရှိချေ။ သို့သော် စားပွဲတင် မီးအိမ်၏ အလင်းရောင်မှ မှောင်ရိပ်ကျသော နေရာတစ်ခုတွင် လက်အိတ်အဖြူတစ်ခု ကော်ဇောပေါ်၌ ကျနေသည်ကို တွေ့မြင်ရ၏။ မစောမြ၏ မျက်လုံးများသည် မှောင်ထဲတွင် ကျင့်သားရ၍ လာသောအခါ အရိပ်၏ အခြားဘက်စွန်းတွင် ဖိနပ်တစ်ဖက် ထွက်၍နေသည်ကို မြင်ရပြန်၏။ ထိုအခါမှ ကော်ဇော်ပေါ်တွင် လက်အိတ်တစ်ခု ကျနေသည်ဟု ထင်ခဲ့ခြင်းမှာ လက်အိတ်မဟုတ်ဘဲ လူ၏ လက်တစ်ဖက် ဖြစ်နေကြောင်း မြင်ရသည့်ပြင် ကော်ဇောပေါ်၌ လူတစ်ယောက် လဲနေသည်ကိုလည်း တွေ့မြင်ရတော့၏။

သို့ဖြစ်ရကား ဆရာဝန်ကြီးမှာ တစ်စုံတစ်ရာ ဖြစ်ချေပြီဟု မစောမြသည် အိမ်ရှေ့တံခါးဘက်သို့ ကွေ့၍လာခဲ့ပြီးနောက် တံခါးကို ပြင်းထန်စွာ ပုတ်ပြီးလျှင် ဒေါ်စိန်ကို နှိုးလေ၏။ ဒေါ်စိန် နိုးသောအခါ မစောမြသည် အကျိုးအကြောင်း ပြောပြလေရာ မိန်းမနှစ်ယောက်တို့သည် အရှဲစွန့်ကာ ဦးငွေမောင်း၏ စာဖတ်ခန်းထဲသို့ ဝင်ကြလေ၏။ အစေခံမကလေးကိုမူ ဆေးစပ်သော သူငယ်ကလေးနှင့်အတူ ဌာနသို့ တိုင်တန်းရန် လွှတ်လိုက်လေသည်။

ပုလိပ်များ လာရောက်သောအခါ ပြတင်းပေါက်နှင့် ဝေးရာ စားပွဲဘက်၌ကား ဆရာဝန် ဦးငွေမောင်းသည် ကော်ဇောပေါ်တွင် ပက်လက်လန်ကာ သေဆုံးလျက်ရှိသည်ကို တွေ့ရ၏။ သေသူ၏ မျက်လုံးတစ်ဖက်မှာ ခပ်ညိုညို ရှိနေလျက် မျက်နှာနှင့် လည်ပင်းတွင် ပွန်းပဲ့ရာများကို မြင်ရသဖြင့် ဆရာဝန်ကြီးမှာ ပြင်းထန်သော ဒဏ်ရာဒဏ်ချက်တစ်ခုခုကြောင့် သေဆုံးသည်ဟု ထင်ရ၏။ ကိုယ်မှာ ခပ်ပွပွ၊ ခပ်ဖောင်းဖောင်း ရှိနေသကဲ့သို့ ထင်ရရာ လည်ပင်းကို ဖျစ်ညှစ်သတ်သဖြင့် သေဆုံးဟန် လက္ခဏာ ရှိလေသည်။ အဝတ်အစားမှာ ရိုးရိုး အဝတ်အစားပေါ်တွင် ဆရာဝန်များ ဝတ်လေ့ရှိသည့် အင်္ကျီရှည်ကြီးကို ထပ်၍ ဝတ်ထား၏။ ခြေတွင် စီးထားသော ဖိနပ်မှာ အိမ်တွင်း၌ စီးသော အဝတ်ဖိနပ်ဖြစ်၍ သန့်သန့်ရှင်းရှင်း ဖြစ်လေသည်။ ကော်ဇောပေါ်၌မူ ရွှံ့များ၊ သဲများ ပေကျံလျက် အထူးသဖြင့် တံခါးပေါက်ဘက်တွင် ရွှံများ၊ သဲများကို နင်းထားသည့် နောက်ပိတ်ဖိနပ်၊ သို့မဟုတ် ဘွတ်ဖိနပ်ဖြင့် နင်းထားဟန် လက္ခဏာရှိ၏။ ထိုဖိနပ်ရာများမှာ



www.burmeseclassic.com

www.burmeseclassic.com



သတ်သူ၏ ခြေရာများပင် ဖြစ်ဟန် ရှိလေသည်။ သို့ဖြစ်ရကား သတ်သူသည် ဆေးခန်းတံခါးမှ ဝင်ပြီးလျှင် ဆရာဝန်ကြီးအား သတ်ပြီးနောက် မည်သူမျှ မတွေ့မီ လွတ်မြောက်သွားဟန် လက္ခဏာရှိ၏။ ကော်ဇောပေါ်တွင် ရွံ့များဖြင့် ပေကျံနေသည့် ခြေရာအရွယ်အစားကို ထောက်သဖြင့် သတ်သောသူမှာ ယောကျ်ားကြီးတစ်ယောက်ဖြစ်ကြောင်း ကောင်းစွာ ထင်ရှား၏။ သို့သော် ပုလိပ်များသည် အထက်ပါ အချက်များအပြင် အခြားတစ်စုံတစ်ရာ တွေး၍ မရချေ။

အလောင်း၏ ကိုယ်ပေါ်တွင် ဆရာဝန်ကြီး၏ ရုပ်အင်္ကျီ၌ ရွှေကြိုးနှင့် ရွှေနာရီမှာ ပကတိအတိုင်း ရှိနေ၍ သတ်သူသည် ပစ္စည်းကို လုယူတိုက်ခိုက်ရန် ရည်ရွယ်ချက် မရှိကြောင်း ထင်ရှား၏။ အခန်းထဲတွင် ငွေထည့်သော သေတ္တာကလေးကို သော့ခတ်လျက် တွေ့ရ၏။ သို့သော် အတွင်း၌ ငွေများမရှိချေ။ ဒေါ်စိန်၏ ပြောပြချက်အရ ဦးငွေမောင်းမှာ ထိုငွေသေတ္တာကလေးထဲတွင် ငွေအမြောက်အမြား ထားတတ်၏။ သို့သော် ထိုနေ့က ရန်ကုန်သို့ ဆေးဖိုးများ တင်ပို့လိုက်ရ၏။ သို့ဖြစ်၍ သေတ္တာထဲ၌ ငွေမတွေ့ခြင်းမှာ လူဆိုး ယူသွား၍ မဟုတ်တန်ရာချေ။

သို့သော် အခန်းတွင်းမှ ထင်ထင်ရှားရှား ပျောက်သွားသော အရာတစ်ခုရှိ၏။ ၎င်းမှာ ငွေဘောင် သွင်းထားသည့် မသိန်းတင်၏ စားပွဲတင် ဓာတ်ပုံ ဖြစ်လေသည်။ ဓာတ်ပုံကို ထုတ်ယူသွားသဖြင့် ငွေဘောင်သာ ကျန်ရစ်ခဲ့တော့၏။ ထိုဓာတ်ပုံကလေးကို ညဉ့်ဦးယံက အခန်းတွင်းသို့ ဝင်လာစဉ်က မြင်ခဲ့သေးကြောင်း ဒေါ်စိန်က ထွက်ဆို၏။ အခြား ထူးဆန်းသော အချက်တစ်ခုမှာ ကော်ဇောပေါ်တွက် မျက်စိတစ်ဖက်ကို ဖုံးသည့် ကျွဲကော်ဖြင့် လုပ်သော အစိမ်းရောင် မျက်လုံးအုပ်ကလေးတစ်ခု တွေ့ရခြင်းဖြစ်၏။ သို့သော် မျက်စိနာသောအခါများတွင် မျက်လုံးပေါ် ဖုံးလေ့ရှိသော အစိမ်းရောင် 'မျက်လုံးအုပ်' ကလေးမှာ ဆရာဝန်ကြီးတစ်ယောက် အိမ်တွင် ရှိရိုးရှိစဉ် ပစ္စည်းမျိုးဖြစ်သဖြင့် အမှုနှင့် တစ်စုံတစ်ရာ ဆက်သွယ်ခြင်း ရှိလိမ့်မည် မဟုတ်ဟု ယူဆကြ၏။

သို့ဖြစ်ရကား ထိုအမှုတွင် မြေပိုင်ရှင် မောင်သိန်းလွင်အပေါ်၌သာ သံသယကျတော့၏။ ပုလိပ်များသည် နံနက်ဝေလီဝေလင်းတွင် မောင်သိန်းလွင်အား ဖမ်းဆီးလိုက်ကြ၏။ မျက်မြင်သက်သေပင် မရှိသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သွယ်ဝိုက်လျက်ရှိသော သက်သေခံများမှာ မောင်သိန်းလွင် အပေါ်တွင် အတော်ပင် ခိုင်လုံလျက် ရှိလေသည်။ မောင်သိန်းလွင်သည် နမ မသိန်းတင်အား အလွန်ချစ်ခင်၏။ သို့နှင့် ဦးငွေမောင်းက နောက်သို့ ဆုတ်သွားသဖြင့် သူတို့၏ စေ့စပ်ကြောင်းလမ်းခြင်း ပျက်ပြားသွားသောအခါ "ဒီအကောင်က ဘာမို့လဲဗျာ။ ကျုပ်နမကို သူက ဟင်းရွက်ကန်စွန်းများအောက်မေ့နေသလား မပြောတတ်ဘူး။ ဒီဆရာဝန်ကောင်ကိုတော့ ကျုပ်မလုပ်ရရင် မနေသေးဘူး" ဟု မကြာခဏ ကြိမ်းဝါးဖူး၏။ ယခင်က ဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း အခင်းဖြစ်ပွားသော ညဉ့် ၁၁ နာရီအချိန်လောက်တွင် ဆရာ ဝန်ဦးငွေမောင်း အိမ်သို့တက်သည့် ကုန်းမြင့်လမ်းကလေးသို့ ဟန်တုတ်တစ်ချောင်းကိုင်၍ တက်သွားသည်ကို မစောမြက မြင်ရ၏။ ပုလိပ်များ၏ ယူဆချက်အရ မောင်သိန်းလွင်သည် ဆရာဝန်ကြီး ဦးငွေမောင်းအိမ်တွင်းသို့ ဝင်ရောက်ကာ ဦးငွေမောင်းအား ဆူပူကြိမ်းမောင်းလိမ့်မည်။ ထိုအသံကို ဒေါ်စိန်က ကြားခြင်း ဖြစ်ပေလိမ့်မည်။ ဒေါ်စိန်က အသံကြား၍ အောက်သို့ ဆင်းလာသောအခါ ဦးငွေမောင်းသည် ဤကိစ္စကို လူမသိစေဘဲ မောင်သိန်းလွင်နှင့် အေးချမ်းစွာ ကျေနပ်ပြီးစီးစေရန် အကြံနှင့် ဒေါ်စိန်အား အခန်းတွင်းသို့ ဝင်ခွင့်မပေးဘဲ ပြန်လွှတ်လိုက်ခြင်း ဖြစ်ရမည်။ ဤကဲ့သို့ ကျေရာကျေကြောင်း စကားပြောနေသည်မှာ အချိန် အတော်ကြာသွား၍ နောက်ဆုံး ၌ မောင်သိန်းလွင်သည် ဒေါသကို မချုပ်တည်းနိုင်ဘဲ စကားပြောရာမှ လက်ပါ၍ လာပြီးလျှင် ဦးငွေမောင်းအား သတ်လိုက်ခြင်း ဖြစ်ရမည်။

ဆရာဝန် ဦးငွေမောင်း၏ အလောင်းကို ခွဲစိတ်ကြည့်ရာ၌ အစိုးရဆေးဆရာဝန်၏ ဆေးစာအရ အောက်ပါအတိုင်း သိရှိရ၏။

**သေသူ၏ နှလုံးမှာ ရောဂါရှိကြောင်း တွေ့ရ၏။ အသက်ရှိနေစဉ်အခါက ထိုရောဂါ၏ နိမိတ်လက္ခဏာကား ထင်ရှားစွာမပေါ်လွင်ချေ။ သို့ဖြစ်၍ ကျန်းမာသော သူတစ်ယောက်အား သေစေနိုင်မည် မဟုတ်သော ဒဏ်ရာများပင် သေသူ့အား သေစေနိုင်လောက်၏** ဟု ရေးသားထားလေသည်။

ပုလိပ်တို့ အယူအဆနှင့် မသိန်းတင်၏ စားပွဲတင်ခဲတံကိုသည်း မောင်သိန်းလွင်ပင် မှန်ဘောင်မှ ထုတ်ယူသွားရမည်။ ဦးငွေမောင်း



www.burmeseclassic.com

www.burmeseclassic.com



အား သတ်ခဲ့ပြီးနောက် အပြန်တွင် ဆရာခေါ်ရန်လာသော မစောမြနှင့် ခြံဝအနီးတွင် တွေ့ရှိရာ မောင်သိန်းလွင်သည် မစောမြနှင့် မတွေ့ရန် စံပယ်ချုံများနောက်တွင် ပုန်းအောင်းနေခြင်း ဖြစ်ပေလိမ့်မည်။ ဤကား ပုလိပ်တို့ယူဆချက်ဖြစ်၍ ထိုအချက်များပေါ်တွင် အခြေခံပြုကာ မောင်သိန်းလွင်အား ဖမ်းဆီး၍ လူသတ်မှုဖြင့် ရုံးသို့တင်ပို့ တရားစွဲဆိုခြင်း ဖြစ်လေသည်။

အခြားတစ်ဖက်မှလည်း မောင်သိန်းလွင်အတွက် ခုခံရန် အချက်အလက်ကောင်း များစွာရှိ၏။ မောင်သိန်းလွင်သည် သူ့နှမ မသိန်းတင်ကဲ့သို့ စိတ်ထက်၏။ သို့သော် သဘောသက္ကာယ ကောင်းပြီးလျှင် မည်သူနှင့်မျှ ခိုက်ရန် မဖြစ်ဖူးရကား ဤကြောက်မက်ဖွယ် ကောင်းသော အမှုကြီးကို သွေးအေးအေးတွင် ပြုလုပ်လိမ့်မည် မဟုတ်ချေ။ သူ၏ ထွက်ချက်မှာ သူသည် ဆရာဝန်ဦးငွေမောင်နှင့် အရေးကြီးသော အတွင်းရေးကိစ္စတစ်ခုကို တိုင်ပင်ပြောဆိုရန် စကားပြောလိုသော ဆန္ဒရှိကြောင်း မကွယ်မဝှက်ထွက်ဆို၏။ သို့သော် သူ့နှမ မသိန်းတင်၏ အမည်ကိုကား အစမှ အဆုံးတိုင် ထုတ်ဖော်ခြင်း မပြုချေ။ သူ၏ အတွင်းရေးကိစ္စမှာ စိတ်မချမ်းသာဖွယ်သော ကိစ္စဖြစ်ကြောင်းကိုကား ဝန်ခံ၏။ သူသည် အိမ်ထဲတွင် ဆရာဝန်ဦးငွေမောင်း မရှိကြောင်း မစောမြထံမှ ကြားသိရသဖြင့် ဦးငွေမောင်း အပြန်ကို နံနက် ၃ နာရီအထိ စောင့်ဆိုင်းနေကြောင်း၊ သို့သော် ထိုအချိန်ထိ ဆရာဝန်ကြီးမှာ ပြန်မလာသောကြောင့် လက်လျှော့ကာ အိမ်သို့ပြန်ခဲ့ကြောင်း၊ ဦးငွေမောင်း သေဆုံးရသည့်အကြောင်းကိုမူ မိမိသည် ပုလိပ်အရာရှိများထက် ပို၍ မသိကြောင်းနှင့် ထွက်ဆိုလေသည်။

မောင်သိန်းလွင်မှာ ယခင်က ဦးငွေမောင်းနှင့်လွန်စွာ ခင်မင်ရင်းနှီးခဲ့သည်ကား မှန်၏။ သို့သော် နှမ မသိန်းတင်ကိစ္စနှင့် ပတ်သက်၍သာ လူချင်း မခေါ်မပြောဘဲ နေခဲ့ကြောင်း လူတိုင်းပင် အသိဖြစ်လေသည်။

တရားခံမောင်သိန်းလွင်ဘက်မှ ထောက်ခံသော အခြားအကြောင်းအရာများလည်း ရှိသေး၏။ ဆရာဝန် ဦးငွေမောင်းသည် ထိုညဥ့် ၁၁ နာရီခွဲအချိန်ထိ သူ၏စာကြည့်ခန်းတွင် အသက်ရှင်လျက်ရှိ၏။ ထိုအချိန်လောက်တွင် စာကြည့်ခန်းထဲမှ အသံတစ်သံကြားလိုက်ရကြောင်း ဒေါ်စိန်က သက်အကျ ထွက်ဆိုနိုင်၏။ ထိုအချိန်က ဦးငွေမောင်း၏ အခန်းထဲတွင် ဦးငွေမောင်းတစ်ယောက်တည်း ဟုတ်ချင်မှဟုတ်ပေမည်။ အဘယ်ကြောင့်ဆို



www.burmeseclassic.com

www.burmeseclassic.com



သော် အသံကြားရသဖြင့် ဒေါ်စိန်က တံခါးကိုလာ၍ခေါက်သောအခါ ဦး ငွေမောင်း၏ အသံမှာ ယခင်ကဲ့သို့ မဟုတ်ဘဲ ကွဲအက်သော အသံတစ်မျိုး ဖြင့် တုန်တုန်ယင်ယင်ရှိနေခြင်း၊ ဒေါ်စိန်အား တံခါးဖွင့်မပေးဘဲ အမြန်ပြန် သွားရန်ပြောလိုက်ခြင်းတို့မှာ အခန်းထဲတွင် အခြားတစ်စုံတစ်ယောက် ရှိနေ ကြောင်း ယူဆမည်ဆိုက ယူဆနိုင်၏။ သို့ဖြစ်ရကား ဦးငွေမောင်း သေဆုံး ရသည့်အချိန်မှာ ဒေါ်စိန်က အသံကြားသည့်အချိန်နှင့် မစောမြ ပထမဆုံး ရောက်လာသည့်အချိန် စပ်ကြားတွင် ဖြစ်ကောင်းဖြစ်နိုင်သည် ဟုထင်ရ ၏။ ဤသို့ဆိုသော် မောင်သိန်းလွင်မှာ အပြစ်မရှိနိုင်ချေ။ အကြောင်းမူကား ထိုအချိန်၏ နောက်မှသာ မစောမြသည် မောင်သိန်းလွင်အား ဝင်းတံခါး အနီး စံပယ်ရုံများနောက်တွင် တွေ့လိုက်ရခြင်း ဖြစ်လေသည်။

အထက်ပါ 'အခြေခံထားချက်' သည် အမှန်ဖြစ်ငြားအံ့၊ မစောမြ သည် မောင်သိန်းလွင်ကို မမြင်မီ ဆရာဝန် ဦးငွေမောင်းသည် စာကြည့်ခန်း ထဲ၌ တစ်ယောက်ယောက်နှင့်အတူ ရှိနေခဲ့သော် ထိုတစ်ယောက်ယောက် သည် မည်သူပေနည်း။ ထိုသူသည် ဦးငွေမောင်းအား သတ်သည်မှာ မည် သည့်ရည်ရွယ်ချက် ရှိလေသနည်း။ ဤအချက်ကို ပြနိုင်က မောင်သိန်းလွင် မှာ အပြစ်မရှိကြောင်း ထင်ရှား၏။ သို့သော် သူများ မြင်ရ၊ သိရ၊ ကြားရ သလောက်မှာ ဦးငွေမောင်း၏ အိမ်ဝင်းထဲတွင် မောင်သိန်းလွင်မှတစ်ပါး အခြားတစ်စုံတစ်ယောက် ရှိသည်ဟူ၍ မပြနိုင်ချေ။ မစောမြ လာရောက် ခေါ်စဉ်က ဦးငွေမောင်းမှာ သူ၏ အိပ်ခန်းသို့သော်လည်းကောင်း၊ သွား၍ နေပြီးလျှင် ပြန်လာသောအခါမှ မောင်သိန်းလွင်နှင့် တွေ့ခြင်းလည်း ဖြစ် နိုင်၏။ မောင်သိန်းလွင်ဘက်မှ ထောက်ခံပြောဆိုသည့် သူများကမူ မောင် သိန်းလွင်၏ လက်တွင် မသိန်းတင်၏ခါတ်ပုံ မတွေ့ရသည့်အချက်ကို 'အချက်ကောင်း' တစ်ခုလုပ်၍ ပြောဆို၏။ သို့ရာတွင် တရားခံသည် ဖမ်း ဆီးခြင်း မခံရမီ ခါတ်ပုံကို မီးရှို့၍သော်လည်းကောင်း၊ ဖျက်ဆီး၍သော် လည်းကောင်း ပစ်နိုင်၍ ဤအချက်မှာ လေးနက်သော အချက် မဟုတ်ချေ။

အမှန်ထင်ရှားသော သက်သေခံများမှာမူ ကော်ဇောပေါ်တွင် ရွှံ့ များ၊ သဲများ ကပ်နေသည့် ဘွတ်ဖိနပ် သို့မဟုတ် နောက်ပိတ်ဖိနပ်ဖြင့် နင်းထားသည့် အရာများ တွေ့ရခြင်းပင် ဖြစ်၏။ သို့သော် ကော်ဇောမှာ အလွန် နူးညံ့ပျော့ပျောင်းသဖြင့် ခြေရာများမှ တိကျပြတ်သားသော အခြေ



www.burmeseclassic.com

www.burmeseclassic.com



မထွက်နိုင်ချေ။ သို့သော် ၎င်းခြေရာများမှာ ဦးငွေမောင်းကို သတ်သူ ချ၍ သွားသော ခြေရာများ ဖြစ်ရမည်ဟူသော အချက်နှင့် ညီညွတ်သဖြင့် ထိုအချက်ကိုသာ ထောက်ခံလျက်ရှိ၏။ သတ်သောသူ၏ ဖိနပ်မှာ အမှန်ပင် ရွှံ့များ၊ သဲများဖြင့် ပေကျံလျက်ရှိရပေမည်။ ထိုနေ့က ညနေစောင်းတွင် မိုးခပ်သည်းသည်းရွာသဖြင့် အပြင်သို့ ထွက်က မည်သူ၏ ဖိနပ်မဆို ရွှံ့များ၊ သဲများ ပေကျံလျက်ရှိပေလိမ့်မည်။

အထက်ပါ အချက်များသည်ကား ဦးငွေမောင်းအား သတ်သွားသည့် လူသတ်မှုနှင့် ပတ်သက်၍ လူအများ မျက်စိနှင့်မြင်နိုင်သော အချက်များ၊ တွေးထင်ယုံကြည်ရသည့် အချက်များ၊ တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိသည့် အချက်များ၊ သာမန်လူတန်းစေ့ ပညာဉာဏ်ဖြင့် ကောက်နုတ်ယူငင်နိုင်သည့် အချက်များ ဖြစ်လေသည်။

ဦးငွေမောင်း၏ အသုဘကိစ္စကိုကား နီးစပ်သော မိတ်ဆွေသင်္ဂဟများ၊ မြူနီစပယ် ကော်မတီလူကြီးများ၊ သူ့ထံ ဆေးဝါးကုသဖူးသူများက ကမကထ ပြုလုပ်ဆောင်ရွက်ကြ၏။ လူချစ်လူခင်များသော သူတစ်ယောက် ဖြစ်သည့်အတိုင်းလည်း လွန်စွာ စည်ကားလေသည်။

*

မောင်သိန်းလွင်၏ အမှုကို စက်ရှင်ရုံးသို့ မတင်မီ အောက်ရုံးတွင် စုံစမ်းမှု ဖွင့်၍ စစ်ဆေးရာ တရားခံဘက်မှ တောင်ငူမြို့မှ နာမည်ကျော် အင်္ဂလိပ် ကပြားဝတ်လုံကြီးတစ်ဦးကို ငှားရမ်းလေသည်။

အမှုစ၍ ဖွင့်သောအခါ အစိုးရရှေ့နေက မောင်သိန်းလွင်သည် သူ၏နှမ အရှက်ကွဲသည့်အတွက် သေသူ့အပေါ်တွင် ရန်ငြိုးထားသည့်ကို ထင်ရှားစေရန် သေသူ့အား မောင်သိန်းလွင်က ကြိမ်းဝါးဖူးသည့်အကြောင်းများကို ထွက်ဆိုနိုင်သော သက်သေများကို ရှေးဦးစွာ စတင် စစ်ဆေးလေသည်။ မသိန်းတင်ကိုယ်တိုင်လည်း အစိုးရ သက်သေအဖြစ်ဖြင့် အစစ်ခံရလေရာ ထိုညက ဦးငွေမောင်း အိမ်သို့တရားခံ သွားကြောင်း ထွက်ဆိုလေ၏။ အခြားသက်သေ တစ်ယောက်က ဦးငွေမောင်းသည် ထိုအချိန်လောက်၌ စာကြည့်ခန်းတွင် အမြဲရှိတတ်သည်ကို တရားခံ သိရှိကြောင်း ထွက်ဆို၏။ မောင်သိန်းလွင် အိမ်တွင် အိပ်သော အစေခံတစ်ယောက်က ထိုနေ့ညက နံနက် ၃ နာရီလောက်တွင် သူ၏ ဆရာသည် အပြင်မှ ပြန်လာသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အိမ်တံခါး ဖွင့်ပေးရသည်ဟု ထွက်ဆိုလေရာ ထိုထွက်ဆိုချက်မှာ မစောမြသည် ၃ နာရီအချိန်လောက်၌ ဒုတိယအခေါက် လာရောက်စဉ် သေသူ၏ ခြံတံခါးဝ စံပယ်ချုံများအနီးတွင် တရားခံကို မြင်လိုက်ရသည်ဆိုသော ထွက်ချက်နှင့် ကိုက်ညီလျက် ရှိလေသည်။ ထိုအခါ ကော်ဇော်ပေါ်တွင် တွေ့ရသည့် ဖိနပ်ခြေရာများသည်လည်း ခြံတံခါးဝရှိ ရွှံ့နွံများကို မုချ နင်းလာရမည်ဖြစ်သော မောင်သိန်းလွင်၏ ခြေရာများ ဖြစ်ရမည်မှာ အလိုအလျောက် ထင်ရှားလျက် ရှိနေလေပြီ။ သို့ဖြစ်ရကား မောင်သိန်းလွင်၏ အမှုမှာ တိုက်ရိုက်မျက်မြင်သက်သေပင် မရှိစေကာမူ သွယ်ဝိုက်ရစ်ပတ်လျက် ရှိသော သက်သေခံချက်တို့မှာ တရားခံ အပေါ်တွင် မလှုပ်နိုင်အောင် ထင်ရှားလျက် ရှိနေလေပြီ။

တရားလိုပြ သက်သေများကို ၃ နာရီအချိန်တွင် စစ်ဆေးပြီးစီး၏။ ညနေ ၄ နာရီတွင် တရားခံပြသက်သေများကို စတင်စစ်ဆေးသော အခါ မသိန်းတင်ကို ပထမသက်သေအဖြစ် တင်ပြရကား အမှုနားထောင်သူများ၊ ရှေ့နေများပါ အတော်ပင် အံ့အားသင့်၍ သွား၏။ အမှုမှာ နာမည်ကြီး အမှုတစ်ခု ဖြစ်သဖြင့် မြို့ပေါ်မှ လူကြီးလူကောင်းများပါ လာရောက်နားထောင်ကြရာ ရုံးခန်းတစ်ခန်းလုံး ပြည့်ကျပ်နေသည့်ပြင် အပြင်၌ပင် ကြိတ်ကြိတ်တိုး စည်လျက်ရှိရကား ပုလိပ် ၄ ယောက်တို့မှာ ပရိသတ် ငြိမ်သက်အောင် အတော်ပင် ထိန်းရလေသည်။

မသိန်းတင်မှာ အမှုနှင့် တိုက်ရိုက်ပင် မသက်ဆိုင်သော်လည်း ၎င်းအတွက်နှင့် ပတ်သက်၍ ဖြစ်သည်ဟု ယူဆရသော အမှုဖြစ်ရကား တရားခံဘက်မှ ခေါင်းဆောင်သက်သေတစ်ယောက်အဖြစ် တင်ပြသည်ကိုပင် လူများသည် အံ့ဩလျက်ရှိကြကုန်၏။

အရပ်အမောင်း မြင့်လျက် တည်ကြည်သော မျက်နှာရှိသော မသိန်းတင်သည် မဟောင်းလွန်း၊ မသစ်လွန်းသော အဝတ်များကို ဝတ်ကာ သက်သေခံသည့် 'စစ်တန်း' အတွင်းသို့ ဝင်လာ၏။ မသိန်းတင်၏ ထွက်ချက်အတိုချုပ်မှာ ဆရာဝန် ဦးငွေမောင်းက စေ့စပ်ကြောင်းလမ်းမိခြင်းကို ရုပ်သိမ်းသွားသည်မှာ သူ၏မိသား, သားချင်းများနှင့်သာ သက်ဆိုင်သည့် အတွင်းရေးကိစ္စသာ ဖြစ်၍ မောင်သိန်းလွင်သည် ဦးငွေမောင်းအပေါ်တွင်



www.burmeseclassic.com

www.burmeseclassic.com



စိတ်နာကျည်းရန် အကြောင်းမရှိကြောင်း စသည်တို့ကို တိုက်ရိုက်ပင် မဟုတ်သော်လည်း သွယ်ဝိုက်ထွက်ဆိုလေသည်။ ထိုအခါ သူ့ဘက်က ရှေ့နေက တိုက်ရိုက်မေးခွန်းထုတ်ရာတွင် မသိန်းတင်က ဦးငွေမောင်း၏ အပြုအမူသည် ဂုဏ်ရှိစွာ ပြုလုပ်ခြင်းဖြစ်၍ မိမိသည် ဦးငွေမောင်းအပေါ်တွင် တစ်စုံတစ်ရာ စိတ်မနာကြောင်းနှင့် ထွက်ဆို၏။ မောင်သိန်းလွင်သည် အကျိုးအကြောင်းကို နိုက်နိုက်ချွတ်ချွတ် မသိသဖြင့် ဦးငွေမောင်းအပေါ်တွင် အထင်လွဲပြီးလျှင် မိမိတောင်းပန်သည်ကို နားမထောင်ဘဲ ဦးငွေမောင်းအား ရိုက်မောင်းပုတ်မောင်း လုပ်ရန် ကြိမ်းဝါးခဲ့ကြောင်း၊ ထိုအခင်းဖြစ်ပွားသော နေ့ညနေခင်းက "ငါ ဒီကိစ္စကို ရှင်းရမယ်" ဟု ပြောကြောင်း၊ မိမိက စိတ်ကို အေးဆေးစွာ ထား၍ စဉ်းစားရန်ပင် ပြောသေးကြောင်းနှင့် ထွက်ဆိုလေသည်။

ထိုအခြေအနေထိ မသိန်းတင်၏ ထွက်ချက်သည် တရားခံ၏ အမှုကို မပေါ့စေဘဲ ပို၍လေးစေသကဲ့သို့ ရှိတော့၏။ ဤနေရာတွင် တရားခံဘက်မှ ဝတ်လုံသည် တစ်မျိုးယူဆကာ ခုခံသည့် လမ်းကြောင်းကို မဖျော်လင့်သော ဘက်သို့ ရုတ်တရက် ပြောင်းလဲလိုက်လေသည်။

သို့နှင့် တရားခံဘက်မှ ဝတ်လုံက သက်သေအား –

ဝတ်လုံ။ ။"ဒါဖြင့် ခင်ဗျား အစ်ကိုဟာ ဒီအမှုကို ကျူးလွန်တယ်ဆိုတာ ခင်ဗျား ယုံသလား"

တရားသူကြီး။ ။"ဤမေးခွန်းကို ကျွန်ုပ် ခွင့်မပြုပါ ဝတ်လုံတော်ရမင်း။ အကြောင်းအရာပေါ်မှာသာ ဒီအမှုကို ဆုံးဖြတ်ရပါလိမ့်မယ်။ ယုံကြည်ချက်အပေါ်မှာ လိုက်ပြီး မဆုံးဖြတ်နိုင်ပါဘူး"

ဝတ်လုံ။ ။"ကောင်းပါပြီ ... ဒါဖြင့် မယ်မင်းရဲ့အစ်ကိုဟာ ဆရာဝန် ဦးငွေမောင်း သေဆုံးခြင်းအတွက် အပြစ်မရှိဘူးဆိုတာ မယ်မင်း သိတယ် မဟုတ်လား"

သက်သေ။ ။"ဟုတ်ကဲ့ ... သိပါတယ်"

ဝတ်လုံ။ ။"ဘယ်လို သိတာလဲ"

သက်သေ။ ။"ဘာဖြစ်လို့လဲဆိုတော့ ဆရာဝန် ဦးငွေမောင်း မသေလို့ ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တရားသူကြီးနှင့်တကွ ဝတ်လုံများ၊ နားထောင်သူ ပရိသတ်များပါ ဟယ်ခနဲ ဖြစ်ကာ အံ့အားသင့်၍သွားလေ၏။ အမှုကို ရုတ်တရက် ဆက်၍ မစစ်နိုင်တော့ဘဲ ခေတ္တမျှ ရပ်၍ ထားရ၏။

"ဆရာဝန် ဦးငွေမောင်း ဘယ်လိုကြောင့် မသေဘူးဆိုတာ ပြောပါဦး"

"သူသေတယ်ဆိုပြီးတဲ့နောက်မှ သူ့ဆီက စာတစ်စောင်ရပါတယ်"

"ဒီစာရှိသလား"

"ရှိပါတယ်။ ဒါပေမဲ့ မပြနိုင်ပါဘူး"

"စာအိတ်ကော"

"ရှိပါတယ်။ ဒီမှာပါပဲ"

"ဘယ်စာတိုက် တံဆိပ်လဲ"

"သီပေါက"

"ရက်စွဲကော"

"နယုန်လဆုတ် ၈ ရက်ပါ"

"ဒါဖြင့် သူ သေပြီးတဲ့နောက် ၄ ရက်ပေါ့။ လက်ရေးကိုကော သူ့လက်ရေးလို့ ကျမ်းရွက်ပြီး ပြောဝံ့ရဲ့လား"

"ပြောဝံ့ပါတယ် ရှင်။ သူ့လက်ရေးမှ သူ့လက်ရေးအစစ်ပါ"

ထိုအခါ တရားခံ၏ ဝတ်လုံက ထိုလက်ရေးမှာ ဆရာဝန် ဦးငွေမောင်း၏ လက်ရေးဖြစ်သည်ကို ထွက်ဆိုနိုင်သည့် အခြား သက်သေ ၆ ယောက် ပြမည့်အကြောင်းနှင့် ရုံးတော်သို့ လျှောက်ထားလေသည်။

တရားသူကြီး။ ။ "ဒါဖြင့် ကောင်းပြီ၊ ဝတ်လုံတော်ရမင်း၊ သက်သေတွေကို နက်ဖြန်ပဲ တင်ပြတာပေါ့"

ဤသို့ သက်သေများ တင်ပြရန် တရားသူကြီးက ခွင့်ပြုသောအခါ အစိုးရရှေ့နေကြီးက ထိုစာသည် သေသူ ဦးငွေမောင်း၏ လက်ရေးကို မည်မျှအထိ အတုခိုး ရေးထားကြောင်း၊ လက်ရေးဘက်တွင် အထူးကျွမ်းကျင်သော ပုဂ္ဂိုလ်များ၏ ထင်မြင်ချက်ကို ရုံးတော်က ရယူနိုင်ရန် ထိုစာကို မိမိက တောင်းဆိုကြောင်း၊ ယခုကဲ့သို့ မမျှော်လင့်သော ခုန်းသို့ လမ်းကြောင်းပြောင်း၍ သွားခြင်းမှာ တရားခံဘက်မှ လူများသည် အမှုကို



www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားစေရန် ပြုလုပ်ခြင်းမျှသာ ဖြစ်ကြောင်း၊ ယခု ထွက်ဆိုလျက် ရှိသော သက်သေသည် ပုလိပ်က အမှုစစ်ဆေးနေစဉ်လည်း ကောင်း၊ ရုံးတော်သို့ အမှုကို တင်ပို့ပြီးနောက် ရုံးတော်က အမှုစစ်နေစဉ် လည်းကောင်း၊ သူ ထွက်ဆိုသည့်အတိုင်း သူ၏လက်ထဲတွင် ထိုစာရှိနေ သည်မှာ ထင်ရှားကြောင်း ဤစာကိုပြလျှင် အမှုပြီး ပြတ်သွားမည်ကို သိ လျက်နှင့် မပြဘဲနေကြောင်းတို့ကို ရုံးတော်သို့ လျှောက်ထားလေသည်။

တရားခံဝတ်လုံ။ ။ "ဒီဟာကို မယ်မင်း ရှင်းလင်းပြီး မပြောနိုင် ဘူးလား"

တင် ။ ။ "ဆရာဝန် ဦးငွေမောင်းက သူ့အတွင်းရေးကို အထူး လျှို့ဝှက်ထားစေလိုပါတယ်"

ထိုအခါ အစိုးရရှေ့နေကြီးက ရုတ်တရက် ကြားဖြတ်၍ –

"ဒါဖြင့် ဒီအကြောင်းကို ရုံးရှေ့မှာ ဘာကြောင့် ဖွင့်ပြောသလဲ"

"ကျွန်မအစ်ကို အပြစ်က ချမ်းသာအောင် ပြောရခြင်း ဖြစ်ပါ တယ်"

ဤနေရာတွင် နားထောင်သော ပရိသတ်များ၏ တီးတိုး ပြောသံ များသည် ရုံးခန်းကို ဖုံးအုပ်၍သွားလေ၏။

ထို့နောက် တရားသူကြီးက တရားခံ၏ ဝတ်လုံအား –

"ဒီ ခုခံချက်ကို ရုံးတော်က အကယ်၍ လက်ခံမယ်ဆိုရင် ဦးငွေ မောင်းရဲ့ မိတ်ဆွေတွေ၊ သူ ကုသဖူးတဲ့ လူတွေအားလုံးက ဦးငွေမောင်းရဲ့ အလောင်း ဖြစ်တယ်ဆိုတာ သိနေကြတဲ့အတွက် အခု တွေ့ရတဲ့ အလောင်း ဟာ တစ်စုံတစ်ယောက်ဖြစ်ကြောင်း သက်သေပြဖို့ တာဝန်က တရားခံ အပေါ်မှာ ရှိနေပြီ ဝတ်လုံတော်ရမင်း"

ထိုအခါ သမာဓိ လူကြီးများက –

"အလောင်းဟာ ဦးငွေမောင်းရဲ့ အလောင်း မဟုတ်ဘူးဆိုတာ တစ်စုံတစ်ယောက်က ပြောနိုင်ပါသလား"

အစိုးရ ရှေ့နေ။ ။ "မပြောနိုင်ပါဘူး"

တရားခံရှေ့နေ။ ။ "ဒီပြဿနာကို ကျွန်ုပ်တို့ ရှင်းနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ရုံးချိန်ကုန်ပြီဖြစ်၍ ထိုနေ့ ရုံးဆင်းပြီးလျှင် နောက်တစ်နေ့ ဆက်လက် စစ်ဆေးရန် ချိန်းဆိုလေသည်။

*

မောင်သိန်းလွင်၏အမှုမှာ ခုခံရာ၌ တစ်မျိုးတစ်ဖုံ ပြောင်းလဲလာသည်ကို လူများသည် စိတ်ဝင်စားလျက် ရှိကြကုန်၏။ မသိန်းတင်က သူ့အစ်ကို ချမ်းသာစေရန် ထွက်ဆိုလိုက်သော ထွက်ဆိုချက်မှာ မည်မျှလောက်အထိ မှန်ကန်မည်ကို အရပ်ထဲတွင် ပြောဆိုလျက်ရှိကြ၏။ အလောင်းကို တွေ့ပါလျက်နှင့် ထိုသူ မသေဟု ထွက်ဆိုခြင်းမှာ မဖြစ်နိုင်လောက်သော ခုခံချက်မျှသာ ဖြစ်ချေ၏။ ထို့ပြင် စာရှိပါလျက်နှင့် ရုံးတော်သို့ မတင်ပြဘဲ ထားခြင်းမှာလည်း အပြစ်တစ်စုံတစ်ရာရှိ၍သာ မတင်ပြဘဲ ထားခြင်းဟု ယူဆရပေမည်။

သို့နှင့် နောက်တစ်နေ့၌ အမှုစစ်ရန် ခေါ်သောအခါ နားထောင်သူများ ယခင်နေ့ကထက် များလျက် ရုံးခန်းတံခါးများ ပတ်လည်တွင် တိုး၍ မပေါက်အောင် ကြိတ်ကြိတ်တိုးမျှ စည်ကားလေ၏။

အမှုဖွင့်သည်နှင့်တစ်ပြိုင်နက် မောင်သိန်းလွင်၏ ဝတ်လုံကြီးက ယမန်နေ့က စစ်ဆေးခဲ့သော သက်သေ မသိန်းတင်အား ပြန်၍ မစစ်တော့ပြီ ဖြစ်ကြောင်းနှင့် လျှောက်ထားလေသည်။

တရားသူကြီး။ ။ "ဒီလိုဆိုရင် ဒီပြဿနာဟာ မရှင်းမလင်းဘဲ တစ်ပိုင်းတစ်စကြီး ဖြစ်နေမှာပေါ့ ဝတ်လုံတော်ရမင်း"

ဝတ်လုံ။ ။ "နောက်ပြမယ့် သက်သေက ရှင်းလင်းနိုင်ပါမယ်"

တရားသူကြီး။ ။ "ဒါဖြင့် နောက်သက်သေ ခေါ်လေ"

ဝတ်လုံ။ ။ "နောက်သက်သေက အခြားသူ မဟုတ်ပါဘူး။ ဆရာဝန် ဦးငွေမောင်းပါပဲ"

ထိုအခါ တရားသူကြီးနှင့် အစိုးရရှေ့နေကြီးသည် ကြက်သေသေသကာ တရားခံ၏ ဝတ်လုံကို စိုက်ကြည့်လျက်ရှိလေ၏။ နားထောင်သော ပရိသတ်ကြီးထဲမှလည်း 'ဟာ'ခနဲ၊ 'ဟင်'ခနဲ သက်ပြင်းချလိုက်သံများကို ကြားရ၏။ ငြိမ်သက်၍သွားရန် အတော်ပင် အုပ်ချုပ်ရ၏။ ထို့နောက် ရှေ့ တော်စာရေးက ထုံးစံအတိုင်း "ဆရာဝန်ဦးငွေမောင်း ... ဆရာဝန် ဦးငွေမောင်း" ဟု ဟစ်အော်ခေါ်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ပရိသတ်အုပ်ကြီးထဲမှ သားမွေးစောင်ကြီးကို ခြုံထားသော လူတစ်ယောက်သည် ရှေ့သို့ တိုးထွက်လာပြီးနောက် သက်သေစစ်တန်းအတွင်းသို့ ဝင်ရောက်လာတော့၏။ တရားသူကြီးနှင့်တကွ အားလုံးကပင် ထိုသူအား တစ္ဆေသရဲကဲ့သို့ အံ့အားသင့်ကာ ကြည့်ရှုလျက်ရှိလေသည်။ ထိုသူသည် ခေါင်းမြီးခြုံကို ခွာ၍ချလိုက်ရာ 'ဦးငွေမောင်း' ဟု ပရိသတ်များက တစ်ပြိုင်နက် အော်လိုက်လေသည်။

ဦးငွေမောင်းသည် တရားသူကြီးရှိရာသို့ ဦးညွှတ်ကာ ရုံးတော်ကို အရိုအသေပြုပြီးနောက် ဤအမှုတွင် သက်သေခံ ခွင့်ပြုပါမည့်အကြောင်းနှင့် လျှောက်ထားရာ တရားသူကြီးက ဥပဒေအရ သူ၏ ထွက်ချက်များကို သူ့အပေါ်တွင် အသုံးပြုလိမ့်မည် ဖြစ်ကြောင်းနှင့် သတိပေးလေသည်။

ဦးငွေမောင်းက ကျမ်းသစ္စာ ကျိန်ဆိုပြီးနောက် အောက်ပါအတိုင်း ထွက်ဆိုလေသည်။

"အခင်းဖြစ်ပွားသော နယုန်လဆုတ် ၄ ရက်နေ့ညက ကျွန်တော်မျိုး ဖြစ်ပျက်သော အကြောင်းအရာများကို တစ်စုံတစ်ရာ ကွယ်ဝှက်ခြင်းမရှိဘဲ လျှောက်ထားပါမည်။ ကျွန်တော်မျိုး ချစ်ခင်သူများ ဤမျှလောက် ဒုက္ခရောက်ကြမည်ကို သိပါလျှင် ယခုထက်ပင် စော၍ ကျွန်တော်မျိုး လာရောက်မည် မလွဲပါ။ သို့သော် ဤကိစ္စများကို ကျွန်တော်မျိုး မကြားရသည်မှာ အကြောင်းရှိပါသည်။ ကျွန်တော်မျိုးကဲ့သို့ စိတ်မချမ်းသာသူတစ်ယောက် ကမ္ဘာပေါ်မှာ ပျောက်ကွယ်သွားရန်မှာ ကျွန်တော်မျိုး၏ ဆန္ဒပင် ဖြစ်ပါသည်။ သို့သော် ကျွန်တော်မျိုးနှင့် ပတ်သက်၍ အခြားသူများ ယခုကဲ့သို့ ဒုက္ခရောက်ကြမည်ကို ကျွန်တော်မျိုး မတွေးမိပါ။ ကျွန်တော်မျိုး ယခုအခါ ကောင်းစွာ နောင်တ ရပါပြီ။

"ကျွန်တော်မျိုးမှာ အမိမြန်မာ၊ အဖ ရှမ်းလူမျိုးအစစ်ဖြစ်၍ ကျွန်တော်မျိုး၏အကြောင်းကို ဇာတ်လှန်ရလျှင် ရှမ်းပြည်နယ်သီပေါမြို့က စ ရပါလိမ့်မည်။ ကျွန်တော်မျိုး၏ ကွယ်လွန်သူ ဖခင်ကြီးမှာ သီပေါစော်ဘွားကြီး လက်အောက်တွင် ရာထူး အဆင့်အတန်းကြီးမြင့်သော အရာရှိတစ်ဦး ဖြစ်ပါသည်။ ကျွန်တော်မျိုးမှာ အမြွှာပူးအစ်ကိုတစ်ယောက်ရှိ၍ ကျွန်တော်မျိုးတို့ ညီအစ်ကိုအား မောင်ချိုကြီး၊ မောင်ချိုလေးဟူ၍ ခေါ်တွင်ပါသည်။ ဖခင်ကြီး သေဆုံးပြီးနောက် ကျွန်တော်မျိုး၏ အစ်ကိုမှာ မျိုးရိုးအလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရာထူးကို ဆက်ခံရန် ဖြစ်သော်လည်း မောင်ချိုကြီးမှာ အလွန်ပေတေဆိုးသွမ်းသဖြင့် ရာထူးကို မရရှိခဲ့ပါ။ ထိုအခါမှ ကျွန်တော်မျိုးလည်း ထိုအစ်ကိုနှင့်အတူ နေရန် မဖြစ်တော့သဖြင့် မန္တလေးမြို့သို့ ရွှေ့ပြောင်းပြီးလျှင် မန္တလေးမြို့မှပင် မဒရပ်သို့သွားကာ L.M.P ဘွဲ့ကို ရရှိခဲ့ပါသည်။ ဤအကြောင်းခံ အရာများသည် ယခုအမှုနှင့် တစ်စုံတစ်ရာ မသက်ဆိုင်ဟု ယူဆစေကာမူ နောက်ဖြစ်ပျက်မည့် အခြင်းအရာများနှင့် ဆက်စပ်နေသဖြင့် လျှောက်ထားရခြင်း ဖြစ်ပါသည်"

တရားသူကြီးနှင့်တကွ ပရိသတ်သည် ပုံတစ်ပုံ ပြောသည်ကို နားထောင်ရသကဲ့သို့ စိတ်ဝင်စားစွာ နားထောင်လျက် ရှိလေသည်။

"ကျွန်တော်မျိုး၏ အစ်ကို မောင်ချိုကြီးမှာ ကျွန်တော်မျိုးနှင့် ခွဲမရအောင် ရုပ်ရည်သွင်ပြင် တူပါသည်။ ကိုယ်အင်္ဂါ အစိတ်အပိုင်း၌ပင် အသေးစိတ်အထိ တူညီလှသဖြင့် ကျွန်တော်မျိုးတို့ ဇာတိနေရပ်မှ လူများပင် မကြာခဏ မှားယွင်းကြပါသည်။ သေသူ၏အကြောင်းကို ထို့ထက်ပို၍ မကောင်းမပြောလိုတော့ပါ။ ကျွန်တော်မျိုး ရိုးသားစွာ နေသလောက် သူက ရှုပ်သဖြင့် ကျွန်တော်မျိုး၏ ဂုဏ်သတင်းမှာ များစွာ ထိခိုက်ပါတော့သည်။ သူလုပ်လာသမျှ မကောင်းမှုကို ကျွန်တော်မျိုး၏ ခေါင်းပေါ်သို့ ပုံ၍ချပါတော့သည်။ သို့ဖြင့် ကျွန်တော်မျိုးမှာ မလွှဲသာဘဲ ရှမ်းပြည်နယ်မှ ထွက်ခွာလာရခြင်း ဖြစ်ပါသည်။ မဒရပ်မှ ဆရာဝန်ဘွဲ့ရ၍ ပြန်လာသော်အခါ ရန်ကုန်တွင် ၆ လခန့်မျှ နားနေပြီးနောက် ဤမြို့တွင် အရောင်းအဝယ်ဖွံ့ဖြိုး၍ ငွေကြေးပေါများကြောင်း ကြားသိရသည်နှင့် လာရောက်ကာ ဆေးဆိုင်ဖွင့်လှစ်ခြင်း ဖြစ်ပါသည်။ နာမည်ကိုလည်း ဆရာဝန်ဘွဲ့ယူစဉ်ကပင် ခံထားသည့် 'ငွေမောင်' ဟူသော အမည်ကို ယူခဲ့ပါသည်။

"ပထမဦး ကျွန်တော်မျိုး၏ အလုပ်အကိုင် အကြံအစည်မှာ အတော်ပင် အပေါက်အလမ်းတည့်၍ နေခဲ့ရာ တစ်နေ့တွင် ဖြူးမြို့မှ ရှမ်းကုန်သည်တစ်ယောက်သည် သီပေါမြို့သို့ လက်ဖက်ခြောက်များ ဝယ်ရန် ဆက်သွားရာ ကျွန်တော်မျိုးနှင့် လူချင်းတူသည့်အကြောင်းကို စကားစပ်မိရာမှ ကျွန်တော်မျိုးအား ခြေရာခံမိသွားပါသည်။ ထိုအခါက သူ့မှာ ပစ္စည်းများ ကုန်၍ ဆင်းရဲနေပါသည်။ ကျွန်တော်မျိုးမှာ သူ့အား အမြဲကြောက်နေသည်ကို သိသည့်အတိုင်း သူသည် ကျွန်တော်မျိုးထံ လာ၍ ကျွန်တော်

www.burmeseclassic.com



မျိုးအား ယခင်ကကဲ့သို့ ညှဉ်းပမ်းရန် စိတ်ကူးဟန်တူပါသည်။ နောက် မကြာမီ ကျွန်တော်မျိုးသည် သူ့ထံမှ စာတစ်စောင်ရရှိရာ သူသည် မကြာမီ ကျွန်တော်မျိုးထံ လာရောက်မည့်အကြောင်း ပါရှိပါသည်။ ထိုအချိန်ကား ကျွန်တော်မျိုးဘဝတွင် အဆိုးရွားဆုံး ဖြစ်ပါတော့သည်။ ထိုကဲ့သို့ ဂုဏ်ပျက်ခြင်း၊ အထင်အမြင်သေးခြင်းမျိုးမှ ကာကွယ်ရမည့်သူများ ကျွန်တော်မျိုးမှာ ရှိနေပါသည်။ ဂုဏ်ပျက်ရန်၊ ဒုက္ခရောက်ရန်ရှိက သူတို့အား အရောက်မခံစေဘဲ ကျွန်တော်မျိုးတစ်ယောက်တည်းသာ ကျုံး၍ခံရန် ရည်ရွယ်ချက် ရှိပါသည်။ ဤကဲ့သို့ ပြုလုပ်ခြင်းကို ယခုအမှုတွင် တရားခံဖြစ်နေသူက အထင်မှားကာ ကျွန်တော်မျိုးအပေါ်တွင် တစ်မျိုးတစ်ဖုံ စိတ်ပြောင်းလဲသွားပါသည်။ ကျွန်တော်မျိုး၏အစ်ကို ရောက်လာလျှင် သူတို့ပါ ဂုဏ်ပျက်တော့မည့်အကြောင်းသိ၍ သူတို့မောင်နှမ နှစ်ယောက်၏ ဂုဏ်ကို ဆယ်ကာ ကာကွယ်လိုသည့် ရည်ရွယ်ချက်သာလျှင် ကျွန်တော်မျိုး၏ တစ်ခုတည်းသော ရည်ရွယ်ချက် ဖြစ်ပါသည်”

ဤနေရာသို့ရောက်လျှင် အချုပ်ခန်းထဲမှ တရားခံ မောင်သိန်းလွင်၏ ဟင်းခနဲ သက်ပြင်းချလိုက်သံကို ကြားရ၏။

ထိုညက ကျွန်တော်မျိုး၏ အစ်ကို မောင်ချိုကြီး ရောက်လာပါသည်။ ထိုအခါက ကျွန်တော်မျိုး အိမ်မှ အိမ်ထောင်သိမ်း မိန်းမကြီးနှင့် အစေခံမကလေး အိပ်ရာဝင်ပြီးနောက် ကျွန်တော်မျိုးသည် စာဖတ်ခန်းထဲတွင် စာဖတ်လျက် ရှိနေပါသည်။ သူသည် မှန်ပြတင်းပေါက်မှ အိမ်တွင်းသို့ ကြည့်ရှုလျက်ရှိရာ ကျွန်တော်မျိုးမှာ ကိုယ်တိုင်ပင် မှန်ထဲ၌ အရိပ်ထင်၍ နေလေသလောဟု အောက်မေ့မိပါသည်။ မောင်ချိုကြီး၏ မျက်လုံးတစ်ဖက်ပေါ်တွင် အစိမ်းရောင် ကျဲကော် ‘မျက်လုံးဖုံး’ ကလေးတစ်ခုကို တပ်ဆင်ထားပါသည်။ သို့သော် မျက်နှာ၊ ကိုယ်လုံးကိုယ်ပေါက်မှစ၍ ကျွန်တော်မျိုးနှင့် တစ်သဝေမတိမ်းအောင် တူညီပါသည်။ ကျွန်တော်မျိုးက တံခါးဖွင့်ပေး၍ အိမ်တွင်းသို့ ဝင်လာပြီးနောက် သူသည် ကျွန်တော်မျိုးနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ထိုင်၍ ပြီးလေရာ ကျွန်တော်မျိုးမှာ ‘ငယ်ကြောက်’ ဖြစ်သဖြင့် သူ၏ အပြုံးကိုပင် ဖိမ့်ဖိမ့်တုန်အောင် ကြောက်ရွံ့မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com


"သူသည် ခရီးပန်းလာဟန်ဖြင့် မောနေပြီးလျှင် ကောင်းစွာလည်း ကျန်းမာဟန် မရှိပါ။ သူ၏ ပြုံးသော မျက်နှာမှာ အစီပွာယ်ပါလှသဖြင့် ကျွန်တော်မျိုးအား ရှမ်းပြည်နယ်တွင် နေစဉ်က သူ နှိပ်စက်ခဲ့သည့် နေ့ရက်များကို ပြန်၍ အမှတ်ရစေပါသည်။ သူ၏မျက်နှာကို ကြည့်ရခြင်းဖြင့် သူ၏ ဝမ်းတွင်းမှ ရောဂါသည် အတော်ပင် ရင့်ကျက်နေပြီဖြစ်ကြောင်း သိရပါသည်။ သူ၏ ပြောပြချက်အရ တောင်ငူဘူတာတွင် ကုလီတစ်စုနှင့် ရန်ဖြစ်သဖြင့် ထိုးကြိတ်သတ်ပုတ်ကြရာ သူ၏မျက်လုံးကို ထိ၍သွားကြောင်း၊ လည်ပင်းနှင့် နဖူးများမှာလည်း အနည်းငယ် ပွန်းပဲ့သွားကြောင်း သိရပါသည်။ ထို့ကြောင့် 'မျက်လုံးကာ' ကလေးကို ဆေးဆိုင်တစ်ဆိုင်မှ ဝယ်၍ တပ်ဆင်လာခြင်း ဖြစ်ပါသည်။ သူ၏ဖိနပ်များမှာ ရွှံ့နွံများဖြင့် ပေကျံလျက် ရှိ၏။ သူသည် အလွန်ဆင်းရဲနေဟန်ရှိသဖြင့် ဤသို့ ဆင်းရဲခြင်းသည် ကျွန်တော်မျိုးအား ညှဉ်းရန် ပို၍ အားပေးနေပုံရပါသည်။ သူသည် ငယ်စဉ်က အပြစ်များကို ပြန်ပြောပြီးလျှင် ကျွန်တော်မျိုးအား မခံမရပ်နိုင်အောင် အမျိုးမျိုး ဆူပူကြိမ်းမောင်းပါတော့သည်။ သူသည် ပထမ အရက်ကို တောင်း၍ ကျွန်တော်မျိုးက လူမမာများအတွက် ထားသည့် ဝီစကီ အနည်းငယ်ကို ပေးရာ သူသည် ဝီစကီကို သောက်ပြီးနောက် ကျွန်တော်မျိုး၏ ပစ္စည်း၊ ကျွန်တော်မျိုး၏ စည်းစိမ်ကိုပါ တောင်းပါတော့သည်။

"ကျွန်တော်မျိုးမှာ သူကဲ့သို့စိတ်ထန်သူတစ်ယောက် ဖြစ်သော်လည်း နောင်ရေးကို မျှော်တွေးကာ စိတ်ကို အနိုင်နိုင်ချုပ်တည်းရပါတော့သည်။ သူသည် အခန်းတစ်ခုလုံးကို လျှောက်ချည်၊ ပြန်ချည်ပြုလုပ်ကာ ကျွန်တော်မျိုးအား အမျိုးမျိုး ရေရွတ်သည်ကို အကုန်အစင် ပြန်၍ မလျှောက်ထားနိုင်တော့ပါ။ ကျွန်တော်မျိုးက ဦးခေါင်းကို အေးအေးထားလေလေ၊ သူက ဒေါသကြီးလာလေလေ ဖြစ်ပါတော့သည်။ ကျွန်တော်မျိုးအား နောက်ဆုံး ဆဲရေးတိုင်းထွာပြီးလျှင် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကာ ကျွန်တော်မျိုးထံ ချဉ်းကပ်လာပါတော့သည်။ သို့ရှိစဉ် အကြောအခြင်များ ရုတ်တရက် တောင့်တင်းလာသည့်အလား သူ၏ မျက်နှာသည်လည်း အသက်ရှုကျပ်သော သူတစ်ယောက်အသွင်သို့ ပြောင်းလဲကာ ဆုပ်၍ထားသော လက်သီးနှစ်ဖက်သည် နံဘေးသို့ တဖြည်းဖြည်း ရောက်သွားပြီးနောက် တစ်ချက်မျှ အော်လိုက်ပြီးလျှင် ကြိုးကို ဖြုတ်ချ


www.burmeseclassic.com

www.burmeseclassic.com

လိုက်သော အရုပ်ကဲ့သို့ ကျွန်တော်မျိုး ခြေရင်းတွင် တစ်ခါတည်း ပုံလျက်သား လဲကျသွားပါတော့သည်။

"ကျွန်တော်မျိုးက သူ့အား ပွေ့ချီထူမ,ပြီးလျှင် ဆိုဖာတစ်လုံးပေါ်သို့ တင်လိုက်သောအခါ သူ၏လက်များမှာ အေးစက်လျက် ရှိနေပါပြီ။ ရောဂါကြောင့် အားနည်းလျက် ရှိသော သူ၏နှလုံးမှာ ခက်ထန်သော ဒေါသအရှိန်ကြောင့် ပြိုကွဲကာ တစ်ခါတည်း ရပ်သွားပြီးလျှင် သေဆုံးသွားခြင်း ဖြစ်ပါသည်။ သူ၏ ဒေါသပင် သူ့ကို သတ်လိုက်ခြင်း ဖြစ်ပါသည်။ အတန်ကြာမျှ ဆိုဖာပေါ်တွင် စန့်စန့်ကြီး ဖြစ်နေသော အစ်ကို၏အလောင်းကို ကြည့်ကာ ကျွန်တော်မျိုးမှာ အိပ်မက်, မက်နေသကဲ့သို့ ရှိနေပါသည်။ သို့ရှိစဉ် ဒေါ်စိန်က တံခါးကို လာ၍ခေါက်သောအခါမှ ကျွန်တော်မျိုးမှာ အိပ်ရာမှ လန့်နိုးသကဲ့သို့ ဖြစ်ပါတော့သည်။ ဒေါ်စိန်သည် သူ လဲကျမသွားမီ အော်လိုက်သော အသံကို ကြားသွားဟန် တူပါသည်။ သို့နှင့် ကျွန်တော်မျိုးက ဒေါ်စိန်ကို အော်ငေါက်လွှတ်လိုက်ပါသည်။ နောက်မကြာမီ လူမမာ တစ်ယောက် ဆေးခန်းတံခါးကို လာ၍ ခေါက်သံကြားရာ ကျွန်တော်မျိုးက တစ်စုံတစ်ရာ ပြန်မပြောသဖြင့် ကျွန်တော်မျိုးအကြံရလာပါသည်။

"ကျွန်တော်မျိုး၏ ဘဝလမ်းစဉ်သည် ထိုအခါ ပြောင်းလဲလျက် ရှိနေခဲ့ပါပြီ။ ကျွန်တော်မျိုးကို ချစ်ခင်သူများသည် ကျွန်တော်မျိုး အပေါ်တွင် အထင်လွဲကာ ကျွန်တော်မျိုးအား သနားရမည့်အစား ရက်စက်လျက် ရှိနေခဲ့ပါပြီ။ ဖြူးမြို့၌ နေထိုင်ခဲ့ရသည်ကိုပင် မုန်းတီး၍ လာခဲ့ပါပြီ။ သို့နှင့် ကျွန်တော်မျိုးသည် ဘဝဟောင်းကို လုံးဝ ဖျောက်ဖျက်လိုက်ပြီးလျှင် အလွန်ဝေးကွာသော အရပ်၌ ဘဝသစ်ဖြင့် နေရန် များစွာ မစဉ်းစားဘဲ စိတ်အလိုသို့ လိုက်ကာ အဆောတလျင် ဆုံးဖြတ်လိုက်မိပါတော့သည်။

"ဖုံပေါ်တွင် စန့်စန့်ကြီး ဖြစ်နေသော အစ်ကို၏ အလောင်းကြီးကား ခပ်ပွပွ၊ ခပ်ယောင်းယောင်း ဖြစ်ကာ ရုပ်လက္ခဏာ မဆိုစလောက်ကြမ်းတမ်းသည်မှတစ်ပါး ကျွန်တော်မျိုးနှင့် ချွတ်စွပ်တူနေပါသည်။ သူဝင်လာသည်ကို မည်သူမျှလည်း မမြင်၊ မည်သူကမျှလည်း သူ့အား လိုက်၍ရှာဖွေမည် မဟုတ်ပါ။ ကျွန်တော်မျိုးတို့ နှစ်ယောက်စလုံးပင် မုတ်ဆိတ်ကြင်စွယ်ရှိကြသူများ မဟုတ်သည့်ပြင် နှစ်ယောက်စလုံးလည်း ဆံပင်ကို


www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုတို ညှပ်ထားသူများ ဖြစ်ကြပါသည်။ အကယ်၍ အဝတ်အစားချင်း လဲလိုက်သော် ဖြူးမြို့မှ ဆရာဝန် ဦးငွေမောင်းသည် သူ၏ စာဖတ်ခန်းထဲတွင် သေဆုံးနေသည်ကို လူအများ တွေ့ရပါတော့မည်။ ထိုအချိန်တွင် ငွေသေတ္တာထဲ၌လည်း ငွေ အမြောက်အမြား အသင့်ရှိနေခြင်းသည် အခြားတစ်နေရာတွင် ကျွန်တော်မျိုး၏ ဘဝကို အသစ်ထူထောင်ရန် ဖန်တီးပေးသကဲ့သို့ ရှိနေပါသည်။ သူ့အဝတ်များကို လဲကာ အမှတ်မထင် ဘူတာရုံသို့ လျှောက်သွားလျှင် မည်သူမျှ ကျွန်တော်မျိုးအား ရုတ်တရက် မှတ်မိမည် မဟုတ်ပါ။ မကြာမီ ကျွန်တော်မျိုးသည် ချစ်ခင်သူများ၏ အမှတ်သညာ အတွင်းမှ ပျောက်ကွယ်သွားပါတော့မည်။

"သို့နှင့် ကျွန်တော်မျိုးသည် ကြံရွယ်ထားသည့်အတိုင်း ပြုလုပ်ပါတော့သည်။ နောက်ထပ် အသေးစိတ်အဖြစ်အပျက်များကို ကျွန်တော်မျိုး မလျှောက်ထားပါရစေနှင့်တော့၊ ၎င်းတို့ကို သတိရမိတိုင်း ကျွန်တော်မျိုးမှာ အသည်းနာလှပါတော့သည်။ သို့နှင့် သူ၏အဝတ်ကို လဲ၍ ဝတ်ကာ ကျွန်တော်မျိုးသည် ဆေးခန်းတံခါးမှ ထွက်၍ ဘူတာရုံသို့ ရပ်ဖျက်လျှောက်သွားပါတော့သည်။ ငွေထည့်သော အိတ်နှင့် ကျွန်တော်မျိုး ချစ်သူ၏ ဓာတ်ပုံမှတစ်ပါး အခြားမည်သည့် ပစ္စည်းကိုမျှ ကျွန်တော်မျိုး မယူခဲ့ပါ။ သူ၏ ပစ္စည်းများကိုမှ အားလုံး ယူခဲ့ရာ 'မျက်စိဖုံး' ကလေးတစ်ခုသာ အရင်စလိုနှင့် မေ့၍ ကျန်ရစ်ခဲ့ပါသည်။

"ကျွန်တော်မျိုး လျှောက်ထားသည်ကို ယုံကြည်တော်မူပါ။ ကျွန်တော်မျိုးအား လူသတ်၍ သေကြောင်း လူအများ ယူဆလိမ့်မည်ဟု မည်သည့်အခါကမျှ မထင်ခဲ့ပါ။ ဤသို့ဖြင့် ကျွန်တော်မျိုး ချစ်ခင်သူများလည်း ဒုက္ခရောက်လိမ့်မည်ဟု မထင်ခဲ့ပါ။ ကျွန်တော်မျိုးမရှိက သူတို့ လွတ်လပ်အေးချမ်းစွာ ရှိလိမ့်မည်ဟူ၍သာ ယုံကြည်ခဲ့ပါသည်။ သီပေါသို့ ခရီးသွားစဉ်အတွင်း ကျွန်တော်မျိုး၏ ဘဝ ခရီးစဉ်ကို ပြန်ပြောင်းကြည့်လိုက်သောအခါ အနည်းဆုံး ကျွန်တော်မျိုး၏ ချစ်သူသည် ကျွန်တော်မျိုး၏ အဖြစ်အပျက်အမှန်ကို မသိက ပူဆွေးဒုက္ခဖြစ်တော့မည်ကို ကျွန်တော်မျိုး တွေး၍ စိတ်မကောင်း ဖြစ်မိသဖြင့် သူ့ထံ စာတစ်စောင် ကျွန်တော်မျိုး ရေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com


"သတင်းစာတွင် ကျွန်တော်မျိုးအား သတ်မှုနှင့် ပတ်သက်၍ တရားခံအား ချုပ်နှောင်ထားသည်ကို ကြားသိရသောအခါ ကျွန်တော်မျိုးလည်း အပြစ်မဲ့သူတစ်ယောက်၏ အသက်ကို ကယ်ဆယ်ရန် သိပေါမှ ချက်ချင်း ထွက်လာပြီးလျှင် သူငှားရမ်းသော ဝတ်လုံမင်းထံသို့ သွားရောက်ကာ အကျိုးအကြောင်း ဖွင့်၍ ပြောရပါတော့သည်"

တရားသူကြီးသည် အမှုကို 'မှားယွင်းမှု' အဖြစ်ဖြင့် ပိတ်လိုက်ပြီးလျှင် မောင်သိန်းလွင်အား လွှတ်လိုက်လေသည်။

မြို့ပေါ်က လူများလည်း ဆရာဝန် ဦးငွေမောင်းအား သေရာမှ ပြန်၍ရှင်လာသူတစ်ယောက်အနေနှင့် သောင်းသောင်းဖျဖျ ဝိုင်း၍ နှုတ်ဆက် ကြိုဆိုကြလေ၏။

မိုးသားများ ကင်းစင်သွားပြီးနောက် ကြည်လင်သာယာသော ကောင်းကင်သာ ကျန်ရစ်တော့သည့်ပမာ မြို့ပေါ်မှ လူကြီးလူကောင်းများ၏ စေ့စပ်ချက်အရ နောက်တစ်လမျှအကြာတွင် ဆရာဝန် ဦးငွေမောင်းနှင့် မသိန်းတင်တို့သည် လက်ထပ်ထိမ်းမြားလိုက်ကြလေသတည်း။

■

BURMESE CLASSIC
www.burmeseclassic.com